The Lightning သတင်းစဉ်

(၁၅–၁–၉၉)ရက်နေ့တွင် စတင်တည်ထောင်သည် ၁၃၆၂ ခုနှစ်၊ ပြာသိုလ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ အမှတ်(၁၇)

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးတိုင်းခရီးစဉ် ပျက်ပြားသွားစေရန် နအဖစစ်အုပ်စုက အကြမ်းဖက်နည်းကျင့်သုံးပြီး ဖမ်းဆီးခဲ့ကြောင်းသိရ

ပြီးခဲ့သည့် စက်တင်ဘာ (၂၁) ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးကိစ္စများ ဆောင်ရွက်ရန် မန္တလေးမြို့သို့ သွားရောက်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့တို့အား နအဖစစ်အုပ်စု၏ စစ်ထောက်လှမ်းရေးနှင့် လုံထိန်းတပ်ဖွဲ့ဝင်တို့က ယင်းနေ့ညဘက်မှာပင် ရန်ကုန်ဘူတာကြီး၌ ဟန့်တားနှောင့်ယှက် ဖမ်းဆီးခဲ့ သည်။

ထိုသို့ မန္တလေးခရီးစဉ် ပျက်ပြားစေရန် ဟန့်တားနှောင့်ယှက် ဖမ်းဆီးခဲ့ရာတွင်တရားဥပဒေမဲ့သော နည်းလမ်းများနှင့် အကြမ်းဖက်မှုများ ကျင့်သုံးခဲ့ကြောင်း၊ခိုင်လုံသော သတင်းရပ်ကွက်မှ စုံစမ်းသိရှိရပါသည်။

စုံစမ်းသိရှိရသော အချက်များအရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသည် ဦးတင်ဦး၊ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ မန္တလေးခရီးစဉ်အား လိုက်ပါပို့ဆောင်ရန် ရန်ကုန်ဘူတာကြီးသို့ နေ့လည် (၁)နာရီခန့်ကတည်းက တဖွဲဖွဲ့ရောက်ရှိလာကြသည်ဟု ဆိုသည်။

အဆိုပါ မန္တလေးခရီးစဉ်အား သိရှိထားသည့် နအဖ စစ်ထောက်လှမ်းရေးတို့က ကိုတင်လက်မှတ်များ အားလုံးရောင်းချထားနှင့်ပြီး၊ ခရီးသည်မှအပ မည်သူမျှ ရန်ကုန်ဘူတာကြီးအတွင်းသို့ မဝင်ရန်၊ စကြ်န်အမှတ်(၁)တွင် လုံးဝနေခွင့်မရှိဘဲ၊စကြ်န်အမှတ်(၃)နှင့်(၄)တွင်သာ ရထားကို စောင့်ကြရမည်ဟု ကြေညာနေကြောင်း၊လိုက်လံပို့ဆောင်ကြမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တချို့က စကြ်န်လက်မှတ် ဝယ်ယူပြီး၊ဘူတာကြီးထဲတွင် ဝင်ရောက်နေရာယူထားကြသလို၊အချို့က ဘူတာကြီးအပြင်ဘက် နေရာပေါင်းစုံတွင် စောင့်ဆိုင်းနေကြကြောင်း သိရသည်။

ထိုအချိန်မှာပင် ယောက်လမ်းသာခြားသော သမတ ဟိုတယ်ဘေးရှိ Equtorial ဟိုတယ်ရှေ့သို့ စုစုပေါင်း (၂၅)စီးခန့်ရှိသော ကားများ ထိုးဆိုက်လာရာ နအဖစစ်အုပ်စုအတွင်းရေးမှူး (၁)ဒု–ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ကားလည်းပါသည်ဟု မျက်မြင်သက်သေတို့က ပြောဆိုသည်။ ရန်ကုန်ဘူတာကြီး ပတ်ဝန်းကျင်တွင်လည်း လုံခြုံရေးရဲ ထရပ်ကားများ ရပ်ထားပြီး၊မီးသတ်၊ ကြက်ခြေနီအပါအဝင် ကြံ့ဖွံ့အဖွဲ့ဝင်များကို နေရာချထားသည်ဟု ဆိုသည်။

နေ့လည်(၁)နာရီခွဲ သာသာခန့်တွင် အောင်ဆန်းအားကစားကွင်းထဲမှ စစ်ကားနှစ်စီး မောင်းထွက်လာပြီး

— — — — — —

○ စာမျက်နှာ(၅)ကော်လံ(၁)သို့

ပြီးခဲ့သည့် စက်တင်ဘာလ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ဒလမြို့၌ တားဆီးပိတ်ပင်ခံနေရစဉ်အတွင်း

နအဖ စစ်ထောက်လှမ်းရေးတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံးကို အဓမ္မဝင်ရောက်ကာ

တရားဝင်နိုင်ငံရေးပါတီတခု၏ ဒီမိုကရေစီရေးကြိုးပမ်းမှု မှတ်တမ်းနှင့်စာရွက်စာတမ်းများ သိမ်းဆည်းထားသော ရုံးသေတ္တာနှင့် ဘီရိုများအား ရိုက်ချိုးဖျက်ဆီးပြီး မွှေနှောက်ရှာဖွေထားသည်ကို တွေ့မြင်ရပုံ

ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပန်ကြားလွှာ

၁။ ကျွန်ုပ်တို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ဖက်ဆစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်၌ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သူများ ဖြစ်သည်နှင့်အညီ တိုင်းပြည်၌ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်အပေါ် ဆင်ခြင်သုံးသပ်လျက်ဖြစ်သင့်ဖြစ်ထိုက်၊ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သော အရေးကိစ္စများကို စဉ်ဆက်မပြတ် တိုက်တွန်းအကြံပြုပန်ကြားလွှာများရေးသား၍ မေတ္တာရပ်ခံခဲ့ပါသည်။

၂။ ကျွန်ုပ်တို့၏တိုင်းပြည်ကို ဗြိတိသျှ–ကိုလိုနီနယ်ချဲ့အုပ်ချုပ်မှု အောက်မှ လွတ်မြောက်စေလျက် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ထည်ဝါစွာရပ်တည်နိုင်စေရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဖဆပလအဖွဲ့ချုပ်ကြီးသည် တိုင်းရင်းသားညီအစ်ကိုသွေးချင်းသားချင်းများ အပါအဝင် တစ်တိုင်းတစ်ပြည်လုံးရှိပြည်သူလူထုကြီးကို စည်းရုံးရှေ့ဆောင်နိုင်ခဲ့မှုကြောင့် တိုင်းပြည်လွတ်လပ်ရေး ရရှိခဲ့ခြင်းဖြစ်ပါသည်။

၃။ အများသိရှိကြပြီးဖြစ်သည့်အတိုင်း တိုင်းပြည်လွတ်လပ်ရေးရရှိပြီး မရှေးမနှောင်းမှာပင် နိုင်ငံရေး၊ဝါဒရေးအရလည်းကောင်း၊လူမျိုးရေးအရ လည်းကောင်း၊သဘောထားကွဲလွဲမှုများကို လက်နက်ကိုင်တိုက်ခိုက်သည့် နည်းဖြင့်ဖြေရှင်းခဲ့ကြရာမှ ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ရာဒဏ်ချက်များ မပျောက်သေးမီ ပြည်တွင်းစစ်ဒဏ် ပြည်သူအများ အလူးအလဲခံစားခဲ့ကြရပါသည်။ပြည်တွင်းစစ်ဒဏ် အကျိုးဆက်အဖြစ် အမျိုးသားသွေးစည်းညီညွတ်ရေးပြိုကွဲခြင်း၊ ငြိမ်းချမ်းရေးပျက်ပြားခြင်း၊ဒီမိုကရေစီဆိတ်သုဉ်းခြင်း၊တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုနှေးကွေး ဆုတ်ယုတ်ခြင်းများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ရပေသည်။

၄။ လွတ်လပ်သောတိုင်းပြည်တစ်ပြည် တည်တံ့ခိုင်မာစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်၍ကြွယ်ဝချမ်းသာစေရန်မှာ အမျိုးသားသွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ဒီမိုကရေစီရေးတို့ မတည်ဆောက်နိုင်သမျှ မဖြစ်ထွန်းနိုင်ကြောင်း ခါးသီးစွာ တွေ့ကြုံခံစားကြရပြီး ဖြစ်ပါသည်။

၅။ ယနေ့တိုင်းပြည်၏အခြေအနေကို ဆင်ခြင်ကြည့်ပါလျှင် ပြီးပြည့်စုံသည့် ငြိမ်းချမ်းရေးလည်းမရရှိသေးပေ။အထူးသဖြင့် တစ်ချို့သောတိုင်းရင်းသား သွေးချင်းသားချင်းများ၏ဒေသများ၌ ငြိမ်းချမ်းရေးဆိုသည်မှာ အိပ်မက်၍ပင် မရသေးပေ။ဒီမိုကရေစီအခွင့်အရေးများလည်းဆိတ်သုဉ်းကာ အမျိုးသားသွေးစည်းညီညွတ်ရေးကိုလည်း မတည်ဆောက်နိုင် ဖြစ်နေလျက်ရှိပေသည်။နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းအခက်အခဲများလည်း ဖြစ်ပွားပေါ်ပေါက်နေဆဲပင်ဖြစ်လေသည်။

၆။ဤကဲ့သို့သော အခြေအနေဆိုးများကိုကျော်လွှားလွန်မြောက်ရန်မှာ တိုင်းရင်းသားသွေးချင်းသားချင်းများအပါအဝင် အမျိုးသားသွေးစည်းညီညွတ်ရေး တည်ဆောက်နိုင်မှသာ ဖြစ်ပါမည်။တိုင်းရင်းသား သွေးချင်းသားချင်းများအကြား၊ နိုင်ငံရေးအင်အားစုများအကြားနှင့် ပြည်သူများအကြား ဂိုဏ်းဂဏများ၊အာဃာတများ၊မယုံသင်္ကာမှုများကိုပယ်ဖျောက်ကြလျက် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာကြသည့် နည်းလမ်းသည်သာ အကောင်းဆုံး၊အမှန်မြတ်ဆုံးနှင့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်းဖြင့် ကျွန်ုပ်တို့က အကြိမ်ကြိမ်အဖန်ဖန် တိုက်တွန်းပန်ကြားခဲ့ခြင်း ဖြစ်သည်။

၇။ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့် နည်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဘက်နှင့်တစ်ဘက် ထိပ်တိုက်ရင်ဆိုင်ပုတ်ခတ် တိုက်ခိုက်သည့်နည်း၊ ဖိနှိပ်ချုပ်ချယ်သည့်နည်းများဖြင့် ဖြေရှင်း၍မရနိုင်ကြောင်း ကျွန်ုပ်တို့တိုင်းပြည်၏ သမိုင်းအဖြစ်အပျက်များက သက်သေခံနေပြီး ဖြစ်ပါသည်။ မိမိတို့အတွက်လည်း အကျိုးမရှိ၊တိုင်းပြည်နှင့် ပြည်သူလူထုလည်းအကျိုးမရှိဘဲ တွေ့ဆုံဆွေးနွေး အဖြေ

☐စာမျက်နှာ(၅)ကော်လံ(၁)သို့

လူထုဦးဆောင် သတ္တရာဇ်(၂၀၀၀)

- ☆ နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန်
- ☆ မြန်မာနိုင်ငံတွင် ပြည်သူ့လွှတ်တော် မပေါ်ပေါက်သေးသရွေ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထားရှိရန်
- ☆ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲရန်

ခရီးဝေးလံခြင်းသည် အကြောင်းမဟုတ်ပါ။ ပထမခြေလှမ်းသည်သာလျှင် ခက်သည်။ မားကွစ် စ်–ဒီ–ဒက်ဖဲန်

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

အယ်ဒီတာ့အာဘော်

လက်နက်ကိုင်တော်လှန်ရေးအတွက် ပြင်ဆင်ကြ

၁၉၉၁ ခုနှစ်ဆိုဗီယက်ယူနီယံပြိုကွဲပျက်သုန်းပြီးနောက် စစ်အေးခေတ်ပြီးဆုံးသွားပြီး စစ်အေးလွန်ခေတ် စတင်ခဲ့သည်ဟု သမိုင်းပညာရှင်တို့က ဝိဂြိုလ်ပြုကြသည်။စစ်အေးလွန်ခေတ်တွင် ပဋိပက္ခများကိုဖြေရှင်းရာ၌အကြမ်းမဖက်သောနည်း၊တွေ့ဆုံဆွေးနွေး အဖြေရှာနည်းတို့သည်သာ ပိုမိုလွှမ်းမိုးခေတ်စားလာခဲ့ပြီး လူ့အဖွဲ့အစည်းများ၏ ပဋိပက္ခများကို လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ဖြင့် ရွေးချယ်ဖြေရှင်းသောနည်းလမ်းသည် ဟောင်းနွမ်း ဆွေးမြေ့၍ ခေတ်မမီတော့သည့်နည်းလမ်းသဖွယ် သဘောထားကြသော သီအိုရီများ ထူထောင်လာကြသည်ကို တွေ့မြင်နေရသည်။သို့သော် ....မျက်မှောက်ကာလ မြန်မာလူ့အဖွဲ့အစည်း၏ပဋိပက္ခသည် လက်တဆုပ်စာ စစ်အာဏာရှင်တို့ကတဖက်၊ ပြည်သူလူထုကတဖက်ဖြစ်ပွားနေသော ပဋိပက္ခဖြစ်သည်။

ဒီမိုကရေစီအင်အားစုများ၊မျိုးချစ်ပြည်ချစ်အင်အားစုများ၊ရဟန်းသံဃာတော်များနှင့် လူမျိုးစုံပြည်သူလူထုများအပါအဝင် အဖိနှိပ်ခံပြည်သူတရပ်လုံးက မြန်မာပြည်ပြဿနာအရပ်ရပ်ကို တွေ့ဆုံဆွေးနွေးအဖြေရှာပါရန် အစဉ်တစိုက် တောင်းဆိုခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း တွေ့ဆုံဆွေးနွေး၍ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် တိုက်တွန်းတောင်းဆိုခဲ့သည်။၁၉၉၀ပြည့် ရွေးကောက်ပွဲတွင် အစိုးရဖွဲ့နိုင်သည့်မဲဆန္ဒအများစုဖြင့် အနိုင်ရထားသော ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ပါတီစတင်ဖွဲ့စည်းစဉ်ကတည်းကပင် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို ပါတီ၏ အခြေခံမူဝါဒအဖြစ်စိုက်ထူ၍ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် မဆုတ်မနစ်ကြိုးပမ်းခဲ့ပြီး မည်သည့်ကြိုတင်စည်းကမ်းချက်မျှမထားရှိဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာရေးအတွက် တံခါးဖွင့်ထားခဲ့သည်။

သို့သော် စစ်အာဏာရှင်တို့ကား တွေ့ဆုံဆွေးနွေးမှုကို အစဉ်တစိုက်ငြင်းပယ်ကာ ဒီမိုကရေစီလှုပ်ရှားမှုအား ဖျက်သိမ်းပစ်ရန် အကြမ်းဖက်နည်းမျိုးစုံကို အသုံးပြုလျက်ရှိသည်။တရားဥပဒေစိုးမိုးရေးကို မျက်ကွယ်ပြု၍ ဖိနှိပ်ရေးယန္တရားကို အရှိန်အဟုန်မြှင့်တင်နေဆဲပင်ဖြစ်ပါသည်။“သက်ရောက်မှုတိုင်း၌ ၎င်းနှင့်ညီမျှသော တန်ပြန်သက်ရောက်မှုရှိမြဲ”ဟူသော နယူတန်၏နိယာမအရ....နအဖ စစ်အုပ်စု ဖိနှိပ်မှုကြီးမားလေလေ ပြည်သူလူထု၏အုံကြွတော်လှန်မှုကား ပိုမိုအားကောင်းလေလေဖြစ်သည်။အဆင့်တခု ဆုံမှတ်တခု၌ ပြည်သူလူထု၏အုံကြွတော်လှန်မှုသည် မကုန်မခမ်းနိုင်သောအင်အားစုအဖြစ် ဖြစ်ပေါ်တိုးပွားကာ စစ်အာဏာရှင်စနစ်ကို နင်းချေဖျက်သိမ်းမည်ဖြစ်သည်။၎င်းကာလ၌ ပြည်သူလူထု၏လှုပ်ရှားမှုသည် သဏ္ဍာန်မျိုးစုံဖြင့် ဖြစ်ပေါ်တိုးပွားလာနိုင်သည်။ အကြမ်းမဖက်သောနည်းလမ်းအပြင် အကြမ်းဖက်ဖြေရှင်း၍ ဖိနှိပ်ရေးယန္တရားအား အကုန်အစဉ်ဖျက်သိမ်းမည့် နည်းလမ်းကိုလည်း ပြည်သူတွေရွေးချယ်မည့် အလားအလာများ ပြည့်စုံလျက် ရှိသည်။

သို့ပါ၍ စစ်အေးလွန်ခေတ် အကြမ်းမဖက်ရေးသဘောတရားသည် ကမ္ဘာလုံးဆိုင်ရာရေးစီးကြောင်းအဖြစ် မှန်ကောင်းမှန်နိုင်မည် ဖြစ်သော်လည်း ကမ္ဘာ့ရေစီးကြောင်းအတွင်းသို့ မဝင်ရောက်နိုင်သေးဘဲ မြစ်လက်တက်အတွင်းသာ တဝဲလည်လည်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံရေးဝဲဩဃသည် ကမ္ဘာလုံးဆိုင်ရာဖြစ်ပေါ်တိုးပွားမှု၏ ယာယီအချင်းအရာအဖြစ် သီးသန့်ထူးခြားချက်အဖြစ်တည်ရှိနေသည်။တနည်းအားဖြင့်ဆိုသော် လက်နက်ကိုင်တော်လှန်ရေးသည် မြန်မာပြည်သူများအတွက် ကမ္ဘာလုံးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုမှ သီးခြားကင်းလွတ်သော သီးသန့် လက္ခဏာဆောင်ချက်လည်းဖြစ်သည်။ရွေးချယ်ထားရမည့် လမ်းတချက်လည်းဖြစ်သည်။

“လူသားတို့အား ဖိနှိပ်မှုအနိုင်ကျင့်မှုများအား လက်နက်ကိုင်တော်လှန်ရေးမှတပါး၊ရွေးချယ်ရန်မရှိတော့သည့် အခြေနေဆိုးတရပ်ဆီသို့ မဆိုက်ရောက်စေရေးအတွက် လူ့အခွင့်အရေးများကို တရားဥပဒေဖြင့် အကာအကွယ်ပေးရန် လိုအပ်ခြင်းကြောင့်လည်းကောင်း”ဟူ၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း နိဒါန်းပိုင်းတွင် ဖော်ပြထားသည့်အတိုင်း မြန်မာပြည်သူများအပါအဝင် လူသားတိုင်းသည် လူ့အခွင့်အရေးများကို ခံစားရယူရာ၌ တရားဥပဒေအကာအကွယ်ကင်းမဲ့သော အခြေအနေတရပ်အောက်၌ ဖိနှိပ်သူအစိုးရများကို လက်နက်ကိုင်၍တိုက်ပွဲဝင်ခြင်းသည် လူသားတိုင်းအတွက် မွေးရာပါတာဝန်ဝတ္တရားဖြစ်သည်ဟု အလေးအနက် ဖော်ပြရင်း လက်နက်ကိုင်တော်လှန်ရေးအတွက် ပြင်ဆင်ကြဖို့ တိုက်တွန်းနှိုးဆော်ရပေသည်။ ❖

အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီမှ ထုတ်ပြန်ကြေညာသော ပညာရေးလှုပ်ရှားမှုအစီအစဉ် (၂၀၀၁–၂၀၀၃) သဘောတူညီချက်များ

အမျိုးသားကျန်းမာနှင့်ပညာရေးကော်မတီ၊ ကျောင်းများဖွင့်လှစ်ရေးကော်မတီတို့ ဦးဆောင်ကျင်းပခဲ့သောပညာရေးဆွေးနွေးပွဲသဘောတူညီချက်အရအမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီက ပညာရေးလှုပ်ရှားမှုများ အကောင်အထည်ဖော်သွားမည့် အစီအစဉ်ကို၂၀၀၀ပြည့်နှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်ထဲ၌ ပညာရေးလှုပ်ရှားမှုများတွင် ဒေသဆိုင်ရာပညာရေးအစည်းအဝေးများ၊ ဘာသာရပ်ဆိုင်ရာ ပညာရေးဆွေးနွေးပွဲများနှင့် ပညာရေးညီလာခံတို့ ပါဝင်မည်ဟု ဆိုသည်။

ဒေသဆိုင်ရာပညာရေးဆွေးနွေးပွဲများ

ဒေသဆိုင်ရာပညာရေးဆွေးနွေးပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဘာသာရပ်ဆိုင်ရာပညာရေးဆွေးနွေးပွဲများတွင် တင်ပြဆွေးနွေးကြရန် ရည်ရွယ်ထားသည့် အကြောင်းအရာများအတွက် အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီနှင့်လူမျိုးစုအဖွဲ့အသီးသီး၊ဒီမိုကရေစီအဖွဲ့အသီးသီးရှိ ပညာရေးမူဝါဒချမှတ်သူများ၊ ကျောင်းဆရာ၊ဆရာမများနှင့် သဘောထားအမြင်ခြင်း ဖလှယ်ကြရန်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာပညာရေး ဆွေးနွေးပွဲများတွင်

(၁) ဒေသအသီးသီးတွင်နေထိုင်ကြသော အသက်(၁၅)နှစ်အောက်ကလေးများ၏ ပညာသင်ကြားနိုင်မှု အခြေအနေ၊

(၂)ဒေသအသီးသီးရှိ စာသင်ကျောင်းများတွင် သင်ကြားနေသည့် ဘာသာရပ်များ၊

(၃)စာသင်ကျောင်းများတွင် တိုင်း ရင်းသားဘာသာသင်ကြားမှု၊

(၄)သင်ကြားနည်းစနစ်များနှင့်

(၅)ဆရာများအတွက်ပညာရေး

တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေသဆိုင်ရာအစည်းအဝေးများကို ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင်(၄)နေရာ၊တရုတ်–မြန်မာနယ်စပ်တွင်(၁)နေရာ၊အိန္ဒိယ–မြန်မာနယ်စပ်တွင်(၁)နေရာ၊စုစုပေါင်း (၆)နေရာ၌ ကျင်းပသွားမည်ဟု သိရသည်။

ဘာသာရပ်ဆိုင်ရာ ပညာရေးဆွေးနွေးပွဲများ

ထိုဆွေးနွေးပွဲသည် မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲရေးနှင့် ပညာရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော ဆွေးနွေးပွဲဖြစ်ကြောင်း၊ အဖွဲ့အစည်းအသီးသီးရှိ ပညာရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၊ စာသင်ကျောင်းများတွင် လက်တွေ့သင်ကြားပြသနေသည့်ဆရာ၊ဆရာမများ၊ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး ပြည်ပရောက် မြန်မာပြည်သားပညာရှင်များနှင့် နိုင်ငံခြားတက္ကသိုလ်များမှ ပညာရှင်များကိုလည်း ဖိတ်ကြားမည် ဖြစ်ကြောင်း။

ယင်းကဲ့သို့ ဆွေးနွေးပွဲများတွင် အောက်ပါဘာသာရပ်ခေါင်းစဉ်များကို ဆွေးနွေးမည်ဖြစ်ရာ

ကလေးများ ပညာသင်ကြားနိုင်မှု အခြေအနေ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထုတ်ပြန်ကြေညာချက်နှင့် လူ့အခွင့်အရေးအဖွဲ့များ၏တွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် ကလေးဦးရေ(၄၀)ရာခိုင်နှုန်းသည် တသက်တွင်တကြိမ်မျှ ကျောင်းမနေဘူးကြောင်း၊တဖန် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ကုသမဂ္ဂအဖွဲ့အစည်းများပူးတွဲ လေ့လာတင်ပြထားသော သုတေသနအစီရင်ခံစာအရ ကျောင်းဝင်စာရင်းသွင်းပြီးသည့်ကလေးများအနက် (၆၀)ရာခိုင်နှုန်းကျော်သည် မူလတန်းမပြီးမီ ကျောင်းထွက်သွားကြကြောင်းနှင့် (၂)ရာခိုင်နှုန်းသာ အခြေခံပညာပြီးဆုံးကြောင်း၊ နယ်စပ်ဒေသနှင့် တောင်ပေါ်တိုင်းရင်းသားဒေသများတွင် စစ်ဘေးစစ်ဒဏ်နှင့် စီးပွားရေးဆုတ်ယုတ်မှု အခြေအနေများကြောင့် ကလေးများ၏ပညာသင်ကြားနိုင်မှုအခွင့်အရေး ပိုမိုဆုတ်ယုတ်လျက်ရှိကြောင်း။

ထို့ကြောင့် ဒေသအသီးသီး၌ ကလေးများပညာသင်ကြားနိုင်ရန် လိုအပ်ချက်များကိုရှာဖွေ၍ ကလေးများအားလုံးပညာသင်ကြားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေကြရန် ရည်ရွယ်ကြောင်း၊၎င်းအရေးသည် လူ့အဖွဲ့အစည်းတရပ်လုံးတိုးတက်ရေးအတွက် အခြေခံဖြစ်ကြောင်း။

သင်ရိုးညွှန်းတမ်း

အဖွဲ့အစည်းအသီးသီးမှ တာဝန်ယူဖွင့်လှစ်ထားကြသည့် ကျောင်းများတွင် ပညာသင်ကြားနေသည့် ဘာသာရပ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးရန်ရည်ရွယ်ထားကြောင်း၊ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ အနေဖြင့် သင်ရိုးညွှန်းတမ်းတရပ်သည်

●ဘာသာရပ်များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်၍ မျှတမှုရှိရန်၊

●လူငယ်များ၏ စာရိတ္တဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ကိုယ်ကာယဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပေးစွမ်းနိုင်ရန်၊

●လူငယ်များ၏ အနာဂတ်ဘဝနှင့် နိုင်ငံ၊ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အသိပညာကျွမ်းကျင်မှုများကို ပေးစွမ်းနိုင်ရန်၊

●လူ့အဖွဲ့အစည်းတွင် တာဝန်ရှိမှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှုကို လေ့ကျင့်ပေးနိုင်ရန်ပြဋ္ဌာန်းပါကြောင်း၊

အနာဂတ်မြန်မာနိုင်ငံတွင် သက်ဆိုင်ရာလူမျိုးစုပြည်နယ်များအတွင်း သီးခြားသင်ရိုးညွှန်းတမ်း ထားရှိလိုပါက မည်သို့အဆင့်ဆင့်ဆောင်ရွက်နိုင်မည်များကို ထည့်သွင်းဆွေးနွေး လိုကြောင်း၊

သင်ရိုးညွှန်းတမ်းတရပ်သည် သက်ဆိုင်ရာနိုင်ငံအတွင်းရှိ လူမျိုးအသီးသီး၏ ယဉ်ကျေးမှုကို ထင်ဟပ်သော လူမျိုးအသီးသီး ချစ်ကြည်မှုကို ပေးစွမ်း နိုင်သောပညာရေး (Multi-cultural Education) ကို ရှေ့ရှုသင့်သည်ဟု ယုံကြည်ကြောင်း၊

မိခင်ဘာသာစကားကို ကျောင်းများတွင် သင် ကြားရေးနှင့် ကျောင်းသုံး ဘာသာရပ်တခုအဖြစ် ကျင့်သုံးရေး

ပညာရေးဆွေးနွေးပွဲတွင်အရေးကြီးသည့်အခန်းမှပါဝင်ကြောင်း၊လူမျိုးတိုင်းသည် မိခင်ဘာသာစကားကို သင်ယူပြန့်ပွား၊ဖြန့်ဖြူးနိုင်ရေးသည် အခြေခံ လူ့အခွင့်အရေးဖြစ်ကြောင်း၊

သင်ကြားနည်းစနစ်

မြန်မာနိုင်ငံဒေသအသီးသီးရှိ ကျောင်းများတွင်ကျင့်သုံးနေသည့် အဓိကသင်ကြားနည်းစနစ်မှာ ဆရာဗဟိုပြုသင်ကြားနည်း၊ မှတ်စုပေး၍ အလွတ်ကျက်မှတ်စေသည့် သင်ကြားနည်းများကသာ လွှမ်းမိုးနေဆဲဖြစ်ကြောင်း၊ ၎င်းအစဉ်အလာသင်ကြားနည်းစနစ်များမှ အားကောင်းချက်များကိုထုတ်ယူ၍ နိုင်ငံတကာတွင်သင်ကြားအောင်မြင်နေသည့်စနစ်များဖြင့် ပေါင်းစပ်ကျင့်သုံးနိုင်ရန် တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ပြီး ကျောင်းသားများသင်ယူတတ်မြောက်မှုကို တိုင်းတာစစ်ဆေးသည့်နည်းစနစ်များကိုလည်း ဆွေးနွေးကြရန် ရည်ရွယ်ထားကြောင်း၊

ဆရာ၊ဆရာမများအတွက် သင်တန်းများ

ဆရာ၊ဆရာမများအတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းခွင်မဝင်မီအကြိုဆရာဖြစ်သင်တန်းနှင့် လုပ်ငန်းခွင် သင်တန်းများအတွက် ၎င်းပညာရေး ဆွေးနွေးပွဲများတွင် နည်းလမ်းများ ညှိနှိုင်းတိုင်ပင်မည်ဖြစ်ပြီး၊လက်ရှိဖွင့်လှစ်နေသော သင်တန်းများအခြေအနေနှင့် အနာဂတ်အတွက် လိုအပ်ချက်များကိုလည်း တပါတည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း။

ပညာရေးညီလာခံ

ဘာသာရပ်ဆိုင်ရာ ပညာရေး ဆွေးနွေးပွဲများ ကျင်းပပြီးနောက် သက္ကရာဇ်(၂၀၀၂)နှစ်ဦးပိုင်းတွင် ပညာရေးညီလာခံကြီးတရပ်ကို အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီမှ တာဝန်ယူစီစဉ်ကျင်းပသွားမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံအဖွဲ့အစည်းအသီးသီးနှင့် ဒီမိုကရေစီအင်အားစုများမှ မူဝါဒချမှတ်သူများ၊ ပညာရှင်များပါဝင်တက်ရောက်ကြလျက် အနာဂတ်တွင်တည်ထောင်ရန် မျှော်မှန်းထားကြသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်ကိုက်ညီမည့် ပညာရေးစနစ်ပုံစံတရပ်ကို ဆွေးနွေးညှိနှိုင်း၊အဆုံးအဖြတ်ယူကြရန် ရည်ရွယ်ထားကြောင်း။

ထို့ပြင် ယခု ပညာရေးလှုပ်ရှားမှုအစီအစဉ်အတွက် ဝေဖန်အကြံပြုချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများကို အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီမှ ကြိုဆိုပါကြောင်း အဆိုပါကြေညာချက်ထဲတွင် ရေးသားဖော်ပြထားသည်။ ❖

နအဖ စစ်ရုံးချုပ် အထူးအမိန့်ထုတ်ပြန်

နအဖစစ်အုပ်စု၏ တပ်တွင်းအရာရှိများအတွက် အထူးအမိန့်တရပ်ကို ဒီဇင်ဘာလ(၂၃)ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုအမိန့်ထဲတွင် လက်ရှိစစ်တပ်အတွင်း တာဝန်ထမ်းဆောင်နေကြသော အရာရှိများအနေဖြင့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးသမားဟောင်းကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် တပ်မတော်အရာရှိဟောင်းများနှင့် နိုင်ငံရေးတွင် တနည်းနည်းနှင့် ပါဝင်ပတ်သက်ဖူးသော တပ်မတော်အရာရှိဟောင်းများဆီသို့ ဝင်ထွက်သွားလာခြင်းများ မပြုလုပ်ရန်တားမြစ်ကြောင်း၊ တားမြစ်ချက်များကိုချိုးဖောက်သူ မည်သည့်အရာရှိမျိုးကိုမဆို ရာထူးမှထုတ်ပယ်ပစ်မည်ဖြစ်ပြီး ပြင်းထန်သော အရေးယူမှုများနှင့်လည်း ရင်ဆိုင်ရမည်ဟု ဖော်ပြထားကြောင်း သိရသည်။

နိုင်ငံရေးသမားဟောင်းကြီးများနှင့် တပ်မတော်အရာရှိဟောင်းများဆီသို့ ဝင်ထွက်သွားလာ၊ဆက်ဆံခြင်းများသည် မလိုလားအပ်သောတပ်တွင်းပြဿနာများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း အဆိုပါကြေညာချက်ထဲတွင် ဖော်ပြထားသည်။

ထိုကြေညာချက်သည် စစ်တပ်အတွင်းသာမက ရဲတပ်ဖွဲ့၊လဝက၊ အကောက်ခွန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများသို့လည်း ပေးပို့ထားကြောင်း၊လက်ရှိတာဝန်ထမ်းဆောင်နေသည့် နယ်ဘက်အရာရှိများ အနေနှင့်လည်း နိုင်ငံရေးဖြင့်တနည်းနည်းဖြစ်စေ၊တိုက်ရိုက်ဖြစ်စေ၊ ပါဝင်ပတ်သက်နေသူများဆီသို့ သွားရောက်လည်ပတ်ခြင်းများမပြုလုပ်ရန် ညွှန်ကြားထားသည်ဟု အမည်မဖော်လိုသူ ရဲအရာရှိတဦးကပြောဆိုကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံက ဒီဇင်ဘာလ(၂၅) ရက်နေ့တွင် ထုတ်လွှင့်သွားသည်။ ❖

ရန်ကုန်ဘူတာကြီးတွင်(၂၁၊၉၊၂၀၀၀)ရက်နေ့က ဖမ်းဆီးခံရသော အဖွဲ့ချုပ် အဖွဲ့ဝင်များ၏ စာရင်း

စဉ်	အမည်	တာဝန်	မြို့နယ်	မှတ်ချက်
၁။	နော်အုန်းလှ	ဗဟိုအမျိုးသမီး	မှော်ဘီ	
၂။	ကိုမျိုးခင်	အတွင်းရေးမှူး	ရန်ကင်း	
၃။	ဦးစံရွှေ	အဖွဲ့ဝင်	မြောက်ဥက္ကလာပ	
၄။	မသင်းသင်းမိုး	လူငယ်	တာမွေ	၁၊၁၁၊၀၀ ပြန်လွှတ်
၅။	ဒေါ်ပန်	အမျိုးသမီး	တာမွေ	၁၇၊၁၀၊၀၀ ပြန်လွှတ်
၆။	ဦးလှစံ	အဖွဲ့ဝင်	တာမွေ	
၇။	မလဲ့လဲ့ဝင်း	လူငယ်	သာကေတ	
၈။	ဒေါ်မာလာ	အမျိုးသမီး	သာကေတ	
၉။	ဒေါ်မာမာဆွေ	အမျိုးသမီး	သာကေတ	
၁၀။	ဦးညွန့်ကြည်	အားပေးသူ	မင်္ဂလာတောင်ညွန့်	၂၆၊၉၊၀၀ ပြန်လွှတ်
၁၁။	ကိုခင်မောင်မြင့်	တိုင်းလူငယ်	စစ်ကိုင်း	၅၊၁၀၊၀၀ ပြန်ပို့
၁၂။	မမြင့်မြင့်စိုး	လူငယ်	ရန်ကင်း	
၁၃။	မဖြူဖြူထွန်း	လူငယ်	သင်္ဃန်းကျွန်း	
၁၄။	မဖြူဖြူသင်း	လူငယ်	တောင်ဥက္ကလာပ	
၁၅။	မခင်လေး	ဗဟိုလူငယ်	ကမာရွတ်	
၁၆။	မချိုချိုလွင်	လူငယ်	သင်္ဃန်းကျွန်း	
၁၇။	ဒေါ်လဲ့လဲ့	ဗဟိုအမျိုးသမီး	မရမ်းကုန်း	
၁၈။	ဒေါ်ခင်စောမူ	အမျိုးသမီး	ဒဂုံမြို့သစ်	
၁၉။	ကိုတိုးလွင်	တိုင်းလူငယ်	ဧရာဝတီတိုင်း	၅၊၁၀၊၀၀ ပြန်ပို့
၂၀။	ဒေါ်မြင့်မြင့်စိန်	ဗဟိုအမျိုးသမီး	တာမွေ	
၂၁။	ဒေါ်ခင်ဥ	အမျိုးသမီး	မြောက်ဥက္ကလာပ	
၂၂။	ဒေါ်ခင်ဖြူ	အမျိုးသမီး	မြောက်ဥက္ကလာပ	
၂၃။	ဦးအောင်ဒင်	အဖွဲ့ဝင်	သင်္ဃန်းကျွန်း	
၂၄။	ဒေါ်စန်းစန်းမြင့်	အမျိုးသမီး	သင်္ဃန်းကျွန်း	
၂၅။	ကိုသန်းထိုက်အောင်	လူငယ်	တောင်ဥက္ကလာပ	
၂၆။	ကိုမင်းလွင်	လူငယ်	တွံတေး	
၂၇။	မစိုးစိုး	လူငယ်	မြောက်ဥက္ကလာပ	
၂၈။	ဒေါ်ဌေးဌေး	အမျိုးသမီး	မကွေးတိုင်း	
၂၉။	ဒေါ်စန်းစန်းအေး	အမျိုးသမီး	တောင်ဥက္ကလာပ	၁၅-၁၂-၂၀၀၀ ပြန်လွှတ်
၃၀။	ဦးအပ္ပရောင်း	အဖွဲ့ဝင်	မြောက်ဥက္ကလာပ	
၃၁။	မနန်းကြူသန်းဝင်း	လူငယ်	ပဲခူးတိုင်း	
၃၂။	မအေးသန်း	လူငယ်	ပဲခူးတိုင်း	
၃၃။	မတင်သန်းဦး	လူငယ်	ပဲခူးတိုင်း	
၃၄။	မတင်သန်းအေး	လူငယ်	ပဲခူးတိုင်း	
၃၅။	မမာမာအေး	လူငယ်	ပဲခူးတိုင်း	
၃၆။	မန်းထွန်းရွှေ	အဖွဲ့ဝင်	ဓနုဖြူ	
၃၇။	ကိုစောသန်းထူး	အဖွဲ့ဝင်	ဘိုကလေး	၅၊၁၀၊၀၀ ပြန်လွှတ်
၃၈။	ကိုသန်းဝင်း	အဖွဲ့ဝင်	ကမာရွတ်	၅၊၁၀၊၀၀ ညလွှတ်
၃၉။	ကိုကြီးမြင့်	အဖွဲ့ဝင်	သင်္ဃန်းကျွန်း	၅၊၁၀၊၀၀ ပြန်လွှတ်
၄၀။	ဒေါ်ဝင်းကြည်	အဖွဲ့ဝင်	သင်္ဃန်းကျွန်း	၅၊၁၀၊၀၀ ပြန်လွှတ်
၄၁။	ဒေါ်မြင့်မြင့်သွင်	အမျိုးသမီး	တွံတေး	
၄၂။	ကိုအောင်ထွန်း	လူငယ်	သင်္ဃန်းကျွန်း	
၄၃။	ကိုမြတ်စိုး(ရွှေဂျိုး)	လူငယ်	လှိုင်	
၄၄။	မသန်းသန်းဦး	အမျိုးသမီး	တာမွေ	
၄၅။	ကိုမြညွန့်	စည်း-ဝင်	ဧရာဝတီတိုင်း	
၄၆။	ကိုသိန်းအောင်	ဒု-ဥက္ကဋ္ဌ	လှည်းကူး	၅၊၁၀၊၀၀ ပြန်လွှတ်
၄၇။	ဦးလှထွန်း	တွင်းမှူး	လှည်းကူး	
၄၈။	ဦးအေးလွင်	အဖွဲ့ဝင်	လှည်းကူး	၅၊၁၀၊၀၀ ပြန်လွှတ်
၄၉။	မဆွေဆွေဝင်း	အဖွဲ့ဝင်	ပခုက္ကူ	
၅၀။	ဒေါက်တာမျိုးအောင်	တိုင်း-လူမှု	ဒဂုံမြို့သစ်	
၅၁။	ကိုမျိုးသော်	အဖွဲ့ဝင်	ကမာရွတ်	
၅၂။	ကိုမျိုးညွန့်	လူငယ်	အလုံ	
၅၃။	ကိုထွန်းဇော်ဇော်	လူငယ်	မွန်ပြည်နယ်	၂၀၊၁၁၊၀၀ ပြန်လွှတ်
၅၄။	ကိုခင်ဦး	လူငယ်	မရမ်းကုန်း	၂၀၊၁၁၊၀၀ ပြန်လွှတ်
၅၅။	မခင်ခင်ထွေး	အဖွဲ့ဝင်	မင်္ဂလာတောင်ညွန့်	
၅၆။	ကိုသန်းတင့်အောင်	လူငယ်	ရွှေပြည်သာ	
၅၇။	ကိုသိန်းလွင်	လူငယ်	သာကေတ	
၅၈။	ဒေါ်တင်အေး	အမျိုးသမီး	ကြည့်မြင်တိုင်	
၅၉။	ဒေါ်စန်းဌေး	အဖွဲ့ဝင်	ဗဟန်း	၂၆၊၉၊၀၀ ပြန်လွှတ်
၆၀။	ကိုသန်းထွန်း	လူငယ်	ကမာရွတ်	
၆၁။	ကိုထွန်းမြင့်	လူငယ်	ဗဟန်း	
၆၂။	ကိုသိန်းဆွေ	ဗဟိုလူငယ်	ဧရာဝတီ	
၆၃။	ဦးထင်ကျော်	လူငယ်	ကမာရွတ်	
၆၄။	ကိုဇော်မင်းကျော်	လူငယ်	မန္တလေး	
၆၅။	မအေးအေးစိုး	လူငယ်	မြောက်ဥက္ကလာပ	
၆၆။	ကိုခင်ဇော်	လူငယ်	မှော်ဘီ	
၆၇။	ကိုမုန်းနိုင်	လူငယ်	ဗဟန်း	၂၊၁၀၊၀၀က ဖမ်းသည်
၆၈။	ကိုအေးထွန်း	ဗဟိုလူငယ်	ရန်ကင်း	၂၀၊၁၁၊၀၀ ပြန်လွှတ်

လယ်၊ဆည်ဝန်ကြီးနှင့် တိုင်းမှူးတို့ကြား မြေတိုင်းဦးစီးမှူး အလုပ်ပြုတ်

နအဖစစ်အုပ်စု အကြီးအကဲများသည် စိုက်ပျိုးရေးအခြေခံ စီးပွားရေးကို ကြွေးကြော်ပြီးလုပ်ကိုင်လာခဲ့ရာ စိုက်ပျိုးရေးစီမံချက် (၄)နှစ်အတွင်း အရှုံးများပေါ်လာသဖြင့် ထင်သလိုဖြစ်မလာသောအခါ မွေးမြူရေးကိုအခြေခံရမည်ဟုဆိုပြီး မွေးမြူရေးကန်များတူး ဖော်နေကြပြန်သည်ဟု သိရသည်။

ထိုသို့ မွေးမြူရေးဘက်လှည့်လာသော စစ်ဖက်ဆိုင်ရာများ၏ခြေလှမ်းကြောင့် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးက စစ်ဖက်ဆိုင်ရာအုပ်ချုပ်ရေးဌာနများသို့ မြေစာရင်းပြသည့်အခါ အရှိအတိုင်းထုတ်မပြဘဲ လျှော့ပြီးပြဟု မြေတိုင်းဦးစီးဌာနအတွင်း အမိန့်ထုတ်ခဲ့သည်ဟု သိရသည်။

မကြာသေးမီက ပဲခူးမြို့၊ တိုင်းရုံးတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်အေးဦးစီး၍ ဌာနဆိုင်ရာပေါင်းစုံ အကြီးအကဲများနှင့် အစည်းအဝေးပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် တိုင်းမှူး ဗိုလ်ချုပ်တင်အေးက မြေစာရင်းတောင်းရာ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်း၊မြေတိုင်းဦးစီးမှူး ဦးမြင့်သိန်းက ပဲခူးတိုင်းအတွင်းရှိ မြေကေများမှာ မိမိတင်ပြထားသလောက်အမှန်တကယ်တွင်မရှိကြောင်း ပြောဆိုသည်။

ထို့ကြောင့် အစည်းအဝေးခမ်းမအတွင်း တိုင်းမှူး ဗိုလ်ချုပ်တင်အေးနှင့် မြေတိုင်းဦးစီးဌာနမှူး ဦးမြင့်သိန်းတို့ အခြေအတင်စကားများကြပြီး တိုင်းမှူး ဗိုလ်ချုပ် တင်အေးက ဦးမြင့်သိန်းအား အစည်းအဝေးခမ်းမထဲမှ ထွက်သွားရန် မောင်းထုတ်ခဲ့သည်ဟု သိရသည်။

ယခုအခါ ပဲခူးတိုင်းဦးစီးဌာနမှူး ဦးမြင့်သိန်း အလုပ်ပြုတ်သွားပြီ ဖြစ်ကြောင်း နောက်ဆုံးရရှိသောသတင်းက ဆိုသည်။ ❖

နိုင်ငံတကာကြက်ခြေနီအဖွဲ့ မလာရောက်မီ အကျဉ်းသားများပြောင်းပစ်

နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ (၁၁၊၁၂၊၂၀၀၀)ရက်နေ့တွင် လာရောက်စစ်ဆေးမည်ဆိုသဖြင့် တောင်စွန်းကျောက်ထုစခန်းမှ ရဲဘက်အကျဉ်းသား(၁၀၀)ကို(၁၀၊၁၂၊၂၀၀၀)ရက်နေ့တွင် ရင်းညိမ်ကျောက်ထုစခန်းသို့ ပို့ဆောင်ပစ်ခဲ့သည်ဟု သိရသည်။

ထိုအကျဉ်းသား(၁၀၀)သည် တောင်စွန်းကျောက်ထုစခန်းတွင်း ပြွတ်သိပ်စွာနေထိုင်ကြရသူများ၊ကျန်းမာရေး မကောင်းသူများဖြစ်ပြီး အကျဉ်းစခန်းအာဏာပိုင်များ၏ မတရားညဉ်းပမ်းမှုများကို တိုင်ကြားမည့်သူများဖြစ်သဖြင့် ယခုကဲ့သို့ပို့ဆောင်ပစ်ခဲ့ကြောင်း သိရသည်။

ရင်းညိမ်ကျောက်ထုစခန်းတွင်ရှိသောအကျဉ်းသား(၂၀၀)တို့မှာလည်း မုတ္တမကျွဲခြံအနီးရှိ လယ်မြေကေပေါင်း (၁၀၀)ကို နွေစပါးစိုက်ပျိုးရန်အတွက် နံနက်(၆)နာရီမှ ညနေ(၆)နာရီအထိ အဓမ္မခိုင်းစေခြင်းကို ခံနေရကြောင်း သိရသည်။

ထိုနွေစပါးစိုက်ပျိုးမှုမှာလည်း အကျဉ်းဦးစီးဌာန ထောင်ပိုင်များ၏ လယ်မြေကေများဖြစ်ကြောင်း သိရသည်။ ❖

နိုင်ငံခြားသားများနှင့်စကားပြောဆိုခြင်းမပြုရ

နအဖစစ်အုပ်စု ဦးစီးထားသော စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသော ဝန်ထမ်းများအနေနှင့် နိုင်ငံခြားသားများနှင့် စကားမပြောရ၊လက်ဆောင်ပေးလျှင်မယူရ၊ နှုတ်မဆက်ရ၊ ကြည့်ပင်မကြည့်ရဟု အမိန့်ထုတ်ထားကြောင်း သိရသည်။

ကန်ဘဲ့ဘူတာရုံလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနလက်အောက်ခံ အပ်ချည်စက်ရုံအမှတ်(၂၈)တွင် စက်ရုံအလုပ်သမားများအားလုံး နိုင်ငံခြားသားများနှင့် စကားမပြော၊နှုတ်မဆက်၊ ကြည့်ပင်မကြည့်၊ခရီးဦးကြိုမပြု၊ လက်ဆောင်ပေးလျှင်လည်းမယူ ဆိုသော ဝန်ခံကတိများကို (၂၉-၉-၂၀၀၀) ရက်နေ့က လက်မှတ်ရေးထိုးခိုင်းသည်ဟု သိရသည်။

ထိုကတိများကို ချိုးဖောက်ပါက ဥပဒေအရအရေးယူပြီး အလုပ်မှထုတ်ပစ်မည်ဟု ခြိမ်းခြောက်ထားကြောင်းလည်း သိရသည်။ ❖

မန္တလေးမြို့တွင်(၂၀၊၉၊၂၀၀၀)ရက်နေ့က ဖမ်းဆီးခံရသော အဖွဲ့ချုပ် အဖွဲ့ဝင်များ၏ စာရင်း

စဉ်	အမည်	တာဝန်	မြို့နယ်	မှတ်ချက်
၁၊	ဦးရဲမင်း	ဥက္ကဋ္ဌ	အနောက်မြောက်	
၂။	ဦးအောင်ငြိမ်း	ဒု-ဥက္ကဋ္ဌ	အနောက်မြောက်	
၃။	ဦးချစ်တင်	ရုံးအဖွဲ့မှူး	အနောက်မြောက်	
၄။	ဦးလှသန်း	မြို့-စည်း	အနောက်မြောက်	
၅။	ဒေါ်ခင်လေးဆွေ	တိုင်းအမျိုးသမီး	အနောက်မြောက်	
၆။	ဦးကျော်ဆွေ	ဥက္ကဋ္ဌ	အရှေ့တောင်	ပြန်လွှတ်
၇။	ဦးစောလွင်	ဒု-ဥက္ကဋ္ဌ	အရှေ့တောင်	
၈။	ဦးချစ်ရင် တွဲမှူး	အရှေ့တောင်		
၉။	ဦးကျော်ရင်	အဖွဲ့ဝင်	အရှေ့တောင်	
၁၀။	ကိုခင်မောင်ထွေး	ဒု-တွင်းမှူး	အရှေ့မြောက်	
၁၁။	ကိုမြင့်အောင်	တိုင်းလူငယ်	အရှေ့မြောက်	
၁၂။	ဒေါ်သန်းသန်းအေး	တိုင်းအမျိုးသမီး	အရှေ့မြောက်	
၁၃။	ကိုဌေးဇော်	တွင်းမှူး	တံတားဦး	

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်သမတ၏ လွတ်မြောက်ရေးဆုရရှိ

အမေရိကန်နိုင်ငံတွင် အရပ်သားများကိုပေးအပ်သော အမြင့်ဆုံးဆုဖြစ်သည့် အမေရိကန်သမတလွတ်မြောက်ရေးဆုအား မြန်မာ့ဒီမိုကရေစီခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ချီးမြှင့်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ(၆)ရက်နေ့က အမေရိကန်နိုင်ငံ သမတအိမ်ဖြူတော်တွင်ကျင်းပသော အဆိုပါ ဆုပေးအပ်ပွဲအခမ်းအနားတွင် အမေရိကန်သမတမစ္စတာကလင်တန်က ကျနော်တို့လေးစားဂုဏ်ပြုနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ ကျနော်တို့နဲ့အတူ ရှိမနေနိုင်ပါဘူး။ တကယ်ဆိုရင် ကျနော်တို့ ဒီကနေ့ ဒီနေရာမှာ သူ့အကြောင်းပြောပြီး သူ့ရဲ့ကြိုးပမ်းချက်ကို ဂုဏ်ပြုနေတာတောင် မသိရှာပါဘူး။ ကျနော်တို့ စကားပြောနေတဲ့အချိန်မှာ သူမဟာ အိမ်မှာအကျယ်ချုပ်ခံနေရပြီး မြန်မာပြည်သူတွေနဲ့ရော ကမ္ဘာ့ပြည်သူတွေကိုပါ စကားပြောခွင့်မရရှိပါဘူး။ဒါပေမယ့် သူမရဲ့ လှုပ်ရှားမှုဟာ ဖျတ်လတ်ရှင်သန်နေပြီး သူမရဲ့စိတ်ဓာတ်ဟာ အင်မတန် လေးစားဖွယ်ဖြစ်နေဆဲပါ။

အမေရိကန်သမတ မစ္စတာ ကလင်တန်မှ ဒေါ်အောင်ဆန်းစုကြည်၏ သားကြီး ကိုမြင့်ဆန်းအောင်အား အမေရိကန်သမတ လွတ်မြောက်ရေးဆု ပေးအပ်နေစဉ်

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လွတ်လပ်မှုမဲ့ပြီးတရားမျှတမှုမရှိတဲ့ကြားက အမတ်နေရာ (၈၀) ရာခိုင်နှုန်းကျော်ကို ရယူအောင်နိုင်ခဲ့ပေမယ့် မြန်မာစစ်အစိုးရက ဒီရလဒ်ကို အသိအမှတ်မပြုခဲ့ပါဘူး။ဒီကြားထဲကနေ မြန်မာပြည်သူတွေရဲ့ နှလုံးသားထဲမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အမြဲနေရာယူထားပါတယ်ဟု ပြောဆိုခဲ့သည်။

ဆက်လက်ပြီး မစ္စတာကလင်တန်က ဒေါ်အောင်ဆန်းစုကြည်ဟာ သူမကိုထောက်ခံနေရင် ဖိနှိပ်ခံရတာ၊ နှိပ်စက်ခံရတာ၊ သတ်ဖြတ်ခံရတာတွေကို ဘယ်လိုမှ အမုန်းတရားနဲ့အကြမ်းဖက်မှုနဲ့ မတုံ့ပြန်ခဲ့ပါဘူး။ သူမ တောင်းဆိုတာကတော့ တချက်ပဲရှိပါတယ်။ အဲဒါကတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တွေ့ဆုံဆွေးနွေးဖို့ပါပဲ။ လွတ်လပ်လိုတဲ့ဆန္ဒဟာ ကမ္ဘာသားတွေအားလုံးမှာ အတူတူပဲဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ ဒါဟာ ယဉ်ကျေးမှုနဲ့ မသက်ဆိုင်တဲ့ အသိစိတ်ဓာတ်နဲ့သာ သက်ဆိုင်တဲ့အကြောင်းကို ဘယ်သူကမှ ဒေါ်အောင်ဆန်းစုကြည်လောက် ကျနော်တို့ကိုတင်ပြနိုင်ခြင်းမရှိခဲ့ပါဘူး။ကျနော်တို့ဟာ တတ်နိုင်သလောက် နည်းလမ်းတွေအကုန်သုံးပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးသွားမှာဖြစ်ပါတယ် ဟု ပြောဆိုတဲ့သည်။

ထို့နောက် နအဖစစ်အုပ်စုအတွက် ရည်ရွယ်ပြီး အုပ်စိုးသူတွေ သိဖို့အတွက် ကမ္ဘာ့အလယ်မှာနေရာပြန်ရနိုင်ဖို့ နည်းလမ်းတခုပဲရှိပါတယ်။အဲဒါကတော့ မြန်မာပြည်သူတွေနဲ့ ကိုးစားယုံကြည်မှုကို ပြန်လည်ရရှိအောင်လုပ်ပြီး မြန်မာပြည်သူတွေရွေးချယ်ထားတဲ့ ပြည်သူ့ခေါင်းဆောင်ကို လေးစားဖို့ ဖြစ်ပါတယ် ဟု အဆိုပါအခမ်းအနားတွင် ပြောကြားသွားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မက်ဒလင်း အောဘရိုက်ကလည်း ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်သမတ လွတ်မြောက်ရေးဆု ချီးမြှင့်ခြင်းသည် အင်မတန်မှ သင့်လျော်မှန်ကန်သည့်လုပ်ရပ်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီ၏ ပြယုဂ်တခုဖြစ်ကြောင်းနှင့် လူ့အခွင့်အရေးလေးစားမှုသည် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြစ်ကြောင်း ပြောကြားသွားသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းစွာတွေ့ဆုံရေးမှတဆင့် ဒီမိုကရေစီထူထောင်ရေး တောင်းဆိုလှုပ်ရှားမှုများအား လေးစားထောက်ခံသောအနေဖြင့် အမေရိကန်သမတ မစ္စတာကလင်တန်က ယခုလို လွတ်မြောက်ရေးဆု ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အခြားလူ့အခွင့်အရေးဦးဆောင်လှုပ်ရှားသူ ပုဂ္ဂိုလ်(၅)ဦးတို့လည်း အဆိုပါဆုပူးတွဲ ချီးမြှင့်ခြင်းခံခဲ့ရသည်ဟု သိရသည်။ ဒေါ်အောင်ဆန်းစုကြည်အတွက်ဆုကို သားကြီးဖြစ်သူ ကိုဆန်းမြင့်အောင် က တက်ရောက်လက်ခံရယူခဲ့ကြောင်း သတင်းရရှိပါသည်။ ❖

Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့် သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ကိုပုည

မိုးကြိုး သတင်းစဉ်သို့
ဆောင်းပါးများ၊ သတင်းများနှင့်
ဝေဖန်အကြံပြုစာများ
ပေးပို့ဆက်သွယ်နိုင်ပါသည်။

P.O. Box (91)
Mae Sod, 63110
Tak
Thailand.

E-mail
binamojo@hotmail.com

နဲလ်ဆင်မဲန်ဒဲလား လူ့အခွင့်အရေးဆု ပေးအပ်ပွဲ ကနေဒါတွင်ကျင်းပ အလုပ်သမားများသာမက ပြည်သူတရပ်လုံး ရပိုင်ခွင့်များ ကင်းမဲ့နေ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတိတ်ခွေတွင်ပါဝင်

ကနေဒါနိုင်ငံ မော်တော်ကားစက်ရုံအလုပ်သမားသမဂ္ဂ(CAW)၏ ပထမဦးဆုံးစတင်ပေးအပ်သော လူ့အခွင့်အရေးဆိုင်ရာနဲလ်ဆင်မဲန်ဒဲလား ဆုကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ချီးမြှင့်လိုက်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ (၉)ရက်နေ့၊ ကနေဒါနိုင်ငံတိုရမ်တိုမြို့၊ရှဲလ်တန်ဟိုတယ် မြေအောက်ခန်းမကြီးထဲတွင် ကျင်းပသော အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် ကနေဒါအလုပ်သမားသမဂ္ဂ (CAW)၏ ဥက္ကဌဖြစ်သူမစ္စတာဘာ့သ်က နဲလ်ဆင်မဲန်ဒဲလား၏လူ့အခွင့်အရေးတိုက်ပွဲဝင်မှုများကိုဖော်ထုတ်ညွှန်းဆိုပြီး ဂုဏ်ပြုသည့်အနေဖြင့် (CAW)မှ ပေးအပ်မည့်ဆုကို ယခုကဲ့သို့ နဲလ်ဆင်မဲန်ဒဲလားဆုဟု အမည်ပေးခဲ့ကြောင်း ပထမဦးဆုံးအနေဖြင့် ဆုချီးမြှင့်ထိုက်သူကိုတကမ္ဘာလုံးက လူ့အခွင့်အရေးလှုပ်ရှားမှုများထဲတွင် ရှာဖွေသည့်အခါ မြန်မာပြည်စစ်အုပ်စု၏ ဖိနှိပ်ခံဘဝနှင့် လူ့အခွင့်အရေးတိုက်ပွဲကို စွမ်းစွမ်းတမံဆင်နွှဲနေသော အမျိုးသမီးလူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ရန်ဆုံးဖြတ်ခဲ့ကြောင်း ကြေညာပြောဆိုခဲ့သည်။

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် ဒေါက်တာစင်သီယာမောင်တို့အားယမန်နှစ်က လွတ်မြောက်ရေးဆုချီးမြှင့်ခဲ့သော ကနေဒါနိုင်ငံ အခြေစိုက် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရေးဥက္ကဌ ဝါးရင့်အော်မိန်ကလည်း မြန်မာပြည်၏လက်ရှိအခြေအနေများကို ရှင်းပြပြီး မိမိတို့၏ ကူညီမှုများကို မြန်မာပြည်သူတရပ်လုံး လိုအပ်နေပြီဖြစ်ကြောင်း ပြောဆိုသည်။

ထို့နောက် UZ တေးဂီတအဖွဲ့၏ နောက်ဆုံးထုတ် သီချင်းအဲလ်ဘမ်ထဲမှ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုရေးဖွဲ့သီဆိုထားသည့် Wark On သီချင်းဖြင့် ဖျော်ဖြေသည်ဟု သိရသည်။

အဆိုပါဆုချီးမြှင့်ခံရခြင်းနှင့် ပတ်သက်ပြီးမြန်မာပြည်အတွင်းမှ လျှို့ဝှက်ခက်ခဲစွာ ထုတ်ယူလာခဲ့ရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းဗွီဒီယိုတိတ်ခွေအား ရှဲလ်တန်ဟိုတယ်ခန်းမကြီးထဲတွင် ပြသခဲ့ကြောင်း၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာပြည်တွင် အလုပ်သမားများ၏အခွင့်အရေးသာမကဘဲပြည်သူလူထု၏ ရပိုင်ခွင့်များ ကင်းမဲ့နေကြောင်း၊ တရားမဲ့ ဖမ်းဆီးအပြစ်ပေးမှုများ၊ အဓမ္မခိုင်းစေမှုများ တတိုင်းပြည်လုံး ခံနေကြရကြောင်းပြောဆိုနေစဉ် မြန်မာအကျဉ်းသားများ သံခြေကျဉ်းများနှင့် အလုပ်လုပ်နေသောမြင်ကွင်း၊ရန်ကုန်မြို့လယ်ခေါင်မြင်ကွင်းတို့ကို ကြားညှပ်ဆက်စပ်ပြသပေးကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်က မတရားမှုများကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO က လှစ်လျူရှုမနေနိုင်ဘဲအရေးယူရန် စဉ်းစားနေရပြီဖြစ်ကြောင်း၊ ကနေဒါအလုပ်သမားအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ဆိုသည်မှာ စည်းကမ်းရှိသောလွတ်လပ်မှုအဖြစ်ခံယူပါကြောင်း အဆိုပါမိန့်ခွန်းဗွီဒီယိုတိတ်ခွေထဲတွင် ပြောကြားထားသည်ဟု သိရသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်စား ပြည်ထောင်မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကအဆိုပါဆုအား တက်ရောက်လက်ခံရယူပြီး မြန်မာစစ်အစိုးရသည် ဆက်လက်ရှင်သန်လှုပ်ရှားနိုင်ဆဲ ဖြစ်

ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား တက်ရောက်ဆုယူခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာ စိန်ဝင်း

ကြောင်း၊အခြားနိုင်ငံများ၏ ခိုင်မာပြတ်သားသောအရေးယူမှုများ နည်းပါးသည့်အတွက် ယခုလိုဖြစ်နေရကြောင်း၊နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အထူးသဖြင့် ဒီမိုကရက်တစ်နိုင်ငံတိုင်းကအတူတကွပူးပေါင်းဆောင်ရွက်ကြလျှင်စစ်အစိုးရမှာ ကနေ့အခြေအနေတွင် ရပ်တည်နေနိုင်တော့မည်မဟုတ်ကြောင်း ပါလီမန်အမတ်အားလုံးက မိမိတို့၏အရေးကိစ္စကို ထောက်ခံအားပေးကြရန်တောင်းဆိုပါကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက "ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ILO က မြန်မာပြည်ပေါ် ပြစ်ဒဏ်ခတ်မှုများပြုလုပ်ရန် ဆုံးဖြတ်ချက်ချထားပြီးသည့်အတွက် ကနေဒါနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံးက အဓမ္မလုပ်အားပေးခိုင်းစေမှုများနှင့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း၊အကျိုးသက်ရောက်မှုရှိသည့် လုပ်ဆောင်ချက်အားလုံးကို ဖြစ်နိုင်သမျှ အမြန်ဆုံးရပ်ဆိုင်းကြပါရန်"တောင်းဆိုသည်ဟု သိရသည်။

ကနေဒါနိုင်ငံ မော်တော်ကားစက်ရုံအလုပ်သမားများသမဂ္ဂကြီး၏ ဥက္ကဌမစ္စတာဘာ့သ်က "မြန်မာပြည်သူတရပ်လုံးကို သွေးစည်းညီညွတ်ရေးအတွက် ကမ်းလှမ်းပါကြောင်း၊ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO. ဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးပြီး၊ ကနေဒါအစိုးရအား မြန်မာပြည်မှ ထွက်ကုန်မှန်သမျှ အမြန်ဆုံးရပ်စဲဖို့ တောင်းဆိုမည်ဖြစ်သလို မြန်မာစစ်အုပ်စု၏ဆိုးဝါးမှုများကို မသိကျိုးကျွံပြုပြီး ကိုယ်ကျိုးစီးပွားရှာနေသော World Mart လို ကုမ္ပဏီများကိုလည်း မိမိတို့အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း။

နိုင်ငံတကာသယ်ယူပို့ဆောင်ရေးအဖွဲ့ချုပ်၏ အဖွဲ့ဝင်ဖြစ်သည့်အတိုင်း ကမ္ဘာတခုလုံးရှိ မိတ်ဆွေအလုပ်သမားသမဂ္ဂများကို မြန်မာပြည်မှလာသော (သို့မဟုတ်) မြန်မာပြည်ကိုသွားမည့် သင်္ဘောမှန်သမျှအားလက်ခံပြီး ကုန်တင်ကုန်ချ မပြုလုပ်ဘဲ ငြင်းဆန်ကြဖို့ တိုက်တွန်းတောင်းဆိုမည်ဟု CAW ဥက္ကဌက ပြောကြားခဲ့သည်ဟု သိရသည်။

အဆိုပါ "နဲလ်ဆင်မဲန်ဒဲလား လူ့အခွင့်အရေးဆု"ချီးမြှင့်ပွဲ အခမ်းအနားသို့ ပရိတ်သတ်ပေါင်း (၉၀၀) ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

❖

ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ နှစ်(၈၀)ပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပန်ကြားလွှာ

၂၀–၁၁–၂၀၀၀ရက်နေ့တွင်ကျရောက်သော နှစ်(၈၀)ပြည့် အမျိုးသားအောင်ပွဲအထိမ်းအမှတ်နေ့ကိုအကြောင်းပြု၍ အောက်တွင် လက်မှတ်ရေးထိုးထားကြသော ဒို့ဗမာသခင်ကြီးများအပါအဝင် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးကို ဆောင်ရွက်ခဲ့ကြသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

၁။လက်ရှိ တိုင်းပြည်အခြေအနေအရဖြစ်ပေါ်နေသော နိုင်ငံရေးတင်းမာမှုများကိုပြေပျောက်စေရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး တမျိုးသားလုံးသွေးစည်းညီညွတ်ရေးအခြေခံမူဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာကြပါရန်။

၂။လက်ရှိ တရားဝင်နိုင်ငံရေးပါတီအဖွဲ့အစည်းဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များအား လှုပ်ရှားဆောင်ရွက်ခြင်းမပြုနိုင်ရန် တားဆီးထားမှုများကို ရုတ်သိမ်းပေးပါရန်။

၃။နိုင်ငံရေး လုပ်ဆောင်မှုများ ကြောင့် ဖမ်းဆီးအကျဉ်းချထားခြင်းခံ နေရသော နိုင်ငံရေးအကျဉ်းသားများ အား လွတ်ငြိမ်းခွင့်ပေးပါရန်။

ဤကဲ့သို့ ဆောင်ရွက်ပေးခြင်း အားဖြင့် တိုင်းပြည်တွင်ရင်ဆိုင်ကြုံတွေ့ နေရသော အခက်အခဲအကျပ်အတည်း များကိုဖြေရှင်းရာတွင် လွယ်ကူအောင် မြင်နိုင်လိမ့်မည်ဟု အလေးအနက် ယုံကြည်ကြပါသည်။

ရက်စွဲ။၂၀–၁၁–၂၀၀၀ပြည့်နှစ်
၁၃၆၂ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၁၀)ရက်



ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပန်ကြားလွှာ

ရှာရေးကို အဟန့်အတားဖြစ်စေသည့် စွပ်စွဲရေးသားပြောဆိုပြုမူနေမှုများကိုရပ်ဆိုင်း၍ တွေ့ဆုံဆွေးနွေးဖြေရှင်းရေးစားပွဲဆီသို့သာ ဦးတည်ဆောက်ရွက်ကြပါရန် ကျွန်ုပ်တို့က အလေးအနက်တိုက်တွန်းအပ်ပါသည်။ဤကဲ့သို့ ဆောင်ရွက်နိုင်ကြမည်ဆိုပါက တိုင်းပြည်နှင့်ပြည်သူအကျိုး အမှန်တကယ်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကျွန်ုပ်တို့နှင့်တကွ တစ်တိုင်းပြည်လုံးရှိ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသာဓုခေါ်ဆိုကြမည်ဖြစ်ပါသည်။

၈။ လက်ရှိတိုင်းပြည်၏အခြေအနေအရ အာဏာကိုရယူထားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ၁၉၉၀ပြည့်နှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(တပ်မတော်)က တာဝန်ခံကျင်းပပေးခဲ့သော လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကြ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးမှတစ်ဆင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် အမျိုးသားသွေးစည်းညီညွတ်ရေးကိုတည်ဆောက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟူ၍ တည်ကြည်လေးနက်စွာ ယုံကြည်သဖြင့် ကျွန်ုပ်တို့က ထပ်ပြန်တလဲလဲရိုးသားစွာ မေတ္တာရပ်ခံပန်ကြားနေကြခြင်းဖြစ်ပါသည်။

၉။ မကြာမီက လောနိုင်ငံဗီယန်ကျန်းမြို့၌ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံအပါအဝင် အာဆီယံနှင့်အီးယူ ပူးတွဲအစည်းအဝေးကလည်းကောင်း၊ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကလည်းကောင်း၊ ဆောလျင်စွာတွေ့ဆုံဆွေးနွေးအဖြေရှာကြရန် တိုက်တွန်းထားခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ဤတိုက်တွန်းချက်များသည် ကျွန်ုပ်တို့၏ သဘောထားနှင့်ကိုက်ညီသဖြင့် လှိုက်လှဲစွာ ကြိုဆိုထောက်ခံလိုက်ပါသည်။

၁၀။ နိဂုံးချုပ်အားဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးဖြစ်သည့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ အမြန်ဆုံးတွေ့ဆုံဆွေးနွေးအဖြေရှာကြပါရန် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော(၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျွန်ုပ်တို့က ရိုးသားတည်ကြည်စွာဖြင့် အလေးအနက်မေတ္တာရပ်ခံ ပြန်ကြားအပ်ပါသည်။

၂၀၀၁ခုနှစ်၊ ဇန်နဝါရီလ(၄)
၁၃၆၂ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်

ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖေါ်ကိုင်ဖက်များ

လက်နက်ကိုင်တော်လှန်ရေး

ပဒို မန်းရှာလားဖန်း
အထွေထွေအတွင်းရေးမှူး
ကရင်အမျိုးသားအစည်းအရုံး

"တိုင်းပြည်တစ်ပြည်ရဲ့ လူ့အဖွဲ့အစည်းမှာ ဒီမိုကရေစီ ဆိတ်သုဉ်းပြီးအာဏာရှင်တစ်စုက ပြည်သူတရပ်လုံးကိုအကြမ်းဖက်စစ်ပြုသတ်ဖြတ်လာရင် လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပေါ်လာရတာ ဓမ္မတာပဲ။အဲဒီလို အခြေအနေမျိုး ဆက်လက်တည်ရှိနေသရွေ့ လက်နက်ကိုင်တိုက်ပွဲရဲ့အခန်းကဏ္ဍဟာလည်း ကြီးမားနေမှာပဲ။လက်နက်ကိုင်တော်လှန်ရေးဟာအကြမ်းဖက်မှုမဟုတ်ဘူး။ ဒီလိုမဟုတ်ရင်မက လက်နက်ကိုင်တော်လှန်ရေး ဆိုတာမျိုးဟာ ပင်ကိုယ်အားဖြင့် အကြမ်းဖက်မှုကို ဆန့်ကျင်တော်လှန်ခြင်းပဲ။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်ရေးမဟာတော်လှန်ရေးကြီးကိုကြည့်ရင်လက်နက်ကိုင်တော်လှန်ရေးရဲ့ မွန်မြတ်တဲ့ပင်ကိုယ်လက္ခဏာတွေကို ကောင်းကောင်းမြင်နိုင်တယ်။ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲပြီဆိုရင် စွမ်းရည်ပြည့်ဝတဲ့တော်လှန်ရေးတပ်မတော်တရပ်ဖြစ်ဖို့လိုအပ်တယ်။အဲဒါတွေက

(၁) ကြံ့ခိုင်မှန်ကန်တဲ့ နိုင်ငံရေးပါတီတခုရဲ့ခိုင်မာတဲ့ဦးဆောင်မှုရှိရမယ်။

(၂)လူထုနဲ့အေးအတူပူအမျှရပ်တည်တိုက်ပွဲဝင်ရင်းလူထုရဲ့ထောက်ခံမှု ရှိရမယ်။

(၃)စည်းကမ်းလိုက်နာမှု ခိုင်မာကောင်းမွန်ရမယ်။

(၄)စစ်ရေး၊စည်းရုံးရေးကုန်ထုတ်လုပ်ရေးစွမ်းအင်တွေရှိရမယ်။

ဒါမှသာ လူထုနဲ့အတူ အမှီအခိုကင်းကင်း၊ကိုယ့်ဒူးကိုယ်ချွန် ရပ်တည်တိုက်ပွဲဝင်နိုင်မှာ ဖြစ်တယ်။

❖

ရင်ကြားစေ့သင့်မြတ်ရေး ကြိုးပမ်းချက်တွေဟာ အမှားအယွင်းမရှိပါဘူး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနဲ့ အာဃာတတရားကင်းစင်ရေးမူပေါ်မှာ တစိုက်မတ်မတ် ရပ်တည်ခဲ့တယ်။ဒီလို ရင်ကြားစေ့သင့်မြတ်ရေး ကြိုးပမ်းချက်တွေဟာ အမှားအယွင်းမရှိပါဘူး။

၁၉၈၉ ခုနှစ်တုန်းက နိုင်ငံရေးပါတီ (၁၀၄)ပါတီတွေ့ဆုံဆွေးနွေးပြီးတော့ ဒီမိုကရေစီအင်အားစုတွေဘက်ကနေ နအဖနဲ့တွေ့ဆုံဆွေးနွေးဖို့အတွက် တဦးတည်းသောကိုယ်စားလှယ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်ခဲ့တယ်။ အဲဒီအချိန်မှာ နဝတဥက္ကဌ ဗိုလ်ချုပ်မှူးကြီးစောမောင်က ဗေဒါကတော့ တပွင့်တည်းပဲ။ ဘဲအုပ်က တရာနှစ်ရာဖြစ်နေတယ်။ ဒါ့ကြောင့်ဆိုပြီးတော့ တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့တယ်။တွေ့ဆုံဆွေးနွေးမှသာ မြန်မာပြည်ရဲ့ပြဿနာတွေ ဖြေရှင်းနိုင်မယ်။မြန်မာပြည်ရဲ့ပြဿနာတွေကို ဖြေရှင်းနိုင်မှသာ ဒေသတွင်းလုံခြုံမှုနဲ့ငြိမ်းချမ်းဖွံ့ဖြိုးတည်ငြိမ်မှုကို တည်ဆောက်နိုင်မယ်။ ဒါကြောင့် ကျနော်တို့ရဲ့လုပ်ဆောင်ချက်တွေဟာ အမှားအယွင်းမရှိဘူးလို့ ပြောချင်ပါတယ်။

ဦးသန်းထွန်း
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)
(လွတ်လပ်သော အာရှအသံနှင့် တွေ့ဆုံခန်း)
၁၃၊ ဒီဇင်ဘာ၊ ၂၀၀၀

○ ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးတိုင်းခရီးစဉ် မှ

ရန်ကုန်ဘူတာကြီးရှေ့သို့ထိုးဆိုက် လာကြောင်း၊ကားပေါ်မှဆင်းလာသော လူ(၂၀၀)ကျော်ကို ဘူတာကြီးအတွင်းရှိ စခန်းတခုသို့ခေါ်ဆောင်သွားကြောင်း၊ မကြာမီ ထိုလူများအား လုံထိန်းဝတ်စုံများ လဲလှယ်ဝတ်ဆင်ပေးနေသည်ကို တွေ့ရကြောင်း၊သို့သော်လည်း ထိုလူများ၏ရုပ်သွင်မှာ လုံထိန်းတပ်သားများနှင့်လုံးဝမတူဘဲ ထောင်တွင်းမှလူဆိုးများ၊လမ်းဘေးမှ အိမ်မဲ့ယာမဲ့များပုံပေါက်နေသည် သိရသည်။

နေ့လည်(၂)နာရီတွင် စစ်ထောက်လှမ်းရေးများနှင့်ရဲအရာရှိတချို့ ရောက်လာပြီး လူစုခွဲပေးကြရန်၊ ကိုယ့်အိမ်ကိုယ်ပြန်ကြရန်ပြောဆိုပြီး၊လမ်းဘေးမှ မသက်ဆိုင်သူများကို မောင်းထုတ်ကြကြောင်း၊ တဖန် နေ့လည် (၂)နာရီမိနစ်(၃၀)ခန့်တွင် ယင်းကဲ့သို့ ထပ်မံပြောဆိုရာ၌ အသံချဲ့စက်နှင့်ပင် လိုက်လံ ကြေညာကြောင်း သိရသည်။

အဖွဲ့ချုပ် အဖွဲ့ဝင်တဦးက "ကျနော်တို့တတွေဟာ ကျနော်တို့ခေါင်းဆောင်တွေကို လိုက်ပို့ နှုတ်ဆက်ကြတာပါ၊ရထားထွက်ပြီးသွားရင် ကိုယ့်အိမ်ကိုယ်ပြန်ကြမှာပါ။ အခုတော့ ကျနော်တို့ခေါင်းဆောင်တွေကို နှုတ်ဆက်ဖို့ စောင့်နေရပါဦးမယ်"ဟု ရှင်းပြရာ ထောက်လှမ်းရေးများက ဆယ်လူလာဖုန်းများဖြင့် ချက်ခြင်းသတင်းပို့ပြီးနောက် "ခင်ဗျားတို့ လူစုခွဲပေးပါ။ အထက်ကအမိန့်ပေးနေပြီ၊ လူစုမခွဲရင်တော့အဆိုးမဆိုနဲ့"ဟု ပြောဆိုကြောင်း အဖွဲ့ချုပ်အဖွဲ့ဝင်များကလည်း မပြန်နိုင်ကြောင်းငြင်းဆန်နေစဉ်ပထမဆုံး ရှင်းပြသည့် အဖွဲ့ချုပ်အဖွဲ့ဝင်ကို ကားပေါ်သို့အတင်းဆွဲတင်သဖြင့် ကျန်အဖွဲ့ဝင်တို့ကပြန်ဆွဲ ထားကြသည်။

ထိုသို့ အဖွဲ့ဝင်များနှင့် ထောက်လှမ်းရေးတို့ သူဆွဲကိုယ်ဆွဲဖြစ်နေစဉ် ဝတ်စုံလဲပေးထားသော လုံထိန်းအတုများ ထွက်လာပြီး နံပါတ်တုတ်များဖြင့် ဝင်ရိုက်ကြကြောင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်အမျိုးသမီးများကို လုံထိန်းရဲမေတို့က အတင်းအဓမ္မဆွဲတင်ရာ အချို့တရွတ်တိုက်ပင်ပါသွားကြောင်း၊ များပြားလှသောလူအုပ်ကြီးမှာ လုံထိန်းအတုများ၏ ဝင်ရောက်ရိုက်နှက်မှုကြောင့်၊ဟိုပြေးဒီပြေးနှင့် ဘူတာကြီးရှေ့တွင် ဖရိုဖရဲ၊အလဲလဲအကွဲကွဲ ဖြစ်ကြရသည် ဟုဆိုသည်။

ထို့နောက် ညနေ (၃)နာရီ မိနစ်(၃၀)ခန့်တွင် အကြမ်းဖက်နည်း ကျင့်သုံး၍ အဓမ္မဖမ်းဆီးထားသူ အားလုံးအား ကားဖြင့် ခေါ်ဆောင်သွားကြောင်း သိရသည်။

ဖမ်းဆီးခံရသော အဖွဲ့ဝင်များ၏ စာရင်းကို စာမျက်နှာ (၃)တွင် ဖော်ပြထားပါသည်။

ညနေ(၄)နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်(၆)ဦးနှင့်အတူ ရန်ကုန်ဘူတာကြီးသို့ ရောက်လာသည်။နအဖစစ်ထောက်လှမ်းရေးတို့က လက်မှတ်များအားလုံးကို ကြိုတင်ရောင်းချထားပြီး စကြိန်အမှန်(၁)အတွင်းကိုလည်း တစုံတဦးမှ နေခွင့်မပြုတော့ကြောင်း၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် တို့အဖွဲ့ကမူ ည(၁၂)နာရီထိုးသည်အထိ ရထားလက်မှတ်ဝယ်ရန် စောင့်ဆိုင်းနေစဉ် သန့်ရှင်းရေးသမားတို့က ခိုင်းစေထားသည့်အတိုင်း ရေများလောင်းချသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ဖိနပ်နှင့်ခြေထောက်များ ရွှဲစိုသွားကြောင်း၊ ည(၁၂)နာရီ(၄၅)မိနစ်ခန့်တွင် ဘူတာကြီးအတွင်း အဖွဲ့ပေါင်းစုံဖြစ်နေသော ထောက်လှမ်းရေးအဖွဲ့ဝင်တို့ လူများ စီစစ်ပြီးနောက်၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို အဓမ္မဝင်ရောက်ဖမ်းဆီးကြသည်ဟု သိရသည်။

ထို့ပြင် ဒေါ်အောင်ဆန်းကြည်၏ အဆိုပါမန္တလေးခရီးစဉ်ကို အကြောင်းပြုပြီး၊ မန္တလေးတိုင်းအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်၊ တိုင်းအဆင့် မြို့နယ်အဆင့်တာဝန်ရှိသူ(၁၃)ဦးအား၊စက်တင်ဘာလ (၂၀)ရက်နေ့ကတည်းက ဖမ်းဆီးခဲ့သည်ဟု သိရသည်။

ဖမ်းဆီးခံရသူများစာရင်းကို စာမျက်နှာ (၃)တွင် ဖော်ပြထားပါသည်။

❖

မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

သံမဏိကြယ်နီသို့ အထိမ်းအမှတ်ပြုခြင်း   လေထီး ဦးအုံးမောင် သို့

အိန္ဒိယမှာ စစ်သင် တန်းအမျိုးမျိုးကိုတက်ခဲ့ပြီး အမိမြန်မာပြည်အတွင်းသို့ လေထီးနဲ့ခုန်ဆင်းလာခဲ့သူများ ဝဲမှယာ

သခင် လှသောင်း(ဆရာဇော်ဂျီ၏ညီ) သမတကြီး မန်းဝင်းမောင်၊လေထီး ဦးအုံးမောင်

ဝင်းတင့်ထွန်း

(၁)

ကြယ်တွေ တပွင့်ပြီးတပွင့် ကြွေနေကြရတဲ့ ကြယ်ကြွေညရဲ့ ဝေဒနာ အထပ်ထပ်………

ရင်လှိုင်းခတ်သံ အဖုံဖုံကြားမှာ
အရဏ်ကို အာရုံနဲ့ပဲ
လှမ်းမျှော်တမ်းမက်နေရဆဲမှာ ၊
ကြယ်တပွင့် ကြွေပြန်ပြီ ။
သမိုင်းဝင်ကြယ်….ကြယ်နီ ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ကျော်က အမိမြန်မာပြည်ကြီးလွတ်မြောက်ရေးအတွက်၊လွတ်လပ်ရေးအတွက်၊ ဖက်ဆစ်ဘီလူးများကို မောင်းနှင်တိုက်ထုတ်ပစ်ရေးအတွက်၊ အိန္ဒိယမှာ စစ်သင်တန်းအမျိုးမျိုးကိုတက်ခဲ့ပြီး အမိပြည်အတွင်း လေထီးနဲ့ခုန်ဆင်းလာခဲ့သူ ။ လေထီးဗိုလ်အုံးမောင်။ ဦးအုံးမောင် (လေထီး)။ ဦးလေးနဲ့လေထီးဆင်းဖက်က ဗမာပြည် လွတ်လပ်ရေးရစခေတ် နိုင်ငံတော်သမတကြီးဖြစ်ခဲ့ဖူးတဲ့ ကရင်အမျိုးသားကြီး မန်းဝင်းမောင်၊ နောက်တဦးက ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီဝင် ၊အနှစ် နှစ်ဆယ်နဲ့ နိုင်ငံရေးအဘိဓါန် ၊လူ၏မူလအစ တို့လို စာအုပ်စာတမ်း ကျမ်းများကိုပါ ပြုစုရေးသားသွားခဲ့တဲ့ ဗိုလ်မှူး ချစ်ကောင်း၊ ကာနယ် ချစ်ကောင်း။

(၂)

ဦးလေးရဲ့တောင်ဥက္ကလာပ အိမ်အို အိမ်ဟောင်းလေးပေါ် အရောက်ခေါ်သွားကာ ဦးလေးနဲ့ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့တာကလဲ ဦးလေးတို့လို လေထီးဆင်းရဲဘော်ဖက်ဆစ်တော်လှန်ရေးမှာ အထင်ကရခေါင်းဆောင် ရခိုင်အမျိုးသားခေါင်းဆောင် ဗိုလ်ညိုထွန်း၊ (ဦးညိုထွန်း)ရဲ့သားကြီး အကိုကြီး ကိုကျော်လှိုင်။ကိုကျော်လှိုင်ကြောင့်သိခွင့် ကျွမ်းခွင့်ရင်းနှီးခွင့်ရခဲ့သူပေါင်း မြောက်များစွာထဲမှာ ဦးလေးလဲပါခဲ့တယ်။ ဆရာရာဂျန်လဲ ပါခဲ့တယ်။ဆရာ ညွန့်ကြူးလဲပါခဲ့တယ်။ ဦးတင်ရွှေ(မုံရွာ) လဲပါခဲ့တယ်။အခုတော့ ဦးလေး အပါအဝင် တော်တော်များများကွယ်လွန်ကုန်ကြရပြီပေါ့။ ကျနော်ပို့ချင်လွန်းပါလျက် လိုက်ပို့ခွင့်မရခဲ့တဲ့ စျာပနပေါင်းများစွာထဲမှာ ဦးလေးစျာပနကိုလဲ ထပ်ပြီး စာရင်းသွင်းလိုက်ရပြန်ပါပြီ။

ရဲဘော်ရဲဘက်တွေထဲက ၊ တိုင်းချစ်ပြည်ချစ် နိုင်ငံရေးသမားတွေထဲက၊ တဦးဦးရဲ့နာရေးကိစ္စ၊ စျာပနကိစ္စများ ရှိရင်၊ခြေထောက် ထော့နဲ့ထော့နဲ့ကြားက တုတ်ကောက်ကလေး ထောက်ထောက်ပြီးရောက်လာတတ်တဲ့ဦးလေးရဲ့ပုံ၊ မဖြစ် ဖြစ်အောင်လိုက်ပို့တတ်တဲ့ ဦးလေးရဲ့ပုံကို ကျနော်ပြန်မြင်ယောင်နေမိတယ်။ စျာပန တော်တော် များများမှာ ဦးလေးကိုယ်တိုင် စျာပနကော်မတီဝင်အဖြစ် ဦးစီးဦးကိုင် ပါဝင်ဆောင်ရွက် စီစဉ်နေတတ်ပုံတွေကို လဲ ကျွန်တော်သတိရနေမိတယ်။ ဆရာသခင်မြသန်းစျာပန၊ ဆရာ ဇန်းမော်တင်အောင် စျာပနတွေတုန်းကဦးလေးနဲ့ ဆရာရာဂျန်ရဲ့ပုံတွေကို ကျနော်ပြန်မြင်နေမိတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိခင်ကြီး ဒေါ်ခင်ကြည်ရဲ့စျာပနတုန်းကလဲ တုတ်ကောက်ကလေးထောက်ပြီး ဦးလေးရောက်လာတယ်။ဦးခင်မောင်မြင့်တို့ ကျွန်တော်တို့နဲ့အတူတူ ဦးလေးလိုက်လာတယ်။ ဂူသွင်းမယ့် ရွှေတိဂုံစေတီတော်ကုန်းခြေရင်းက နေရာရောက်လာတော့ဦးလေး ဦးခင်မောင်မြင့်ကတော့ ပြည်သူ့တိုးတက်ရေးပါတီက ဥက္ကဌလဲဖြစ်တော့၊စျာပနကော်မတီရဲ့အစီအစဉ်အတိုင်း သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်များနေရာအထိ လူအုပ်ကြီးကြားထဲ တိုးဝှေ့ပြီးဝင်သွားတယ်။ ဦးလေးက တုတ်ကောက်လေးထောက်ပြီး ကျနော့်ပခုံးကိုဖက်ပြီး အပြင်ဖက်မှာ နေခဲ့တယ်။ ဒေါ်ခင်ကြည်ရဲ့စျာပနဆိုတော့ အနယ်နယ်အရပ်ရပ်ကပါ မကျန် လာလိုက်ကြတဲ့ပရိသတ်တွေ ရော၊နိုင်ငံရေးပါတီအသီးသီးက ကိုယ်စားလှယ်တွေရော၊ ရန်ကုန်မြို့ပေါ် အလွှာအသီးသီးက ပရိသတ်တွေရော ဆိုတော့ တိုးမပေါက်အောင် စည်ကားနေခဲ့တယ်။ နှစ်နာရီနီးပါးလောက် မတ်တပ်ရပ်နေခဲ့ရပြီးတဲ့နောက် ဦးလေးက ကျနော့်ကို "လာ….ကျနော်တို့ တော်ဘုရားလေးအိမ်ဖက်သွားနားရင်း ရေလေးဘာလေးသောက်ရအောင်" လို့ ဆိုတယ်။ "တော်ဘုရားလေးအိမ်က ဘယ်နားမှာလဲဦးလေး" လို့ ကျနော်ကမေးတော့ "နီးနီးလေးပါ" လို့ပြောရင်း ဖက်ထားတဲ့ကျနော့်ပခုံးကို လှည့်ခေါ်ရင်း ဦးလေးနဲ့ကျနော် နှစ်ဦးသားတရွေ့ရွေ့သွားကြတယ်။ လမ်းမှာ ဦးလေးက စကားတွေပြောလို့၊တော်ဘုရားလေးဦးအောင်ဇေ အိမ်ပေါက်ရောက်တော့ဦးအောင်ဇေကလဲ "ဟာ လာလာ ကိုအုံးမောင် "လို့ဆီးကြိုရင်း ကျနော်တို့ကို နေရာပေးတယ်။ အအေးနှစ်ခွက်ယူလာပြီး တယောက်တခွက်စီ ချပေးတယ်။

"ဒေါ်အမာတို့လဲ ရောက်နေတယ်ဗျ"လို့ ဦးအောင်ဇေကပြောပြီး ရှုံ့ရှိသေးတယ်၊ ဒေါ်ဒေါ်လူထုဒေါ်အမာက အိမ်ထဲကထွက်လာပြီး ဦးလေးကို နှုတ်ဆက်တယ်။ ဦးလေးနဲ့စကားတွေလာပြောတယ်။ကျနော်က ဦးလေးဘေးကနေ ဦးလေးတို့ ဒေါ်ဒေါ်တို့ ပြောကြဆိုကြတာတွေကို ငေးပြီးနားထောင်နေမိတယ်။ တော်ဘုရားလေးအိမ်ပေါ်ကနေကြည့်လိုက်ရင် ဒေါ်ခင်ကြည်စျာပနမြင်ကွင်းကိုလဲ လူတွေကြိတ်ကြိတ်တိုးကြားမှာ အတိုင်းသားမြင်နေရတယ်။အဲဒီနေ့ကညနေစောင်းမှ ဦးလေးနဲ့ကျနော် အတူတူပြန်လာခဲ့ကြတယ်။

(၃)

ဦးလေးရဲ့အိမ်ကို ကျနော်အကြိမ်တော်တော်များများ ရောက်ဖူးတယ်။ အိမ်အိုလေးတုန်းကတော့ နှစ်ကြိမ်ပါပဲ။ အိမ်အသစ်ပြင်ဆောက်ပြီးမှ (လက်ရှိအိမ်ကျမှ) ရောက်ဖြစ်တာကတော့ ပိုများပါတယ်။ခြေတံရှည်အိမ်ကလေးရဲ့လှေခါးထစ်တွေကိုနင်းပြီး အိမ်ကလေးထဲဝင်လိုက်တာနဲ့ ဦးလေးရဲ့ပုံ ပုံတူဆီဆေး ပန်းချီကားကြီးဆီကျနော့်မျက်စိက အရင်ရောက်မိတတ်မြဲဖြစ်ပါတယ်။ပန်းချီဆရာတယောက်ကဆွဲပြီးပေးထားတဲ့ပုံပါ။ အနီရောင် နောက်ခံပေါ်မှာ ဦးလေးရဲ့ပုံဟာ အမြဲတန်း သက်ဝင်လှုပ်ရှားနေပါတယ်။ ဦးလေးရဲ့ ထူးထူးခြားခြား ပြန့်ကားကြီးမားလှတဲ့ နားရွက်အစုံဟာ မျက်နှာရှည်ရှည်ကြီးပေါ်မှာ စွင့်ထွက်နေပါတယ်။ မျက်စိအစုံဟာလဲ အရွယ်နဲ့မမျှအောင် စူးရှတောက်ပနေတတ်ပါတယ်။ကြည့်လိုက်တာနဲ့ထက်မြက်တဲ့ရဲရင့်တဲ့ပုံဟာ အလိုလိုပေါ်နေပါတယ်။

ကျနော် သတိထားမိသလောက် ကျနော်တို့နဲ့ စကားပြောတိုင်း ဦးလေးဟာ ပြုံးပြုံးပြုံးပြုံးနဲ့ပဲ စကားပြောလေ့ ရှိပါတယ်။ သူ့အိမ်မှာသာမဟုတ် တခြားနေရာတွေမှာတွေ့ရင်လဲ ဦးလေးကပဲ အရင်ဦးအောင်ပြုံးပြီး နှုတ်ဆက်တတ်ပါတယ်။လူငယ်တွေအပေါ်အရေးထားတတ်ပုံဟာသိသာလွန်းလှပါတယ်။ တခါ သခင်ဗမောင်သမီးမင်္ဂလာဆောင်မှာ ထင်ပါတယ်။ကျနော်နဲ့ကိုအောင်ထူး (ယခုဘီအယ်လ်စီ)အတူသွားကြတော့ ကျနော်တို့နှစ်ယောက်က မမြင်ပါ။ ကျနော်တို့အရင်ရောက်နေတဲ့ ဦးလေးကလှမ်းမြင်ပြီး ကျနော်တို့ကို လှမ်းနှုတ်ဆက်တယ်။ဦးလေးဟာ မျက်စိလဲလျှင်သလို အကင်းလဲသိပ်ပါးပါတယ်။ဦးလေးဟာမြင်လျက်နဲ့ နှုတ်မဆက်ဖူးဆိုရင်တော့ အကြောင်းတခုခုသာရှိလို့ ဆိုတာသေချာတယ်။အဲဒီအကြောင်းကို နောက်ကြုံတဲ့အခါမှာ ပြောပြတတ်ပါတယ်။

ဦးလေးအိမ်မှာ ကျနော်ရောက်တိုင်း၊ဦးလေးဟာ ပြူတင်းပေါက်ကနေ အပြင်ကိုတချက်တော့ ဖြတ်ကနဲ လှည့်ကြည့်လေ့ရှိတယ်။ ပြီးရင် ခပ်ပြုံးပြုံး ပြောတတ်တယ်။

"ဟိုအစောင့်တော့ လမ်းထိပ်မှာ ရောက်နေသလားမသိဘူး"တဲ့၊ဦးလေး ပြောတဲ့အစောင့်ဆိုတာ၊ (အမ်အိုင်) ကို ပြောတာပါ။ဟိုတုန်းက တလျှောက်လုံး ဦးလေးအိမ်ရှေ့မနီးမဝေးမှာ အမ်အိုင်ချထားတတ်ပါတယ်။တခါဆိုရင်ဦးလေး ပုဂံ–ညောင်ဦးဘက်သွားတာ အမ်အိုင်က ထက်ချပ်မကွာလိုက်လာတယ်လို့ ဆိုပါတယ်။အထူးသဖြင့် ဦးလေး ဒုတိယအကြိမ်မြောက်ကျွန်းကနေပြန်ရောက်ပြီးစနဲ့ ၁၉၈၀ပြည့်နှစ်ကျော်တဝိုက်လောက်အထိဟာ ဦးလေး ဘယ်ကိုမှ ဝေးဝေးလံလံသွားလို့မရရုံမက စစ်အုပ်စုဟာ ဦးလေးကို အနီးကပ်တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေခဲ့တယ်။ စစ်အုပ်စုဟာ ဦးလေးကို မယုံကြည်ခဲ့သလို၊ ဦးလေးကလဲ စစ်အုပ်စုကိုဘယ်တုန်းကမှ မယုံကြည်ခဲ့ပါဘူး။စစ်အုပ်စုအပေါ် နိုင်ငံရေးအရ အတွေးအခေါ်အရသာမဟုတ်၊ လက်တွေ့ဘဝအရပါ နာနာကျည်းကျည်း မုန်းမုန်းတီးတီး စည်းခြား ဆန့်ကျင်ကြသူတွေထဲမှာ ဦးလေးဟာ ထိပ်ကစာရင်းတင်ရမယ့်သူတဦးပါ။ ပြည်ထောင်စုအစိုးရလက်ထက် တောတွင်းတိုက်ပွဲတနေရာမှာ ဦးလေးခြေထောက်တဖက်ကျိုးခဲ့ရသလို ဦးလေးရဲ့နံရိုးတွေကို မဆလစစ်အစိုးရလက်ထက် အမ်အိုင်တွေက အပိုင်းပိုင်းကျိုးအောင် ရိုက်ချိုးပစ်ခဲ့တယ်။စစ်ဖိနပ်တွေနဲ့ တက်နင်းခဲ့တယ်။ အမ်အိုင်ချုပ် မျက်မှန်တင်ဦးဆိုတဲ့ နွားတိရိစ္ဆာန်ကြီးကိုယ်တိုင် စစ်ဖိနပ်နဲ့တက်နင်းခဲ့တယ်။ ဒါကြောင့်ဦးလေးနံရိုးတွေ အပိုင်းပိုင်းကျိုးခဲ့ရတယ်။ နံတဖက် နိမ့်သွားရပြီး လမ်းသွားတိုင်းထော့နဲ့ထော့နဲ့ဖြစ်ခဲ့ရတာ သေတဲ့အထိပါဘဲ။ဒါကြောင့် စစ်အာဏာရှင်စနစ်ဆိုးအပေါ် စစ်အုပ်စုအပေါ် အသွေးအသားထဲကသာမက အရိုးထဲကပါတူးတူးခါးခါး မုန်းခဲ့သူ ဖြစ်ပါတယ်။

သူတို့ကိုယ်တိုင် နံရိုးကို အပိုင်းပိုင်းကျိုးအောင်ရိုက်ချိုးနင်းချေပစ်ခဲ့တဲ့ စစ်အုပ်စုဟာ ၁၉၈၀ပြည့်နှစ်ထဲမှာ ဦးလေးကို နိုင်ငံ့ဂုဏ်ရည်ဘွဲ့ လာပေးခဲ့တယ်။ဦးလေးငြင်းခဲ့ပါတယ်။ မလိုချင်ဘူးလို့ပြောခဲ့ပါတယ်။လက်ချိုးရေလို့ရတဲ့ငြင်းခဲ့ကြသူအနည်းစုထဲမှာဦးလေးပါခဲ့ပါတယ်။ဒါပေမဲ့ အတင်းပေးထားခဲ့ကြပါတယ်။ဘွဲ့တံဆိပ်တွေ ပေးအပ်မယ့်အခန်းအနားမှာကိုယ်တိုင်တက်ယူဖို့ ဖိတ်ကြားပေမယ့် ဦးလေးမသွားခဲ့ပါဘူး။

(၄)

ဦးလေးနဲ့ ကျနော့်ကြားမှာ ကျနော့်အတွက် မမေ့နိုင်တဲ့အဖြစ်အပျက်တခုရှိပါတယ်။ အဲဒါကတော့ ၁၉၈၂ မှာ ကျွန်တော့်ကို အမ်အိုင်က နိုင်ငံရေးမှုနဲ့ ဖမ်းတဲ့အခါမှာ ၊ ထောက်လှမ်းရေး(၆)က ဗိုလ်ကြီးအောင်ဝင်း ဆိုတဲ့ ရွှေကျီးအောင်ဝင်းက "ဟေ့ကောင် မင်းနဲ့လေထီးအုံးမောင် ဆိုတဲ့ အကောင်ကြီးရယ် ၊ကုလားကြီးဆရာ ရာဂျန်ဆိုတာရယ် ဘယ်လိုပတ်သက်သလဲပြော"ဆိုပြီး ထုတဲ့နှက်တဲ့ကိစ္စပါဘဲ။ကျနော်လဲ အထုအနှက်ခံခဲ့ပါတယ်။

၁၉၈၆ထဲမှာ ကျနော်ထောင်က ထွက်လာတော့၊ကျနော်တို့နဲ့အတူတူ ထောင်ကျခဲ့ပြီး၊ကျနော့်ထက်ထောင်ကျနှစ်နည်းလို့ ကျွန်တော့်အရင်စောစောစီးစီး အပြင်ရောက်နေပြီးသားဖြစ်တဲ့ "အကိုကြီး "တဦးက ကျနော့်ကိုတွေ့တွေ့ချင်းပြောလာတယ်။"ဟေ့ ကောင်မင်းကို လေထီးကြီးက တွေ့ချင်လို့တဲ့၊ ထမင်းလဲစားဖို့ဖိတ်ထားတယ်၊ အဲဒါ မနက်ဖန် သွားနိုင်မလား၊ သွားနိုင်ရင် ငါမင်းကိုလာခေါ်မယ်၊ သူ့ကိုလဲ ငါ အကြောင်းကြားလိုက်မယ်" ကျနော်က ခေါင်းညိမ့်ပြလိုက်တယ်။ နောက်နေ့မှာကျနော်နဲ့အကိုကြီး ဦးလေးအိမ်ကိုရောက်တော့ ဦးလေးက ပြုံးပြုံးကြီးကြိုလို့၊ထောင်ထဲကအကြောင်းတွေ ၊လက်ရှိနိုင်ငံရေးအခြေအနေတွေ၊ သူတို့ ကိုယ်တိုင်ဖြတ်သန်းလာခဲ့ရတဲ့ ထောင် တွင်းဘဝတွေ၊စုံနေအောင်ကိုဘဲ ပြော ဖြစ်ဆိုဖြစ်ခဲ့ကြတယ်။

တကယ်က ထောင်အကြောင်း နောကျေနေအောင်သိတဲ့နေရာမှာ ဦးလေးထက်သာတဲ့လူ ရှိမှရှိနိုင်ပါ့မလား။ ဒီကြားထဲက ကျနော့်ရဲ့ မလောက်လေး မလောက်စား ထောင်အတွေ့အကြုံ၊ စစ်ကြောရေးအတွေ့အကြုံတွေကိုစိတ်ဝင်တစားမေးနေခဲ့တယ်။ ကျနော်တို့ စကားပြောနေကြတဲ့အချိန်မှာ ဦးလေးရဲ့ဇနီး ဒေါ်မြင့်မြင့် ဟာ ထုံးစံအတိုင်း ကျနော်တို့စကားဝိုင်းနဲ့ဝေးရာမှာသွားနေတယ်။ဦးလေးရဲ့ တဦးတည်းသော သမီး နီနီမာ ကိုလဲ ရိပ်ခနဲလောက်ပဲ မြင်လိုက်ရပြီး ပြန်ထွက်သွားတာ တွေ့လိုက်ရတယ်။ကျနော်တို့ ရဲဘော်ရဲဘက် မိတ်ဆွေများကြားမှာ တကယ့်အဖြစ်အပျက်လဲဖြစ်တဲ့ရယ်စရာ မောစရာလိုလဲဖြစ်နေတဲ့"ဦးလေးတို့ သားအဖ"ရဲ့ ပုံပြင်လေးတပုဒ် ရှိပါတယ်။ အဲဒီ ပြောစမှတ်ပြုရလောက်တဲ့ အဖြစ်အပျက်ကလေးက ဦးလေးရဲ့ထောင်နဲ့ နပန်းလုံးနေခဲ့ရတဲ့ ဘဝအစိတ်အပိုင်းကာလတကွေ့အကြောင်းကို မီးမောင်းထိုးပြနေပါတယ်။ အဲဒါကတော့….

ဦးလေးထောင်ကလွတ်လာတော့ အိမ်ပြန်လာခဲ့သတဲ့။အိမ်နဲ့ နှစ်ပေါင်းများစွာဝေးလာခဲ့ရတဲ့ဦးလေး သမီးလေးငယ်ငယ်လေးကတည်းက ခွဲခဲ့ရပြီး နရသိန်စံခဲ့ရတဲ့ ဦးလေးဟာ သူ့ အိမ်လေးဆီပြန်ရောက်လာတော့ အိမ်ရှေ့ကပြင်မှာကလေးမလေး တယောက် ထိုင်နေတာကိုတွေ့ရသတဲ့၊ သူ့အမေကတော့ နောက်ဖေးချောင်ရောက်နေလို့ လှမ်းမတွေ့ရဘူးတဲ့။ ဦးလေးကတော့ လှမ်းကြည့်လိုက်တာနဲ့ ဒါ သူ့သမီး ပဲ ဆိုတာကိုသိပြီး

"ဟဲ့ သမီး ၊နင့်အမေ ဘယ်သွားလဲ"လို့ နွေးနွေးထွေးထွေးအပြုံးနဲ့မေးသတဲ့။ကလေးမလေးက နားမလည်သလို အံ့ဩသလို ခပ်စိမ်းစိမ်းပြန်ကြည့်သတဲ့။ အဲဒီတော့ ဦးလေးက "သမီး အဖေလေ….အဖေ " လို့ ဆက်ပြောတော့ နီနီမာလေးက သုတ်ကနဲနေအောင် နောက်ဖေးတန်းဝင်ပြေးပြီးသူ့အမေကို အော်ပြောသတဲ့။ "အမေ အမေ အိမ်ရှေ့မှာ သူ့ကိုယ်သူ အဖေ ဆိုတဲ့လူကြီး ရောက်နေတယ်"တဲ့ ။

အဲဒီအဖြစ်အပျက် ပြက်လုံးလေးဟာကျနော်တို့လောကမှာအထူးသဖြင့် ထောင်နန်းစံသက်ကြာရသူ သားသမီးငယ်လေးများ ကျန်ခဲ့ရသူတို့ရဲ့လောကမှာ "အမေ အမေ သူ့ကိုယ်သူ အဖေ ဆိုတဲ့လူကြီးရောက်နေတယ်လို့ ဖြစ်တော့မယ်ထင်ပါတယ်"လို့ ပြောစမှတ်ပြုကျန်ခဲ့ရပါတယ်။

အဲဒီနေ့က ကျနော့်ကို ဦးလေးဟာ တခုတ်တရ သူကိုယ်တိုင်ထမင်းပြင်ကျွေးပြီး၊ ကျနော်တို့ ပြန်မယ်ပြင်တော့ ကျနော့်အိပ်ထဲပိုက်ဆံလေး(၂၅)ကျပ် အတင်းထည့်ပေးရှာတယ်။ကျနော့်ဘဝမှာ ဘယ်တော့မှမမေ့နိုင်စရာပါပဲ ဦးလေးရယ်။နောက်ထပ် မမေ့နိုင်စရာ

တခုကတော့ ကျနော်ဟာ စာပေအနု ပညာကိုမြတ်နိုးတဲ့ ၊ စာလေးဘာလေး ရေးသားနေသူ တယောက်ဖြစ်တယ် ဆိုတာသိထားတဲ့ ဦးလေးဟာ ၊ တနေ့ (၃၃လမ်းထဲက) စာပေလောကနားမှာ သွားဆုံမိတော့ ဦးလေးက "လာ ခင်ဗျားကို ကျနော် မိတ်ဆက်ပေးရဦး မယ်၊နောင် သူတို့မဂ္ဂဇင်းမှာ စာလေး ဘာလေးရေးပြီး ပို့ချင်ရင်လဲ ပို့လို့ရ အောင်"လို့ဆိုပြီးခေါ်သွားတယ်။ "ပေ ဖူးလွှာ"မဂ္ဂဇင်းတိုက်ထဲ ဝင်သွားတော့ အောက်ထပ်မှာ "ဖျာပုံ နီလုံဦး"တို့ ရှိနေတယ်လေ။ ဦးလေးက"ကိုမြလှိုင် ရှိလား"လို့မေးလိုက်တော့ကိုနီလုံဦးက အပေါ်မှာရှိတယ်လို့ပြန်ဖြေတယ်။ ဦး လေးကဦးဆောင်ပြီး ကျနော့်ကိုအပေါ် ခေါ်သွားတယ်။စားပွဲတလုံးမှာ ဦးမြ လှိုင်က ထိုင်နေရာကနေ ဦးလေးကိုမြင် တော့ ပျာပျာသလဲ ဆီးပြီးနှုတ်ဆက် တယ်။ဦးလေးက ကျနော့်ကို ဦးမြလှိုင် (ပေဖူးလွှာ)နဲ့ မိတ်ဆက်ပေးခဲ့တယ်။ ဖျာပုံသားဖြစ်တဲ့ ဦးမြလှိုင်ဟာ ဖျာပုံ သားဖြစ်တဲ့ဦးလေးနဲ့ ဖျာပုံ အကြောင်း ငယ်ဘဝရုပ်ပုံ တစိတ်တပိုင်းတွေကို ပြောဆိုရယ်မောလို့ ။အဲဒီအချိန်တုန်းက ဦးမြလှိုင်က သူ့ရဲ့ ပေဖူးလွှာမဂ္ဂဇင်း ထဲမှာပဲ "ဘဝနေဝင်ချိန်"ကို အခန်း ဆက်ရေးနေတဲ့အချိန်ပေ့ါ။အဲဒီ ဘဝ နေဝင်ချိန်ထဲမှာပဲ ဦးလေးရဲ့ဘဝ လှုပ် ရှားမှုရုပ်ပုံတပိုင်းတစတွေလဲ ပါနေခဲ့ တယ်လေ။

အပြန်လမ်းမှာ ကျနော်က ဦး လေးကို "ဦးလေးလဲစာလေးဘာလေး ရေးစေချင်တယ်၊ဦးလေးအကြောင်း ဦးလေးကိုယ်တိုင်ပြန်ရေးနိုင်ရင် ကောင်း မယ်၊ကျွန်တော်ကတော့ ဦးလေးကို စာ ရေးစေချင်တယ်"လို့ တိုက်တွန်း မိတယ်။ ဦးလေးကပြုံးလို့ ။ ပြီးတော့ "ကျနော်လဲ ငယ်တုန်းကတော့ တော် တော်ဝါသနာပါတယ်ဗျ"လို့ ပြန် ဖြေတယ်။တခါတော့ ကျနော်နဲ့ စကား ဆက်စပ်မိရင်းကျနော်က အထက်တန်း ကျောင်းသားဘဝမှာ အင်းတော်မှာ နေခဲ့ဖူးတယ်လို့ပြောတော့ ဦးလေးက "ဟာ ဟုတ်လား ကျနော်လဲ မသေခင် တခေါက်လောက်တော့ ကျနော်တို့ ဖက်ဆစ်တော်လှန်ရေးတုန်းကလေထီး ခုန်ချခဲ့တဲ့(ဂျုံးဂျုံးဂျ)ဆိုတဲ့ ရွာကလေး ဖက်ဆီ သွားကြည့်ချင်တယ်။ဂျုံးဂျုံးဂျ က အင်းတော်မြို့နယ်ထဲမှာ၊အဆင်ပြေ ရင် ခင်ဗျားနဲ့ကျနော်သွားရအောင်" လို့ ပြောဖူးတယ်။

"ဦးလေးတို့ လေထီးခုန်ချခဲ့တဲ့ ဂျုံးဂျုံးဂျမှာ ကျနော့်သူငယ်ချင်းတွေ ရှိတယ်၊ကျောင်းနေဖက်ဖြစ်ဖူးတဲ့ သူ ငယ်ချင်းတွေပေ့ါ အဆင်ပြေတဲ့အခါ သွားကြတာပေ့ါ "လို့ ကျနော်ကဦးလေး ကို ကတိပေးဖူးတယ်။ဒါပေမယ့် ကျနော် ဦးလေးကို လိုက်ပို့ခွင့်မရခဲ့ဘူး။ဦးလေး ကတော့သူ့ရဲ့စိတ်ဆန္ဒကို မသေမီ အ ကောင်အထည်ဖော်သွားခဲ့တာ၊ကျနော် အဝေးကိုရောက်နေမှ သိခွင့်ရလိုက်ပါ တယ်။ မိုးဂျာနယ်ထဲမှာပဲ ထင်ပါတယ်။ ဦးလေးကိုယ်တိုင်ရေးတဲ့ ဦးလေးရဲ့ ဂျုံးဂျုံးဂျခရီး ဆောင်းပါးကို အလွမ်း နဲ့ ဖတ်လိုက်ရပါတယ်။ဦးလေးရဲ့ကိုယ် တိုင်ရေး"နှစ်ပေါင်းငါးဆယ်ကျော်ကြာ သောအခါ"တော်လှန်ရေးအတွေ့အကြုံ ဆောင်းပါးရှည်ကြီးကိုလဲ မိုးဂျာနယ် မှာပဲ လစဉ် စောင့်လင့်ပြီးဖတ်ခွင့်ရခဲ့ ပါတယ်။ဦးလေးတော့ တကယ်ကို စာ တွေရေးနေပြီပဲဆိုတာ သိလိုက်ရရင်း ဝမ်းမြောက်ပီတိဖြစ်ခဲ့ရပါတယ်။ နွယ်နီ မှာ၊မိုးမှာ ပါပါလာတတ်တဲ့ ဦးလေးရဲ့ ဆောင်းပါးတွေတိုင်းကိုလဲ ကြုံတိုင်း ကျနော်ဖတ်ခဲ့ပါတယ်။ ဖတ်တိုင်းလဲ ဦးလေးရဲ့ရုပ်ပုံကို ပြေးပြေးပြီး မြင်ခဲ့မိ ပါတယ်။အခုတော့ ဦးလေးတယောက် ဆုံးရှာပြီပေ့ါ။ ဒါပေမဲ့ ဦးလေးရဲ့ အကြောင်း၊ဦးလေးရဲ့စိတ်ဓါတ်ဦးလေး ရဲ့ အမိပြည်အတွက်သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ချက်တွေကတော့ ဗမာ ပြည်နိုင်ငံရေးလှုပ်ရှားမှု သမိုင်းမှာ ဘယ်တော့မှမသေနိုင်ဘဲ ကျန်နေရစ်ခဲ့ ပြီပေ့ါ။ အင်္ဂလိပ် နယ်ချဲ့လက်အောက် ကလွတ်မြောက်ဖို့ကြိုးပမ်းကြတဲ့ ဗမာ့ လွတ်လပ်ရေးသမိုင်းအကြောင်းကို ပြန် ပြောကြရင်ဦးလေးအကြောင်း၊ဦးလေး နာမည်လဲ ပါလာရတော့မှာပဲ။

၁၃၀၀ပြည့် သမိုင်းအကြောင်းကို ပြန်ပြောကြရင်အသေခံဗိုလ်တွေရွေးတဲ့ အသေခံဗိုလ်စာရင်းမှာ **ဗိုလ်အုံးမောင်** ဆိုတာ ချန်ထားလို့ရမလား ဖက်ဆစ် တော်လှန်ရေးအကြောင်းနဲ့ အိန္ဒိယ ရောက်ဗမာ့တော်လှန်ရေး လေထီး ရဲ ဘော်များသမိုင်းပြန်ပြောရင် လေထီး ဗိုလ်အုံးမောင် ဆိုတဲ့နာမည်ကိုဖျောက် ပစ်လို့ရပါ့မလား။ ဗမာပြည်ကွန်မြူနစ် ပါတီ သမိုင်းအကြောင်းပြောကြရင်လဲ ဗိုလ်အုံးမောင် ဆိုတဲ့နာမည် မပါပဲရပါ့ မလား။ နိုင်ငံရေးအစိုးရခေတ်ကနေ နောက်ဆုံး နဝတ၊နအဖ၊စစ်အစိုးရ ခေတ်တွေအထိ အကျဉ်းကျခံတိုက်ပိတ် ခံ နိုင်ငံရေးအကျဉ်းသားများသမိုင်း အကြောင်းပြောကြရင်ကော ဗိုလ်အုံး မောင်ဆိုတာ ထိပ်ကစပြီး ပြောရမယ့် ပုဂ္ဂိုလ်တဦးမဟုတ်လား။လွတ်လပ်ရေး ရစခေတ်ကနေ ကနေ့ခေတ်အထိ ဗိုလ်အုံးမောင် အဖမ်းအဆီး အထိမ်း အသိမ်းမခံခဲ့ရဖူးတဲ့ခေတ် မရှိခဲ့ဖူးဘူး မဟုတ်လား။ ကိုကိုးကျွန်း အကျဉ်း ထောင်တိုက်ပွဲသမိုင်း၊ အစာတော်ခံတိုက် ပွဲသမိုင်းကို ပြောကြမယ်ဆိုရင်ကော၊ ဗိုလ်အုံးမောင် အကြောင်းမပြောလို့ ရမယ်တဲ့လား။ ကျွန်ဖျက်သိမ်းရေး အစာတော်ခံတိုက်ပွဲကြီးကို အောင်ပွဲခံ ခဲ့တဲ့အထိတိုက်ခဲ့တဲ့ ဦးစီးခဲ့တဲ့ တိုက်ပွဲ ကော်မတီဦးစီးခေါင်းဆောင်၊နံပါတ်(၁) ဟာ ဗိုလ်အုံးမောင်ပဲ မဟုတ်လား။

(၅)

ဦးလေးရဲ့အကြောင်းကို ဦးလေး သက်ရှိထင်ရှား ရှိစဉ်ကတည်းက တလေးတစား ဖော်ပြခဲ့ကြတာ၊ ရေး သားချယ်မှုန်းခဲ့ကြတာတွေ တော်တော် များများရှိခဲ့ပါတယ်။ သခင်မြသန်းက **နှစ်ကျွန်းစံသံမဏိသူရဲကောင်း** ဆို ပြီး ဦးလေးဗိုလ်အုံးမောင်နဲ့ သခင်ဖေ ငွေး အကြောင်းကို စာအုပ်တအုပ် အဖြစ် ပြုစုရေးသားဂုဏ်ပြုသွားခဲ့တယ်။ ဦးလေးဟာကိုကိုးကျွန်းကိုတကြိမ်မဟုတ် နှစ်ကြိမ်တောင်အပို့ခံခဲ့ရတဲ့ နှစ်ကျွန်းစံ ကြီးမဟုတ်လား။ဦးလေးရဲ့ ချစ်ရဲဘော် လေထီးအတူဆင်းဖက် ဗိုလ်မှူးချစ် ကောင်းကလဲ **အောင်ထွန်း** နာမည် ဝှက်နဲ့ရေးခဲ့တဲ့ **သိန်းဖေစခန်းမှသန်း ထွန်းစခန်းသို့** စာအုပ်ထဲမှာ ဦးလေး ရုပ်ပုံတစေ့တစောင်းကို ရေးချယ်ပြခဲ့ ဖူးပါတယ်။လူထုဦးလှတို့ ဇန်းမော်တင် အောင်၊မြသန်းတင့်၊ ဒဂုန်တာရာ တို့ရဲ့ နရသိန်နောက်ခံ စာအုပ်စာတန်း ဆောင်းပါးတွေထဲမှာလဲ ဦးလေး အကြောင်း တစိတ်တဒေသတွေ တို့ထိ ဖော်ပြခဲ့ကြတယ် မဟုတ်လား။

ပေဖူးလွှာဦးမြလှိုင်က **ဘဝ နေ ဝင်ချိန်** မှာ ဇာတ်ကောင်တဦးအဖြစ် ဦးလေးရဲ့ရုပ်ပုံကို ထည့်သွင်းချယ်မှုန်း သွားခဲ့သလို၊ ကျွန်းပြန်ကြီး မန်းငြိမ်း မောင်(ရဲဘော်ရှောင်း)ကလဲ သူ့ရဲ့ **မုန် တိုင်းကိုကျော်၍** ထဲမှာ ဦးလေးကို လေးလေးစားစားစုတ်ချက်တို့ ပြသွား ခဲ့ပါတယ်။အခု ဦးလေးအကြောင်းကို ထောင့်ပေါင်းစုံကနေ ရေးကြသားကြ အထိမ်းအမှတ်ပြုကြမယ့်သူတွေ လာပါ လိမ့်ဦးမယ်။ ချယ်မှုန်းကြ၊ဂုဏ်ပြုကြ ဦးညွှတ်ကြ ပါလိမ့်ဦးမယ်။

ဦးလေးဟာ နောက်ဆုံးသေကာ နီးအချိန်အထိ၊ရာသက်ပန် နိုင်ငံရေး သမား ပီသစွာ တိုင်းပြည် အတွက် ပြည်သူ့အကျိုးစီးပွားအတွက် တတ်နိုင်တဲ့နေရာကနေ ရပ်ခံဖော်ပြ သွားခဲ့ပါတယ်။ စစ်အစိုးရ စစ်အာဏာ ရှင်စနစ်ကို အရိုးထဲကတောင် မုန်းတီး ခါးသီးခဲ့သူဖြစ်ပေမယ့် အင်န်အယ်လ်ဒီ နဲ့ စစ်အုပ်စုတွေ့ဆုံဆွေးနွေးကြဖို့၊တိုင်း ပြည်ရဲ့အမျိုးသားရေးပြဿနာတွေကို အမြန်ဆုံးဖြေ ရှင်းကြဖို့ တောင်းဆိုတဲ့ မေတ္တာရပ်ခံတဲ့ သဘောထားထုတ်ဖော် တဲ့ ဗိုလ်မှူးအောင်အပါအဝင် နိုင်ငံရေး သမားဟောင်းကြီးများရဲ့ နိုင်ငံရေးလှုပ် ရှားမှုတိုင်းထဲမှာ ပါဝင်လက်မှတ်ရေး ထိုးသွား ခဲ့တယ်။တိုင်းပြည်ရဲ့အကျိုး ကိုဘဲအဓိကအဖြစ်မမှိတ်မသုန် မျက် မှောက်ပြုပြီး စစ်မှန်တဲ့ တိုင်းချစ်ပြည် ချစ်နိုင်ငံရေး သမားကောင်းပီသစွာ ဖော်ပြလှုပ်ရှားသွားခဲ့ပါတယ်။ ကျနော် ဟာ ဦးလေးရဲ့ရုပ်ပုံကို ဒေါင့်အသီး သီးက ဖော်ပြချယ်မှုန်းကြသူတွေထဲ မှာ သာမန်ကောက်ကြောင်းကြမ်း ကလေး တခြစ်နှစ်ခြစ်မျှသာ တို့ထိပြနိုင် သူဖြစ်ပါတယ်။ကျနော့်ရဲ့ပုဂ္ဂိုလ်ရေး ဆိုင် ရာခံစားရမှု အမှတ်ရမှုလေးတွေကို သာ ဖော်ပြနိုင်စွမ်းသူဖြစ်ပါတယ်။ ဘာ ပဲဖြစ်ဖြစ်ကျွန်တော့်ရဲ့ ဦးလေးအတွက် အထိမ်းအမှတ်ပြုဖော်ပြချက်ဟာ၊ ဈာ ပန လိုက်ပါပို့ခွင့်မရသူတယောက်ရဲ့ အဝေးကနေဦးညွှတ်ချက်အဖြစ် ရည် ရွယ်လိုက်ပါတယ်။ တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်သူအားလုံး သိကြပါစေ။ ❖

အထူး ဝမ်းနည်း ကြေကွဲမိပါသည်

၁၉၁၉ – ဖျာပုံမြို့တွင် မွေး အဖဦးဘထိန်၊ အမိ ဒေါ်ဖွားရွှေ

၁၉၃၈ –ဖျာပုံအစိုးရ အထက် တန်းကျောင်း

၁၀တန်း အထိ ပညာသင်ကြားခဲ့

–တို့ဗမာအစည်းအရုံးဝင်

–ရေနံမြေသပိတ်ချီတက်ရေး၊ ဗိုလ်စာရင်းသွင်း

–၁၃၀၀ ပြည့် အရေးတော်ပုံ၊ ကျောင်းသား ခေါင်းဆောင်

– တို့ဗမာအစည်းအရုံး မြို့နယ် အတွင်းရေးမှူး

၁၉၃၉–၄၀– လွတ်လပ်ရေး တိုက်ပွဲ၊မြေအောက်တော်လှန်ရေးအဖွဲ့ မြို့နယ်ခေါင်းဆောင်

၁၉၄၂–ဘီ၊အိုင်၊အေ မြို့နယ် ငြိမ်ဝပ်ပိပြားရေးအဖွဲ့တာဝန်ယူ

၁၉၄၂–၄၃ –ကွန်မြူနစ်ပါတီ လျှို့ဝှက်ကလပ်စည်းခေါင်းဆောင်၊ တို့ ဗမာဆင်းရဲသားအစည်းအရုံး မြို့နယ် မှူး(အာရှလူငယ်)

၁၉၄၄–သခင်ဗိုလ်၊ သမ္မတ ဟောင်း မန်းဝင်းမောင်၊ဗိုလ်မှူး ချစ် ကောင်း၊ဦးကျော်ရင်၊ဗိုလ်လှဖေ (မန်း) တို့နှင့်အတူ အိန္ဒိယနိုင်ငံသို့ လျှို့ဝှက် ထွက်ခွာ

–ကာလကတ္တား၊ ဆန်းဒေးဗီလာ ရိပ်သာတွင် ပါတီသင်တန်းတက်၊

ကျွန်တော်ဖြတ်သန်းခဲ့တဲ့
ဘဝအတွက်
ကျွန်တော် ဂုဏ်ယူပါတယ်။
ကျွန်တော် ပိုင်းဖြတ်ပြီးပါပြီ။
ခင်ဗျားတို့ ကျွန်တော့်အတွက်
ဝမ်းမနည်းကြပါနဲ့။
အားလည်း မငယ်ကြပါနဲ့။
ခင်ဗျားတို့နဲ့အတူ
ကျွန်တော် ရှိနေဦးမှာပါ။
ခင်ဗျားတို့ရဲ့နောက်မှာ
ကျွန်တော့် ဝိညာဉ် --
ကျွန်တော်တို့ရဲ့သိညာဉ်တွေ ရှိနေမှာပါ။
မားမားမတ်မတ်ကို ရှိနေမှာပါ။

လေထီး ဦးအုန်းမောင်
(၁၉၁၉–၂၀၀၀)
အသက်(၈၂)နှစ်

–သီဟိုဠ်နိုင်ငံ၊ကန္ဒီတွင် စစ်ပညာ သင်တန်း လေထီးသင်တန်းတက်

၁၉၄၅– ဗမာပြည်ကွန်မြူနစ် ပါတီ ဒုတိယကွန်ဂရက်တွင် ဗဟို ကော်မတီစည်းရုံးရေးမှူးအဖြစ် ရွေး ကောက်ခံရ

၁၉၄၆–ဖဆပလ အလယ် ပစ္စယံညီလာခံ ဖျာပုံခရိုင် ကိုယ်စား လှယ်

၁၉၄၇–ဖြူး၊ လယ်သမား ကွန်ဂရက်တွင် ဖျာပုံခရိုင် တောင်သူ လယ်သမားသမဂ္ဂ ကိုယ်စားလှယ် အဖြစ် တက်ရောက်

၁၉၄၈–ပျဉ်းမနား၊ လယ်သမား ကွန်ဂရက်တွင် ဖျာပုံခရိုင် တောင်သူ လယ်သမားသမဂ္ဂ ကိုယ်စားလှယ် အဖြစ် တက်ရောက်

–မတ်လ(၂၈)ရက် တောခို(ဖျာပုံ ခရိုင် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး)

၁၉၄၉–ဗမာပြည် ကွန်မြူနစ် ပါတီဗဟိုကော်မတီအဖြစ် မြစ်ဝကျွန်း ပေါ်ဌာနခွဲတွင် ခန့်အပ်

၁၉၅၁–ဟင်္သာတမြို့မှ ဒေါ်မြင့် မြင့်နှင့် အိမ်ထောင်ပြု

၁၉၅၃–ပုသိမ်ခရိုင် တိုက်ပွဲ တွင် သေနတ်ဒဏ်ရာဖြင့် အဖမ်း ခံရ

၁၉၅၈–ကိုကိုးကျွန်းအပို့ခံရ

၁၉၅၉– ဂေါ်ဒူသောင် အကျဉ်းစခန်းသို့ သခင်ဖေငွေးနှင့် အတူ အပို့ခံရ

၁၉၆၀–ပြစ်ဒဏ်မှလွတ်ငြိမ်း ခွင့်ရ

၁၉၆၄– ဒုတိယအကြိမ် အဖမ်းခံရ

၁၉၆၉– ကိုကိုးကျွန်းသို့ ဒုတိယအကြိမ် အပို့ခံရ

၁၉၇၁–ရန်ကုန်ပြန်ခေါ်

၁၉၇၂–အကျဉ်းထောင်မှ လွတ်မြောက်

၁၉၈၀–နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ချက် များကြောင့် နိုင်ငံဂုဏ်ရည် ဒုတိယ အဆင့် ချီးမြှင့်ခံရ

၁၉၉၆–မိုးဂျာနယ်တွင် "နှစ်ပေါင်း(၅၀)ကြာသောအခါ" သမိုင်းဆိုင်ရာ အခန်းဆက်ဆောင်း ပါးကြီးကို တစ်နှစ်ခွဲခန့်ရေးသားခဲ့၊ နွယ်နီ၊ချယ်ရီနှင့် အခြားမဂ္ဂဇင်း များတွင်လည်း သမိုင်းဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့၊

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ (၂၈)ရက်၊ နံနက် (၂)နာရီ(၁၀) မိနစ်တွင် ကွယ်လွန်ခဲ့သည်။

❖

နအဖသဃ်ႋန်းဝတ်တဦး ပထမပါရာဇိကကံ ကျူးလွန်နေကြောင်း ပြောဆို

မန္တလေးတိုင်း၊မြင်းခြံခရိုင်၊တောင် သာမြို့နယ်၊ရွာသစ်အုပ်စု ရွာသစ်ကျေး ရွာ ဘုန်းတော်ကြီးကျောင်းမှ ဓမ္မာစရိ ယ နှစ်ကျမ်းအောင်၊နအဖစစ်အုပ်စု၏ မြို့နယ်သံဃာ့ဝန်ဆောင်အတွင်းရေးမှူး ဖြစ်သည်ဆိုသော ဦးနန္ဒဝံသဆိုသူ သဃ်ႋန်းဝတ်တဦးသည် ညီမဝမ်းကွဲ တော်သူမသန်းအေးအား ကျောင်းပေါ် တွင်ခေါ်တင်ထားပြီး ဇနီးမယားအဖြစ် ပေါင်းသင်းနေထိုင်နေကြောင်း ခိုင်လုံ သောသတင်းရပ်ကွက်မှ ထုတ်ဖော် ပြောဆိုသည်။

ယခုအခါ ထိုသဃ်ႋန်းဝတ်နှင့် ထို မိန်းမသည်(၃)ကြိမ်တိတိ ကိုယ်ဝန်ဖျက် ချ ခဲ့ကြရကြောင်း၊ ကိုယ်ဝန်ဖျက်ချခ တလလျှင် တစ်ထောင်ကျပ်၊ နှစ်လ ဆိုလျှင်နှစ်ထောင်ကျပ်၊ သုံးလဖြစ်လာ ပါက ငါးထောင်ကျပ်ပေးသည်ကို ရရှိခဲ့ ပါကြောင်း၊ထို မသန်းအေးဆိုသော မိန်းမက ရင်းနှီးသူများကိုပြောပြရာမှ တဆင့် သိရသည်။

အဆိုပါကျောင်းတွင် အခြား ဦးပဉ္စင်း၊ကိုရင်၊ကျောင်းသားတို့ လုံးဝ မရှိဘဲ ထိုသဃ်ႋန်းဝတ်နှင့် ထိုမိန်းမတို့ သာ နေထိုင်ကြောင်း၊နအဖစစ်အုပ်စုက တနှစ်လျှင်ဆန်အိတ်(၅၀)ဆီ၊ဆန်ဆား နှင့် ဝတ္ထုငွေများ လှူဒါန်းနေကြောင်း၊ ရပ်ကွက်အာဏာပိုင်များ အပေါ်တွင် လည်း ထိုသဃ်ႋန်းဝတ်၏ စိတ်တိုင်းကျ ရွေးချယ်ခိုင်းစေပိုင်ခွင့်များ ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် များ နုတ်ထွက်ရန် ဖိအားပေးစည်းရုံး ရာတွင်ဦးဆောင်နေသူတဦးဖြစ်ကြောင်း၊ ၁၉၉၉ခုနှစ် မေလ ပထမပတ်အတွင်း ရွာသစ်ရွာ၊မုန်ရီးရွာ၊အိုင်သာရွာ ကျေးရွာလူထုအား ဆန်ဝေပေးမည်ဟု တောင်သာမြို့သို့ လိမ်လည် ခေါ်ယူပြီး တောင်သာမြို့နယ်မဲဆန္ဒနယ် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးသန်းထွန်းအလို မရှိဟူသောကြွေးကြော်သံများ အော် ခိုင်းခဲ့ဖူးကြောင်း သိရသည်။

အဆိုပါသဃ်ႋန်းဝတ်သည် စာသင် သားဘဝ(၁၉၅၇–၅၉)ခုနှစ်အတွင်း မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်တွင် အငယ်တန်း၊ အလတ်တန်းအထိ ပညာ သင်ကြားနေစဉ် ကျောင်းစည်းကမ်း မ လိုက်နာသဖြင့် အခြားသံဃာ(၆)ပါးနှင့် အတူ ကျောင်းမှ ထုတ်ပယ်ခံခဲ့ရသူဖြစ် ပြီး အသက်(၆၀)သဃ်ႋန်းသက်(၄၀) ကျော်ရှိပြီဟု သိရသည်။

❖

မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

စစ်ရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော
(ရဲဘော်သုံးကျိပ်ဝင်)

စစ်ဆိုသည်မှာ နိုင်ငံရေး၏ အဆက်ဖြစ်သည်။ နိုင်ငံရေးကော်မတီကို အခြားနည်းလမ်းဖြင့် ဆက်လက်ပြုလုပ်ခြင်းဖြစ်သည်ဟူသော ကျော်ကြားသည့် ကလော့ဇဝပ်၏ (Clause Witz)ပြဋ္ဌာန်းချက်ကို ခေတ်သစ်နိုင်ငံတိုင်းကလက်ခံကြပြီဖြစ်သည်။နိုင်ငံရေးသဘောတရားကင်းသော စစ်ဟူ၍ သမိုင်းစဉ်တွင်မရှိ။ စစ်သည် နိုင်ငံရေးဆောင်ရွက်ရာ၌လမ်းပိတ်နေ၍ ထွက်လမ်းဖွင့်ပေးခြင်းဖြစ်သည်။ နိုင်ငံရေးသည် ထာဝစဉ်လုပ်ငန်းဖြစ်၍ စစ်သည် ယာယီကိစ္စသာဖြစ်သည်ဟူ၍ စစ်ပညာရှိများက ဖော်ပြခဲ့ကြသည်။

ထို့ကြောင့် ကလော့ဇဝပ်က စစ်သည် အမြင်မကန်း၊ အရမ်းကာရော စိတ်ခဓာတ်တက်ကြွစွာဖြင့် ပြုကျင့်ရသည်မဟုတ်။နိုင်ငံရေးရည်ရွယ်ချက်၏ လွှမ်းမိုးချုပ်ကိုင်ထားခြင်းခံရသောကိစ္စသာဖြစ်သည်။ စစ်သည် နိုင်ငံရေး၏ အခိုင်းခံ ကရိယာတခုဖြစ်သည်။ စစ်သည် နိုင်ငံရေးရည်ရွယ်ချက်ကိုဆောင်ရွက်ရန် အကြမ်းဖက်၍ပြုလုပ်ရသောနည်းလမ်းတခုသာ ဖြစ်သည်။ ယင်းစကားများသည် သဘာဝကျပြီးသောစကားများဖြစ်၍အထူးငြင်းချက်ဝင်ရန်လိုအပ်မည်မဟုတ်ပေ။ ထို့ကြောင့် စစ်ကို ကိုင်တွယ်ရာ၌ စစ်သည် မူလနိုင်ငံရေးလမ်းစဉ်၏ လက်အောက်ခံဖြစ်၍ မူလနိုင်ငံရေးရည်မှန်းချက်မှသွေဖီတိမ်းချော် မသွားရန်ကို အစဉ်ထိန်းသိမ်းရန်လိုအပ်သည်။

စစ်နှင့် နိုင်ငံရေးခေါင်းဆောင်

စစ်သည် ပင်ကိုယ်အားဖြင့် လူ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ရိုင်းစိုင်းသည့် မုန်းတီးရွံရှာခြင်း၊ လောဘ၊ဒေါသ၊မောဟဖုံးလွှမ်းခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ပျက်စီးခြင်းတို့ဖြင့် ပြွမ်းတီးလျက်ရှိသည်။ စစ်ကို ဆန္ဒအတိုင်းသာ ကြိုးဖြေလွှတ်ပေးလိုက်လျှင် စစ်အတွက် ပြည်သူလူထုက ပေးရသောအဖိုးအခနှင့် စစ်ကြီး ငြိမ်းချမ်းပြီးနောက် ပြည်သူလူထုက ထမ်းဆောင်ရဦးမည့် ဝန်ထုပ်ဝန်ပိုးတို့သည် အဆမတန်ကြီးလေးကြသဖြင့် စစ်နိုင်သည့်တိုင်အောင် မူလနိုင်ငံရေး ရည်ရွယ်ချက်ကြီးများပါ ပျက်စီးဆုံးရှုံးရသောဘဝ ရောက်တတ်သည်။

ထို့ကြောင့် ပြည်ထောင်တို့သည် ယဉ်ကျေးလာသည်နှင့်အမျှ စစ်သမိုင်းများကိုလေ့လာခဲ့ကြပြီး စစ်ကို ရှေ့လူရိုင်းတို့ကဲ့သို့ မတိုက်ကြတော့ဘဲ နိုင်ငံရေးဇက်ကြိုးတပ်ပြီး ပြည်သူလူထုအကျိုးနှင့်မဆန့်ကျင်အောင် ထိန်းသိမ်းလာကြသည်။

ထို့ကြောင့် စစ်တိုက်ရန် စစ်တပ်များကိုလွှဲမထားဘဲနိုင်ငံရေးရည်မှန်းချက်ကို ဇက်ကိုင်ထိမ်းသိမ်းပေးရန်အတွက် နိုင်ငံရေးခေါင်းဆောင်များအပေါ်တွင် တာဝန်ရှိပေမည်။ဤနေရာတွင် နိုင်ငံရေးခေါင်းဆောင်ဆိုသည်မှာ အဓိကတာဝန်ဖြစ်သော အစိုးရခေါင်းဆောင်များကိုသာမက စစ်သည် ပြည်သူလူထုနှင့်ပတ်သက်သောအရေးအခင်းဖြစ်ရာ ပြည်သူများနှင့် ဆက်စပ်နေသော နိုင်ငံရေးခေါင်းဆောင် အားလုံးတို့ကို ဆိုလိုသည်။

နိုင်ငံရေးခေါင်းဆောင်နှင့် စစ်ခေါင်းဆောင်

ထို့ကြောင့် စစ်ကို နိုင်ငံရေးခေါင်းဆောင်များ၏တာဝန်နှင့် စစ်တပ်ဖွဲ့များတွင် တာဝန်ယူ၍ ဘီလူးစည်း၊လူ့စည်း ခွဲကြသည်။ယခုခေတ် အခေါ်အားဖြင့် မဟာသေနင်္ဗျူဟာ(Grand Stragegy)နှင့် သေနင်္ဗျူဟာ(Strategy)ဖြစ်သည်။

သေနင်္ဗျူဟာသည် နိုင်ငံရေးရည်မှန်းချက်၏အကန့်အသတ်အတွင်း စစ်နိုင်အောင်တိုက်ရန်ဖြစ်သည်။ စစ်သူကြီးနှင့် စစ်မျက်နှာစုချုပ်တို့တာဝန်ဖြစ်ပြီး၊အဓိကစစ်မြေပြင်နှင့်သာ ဆိုင်သည်။ စစ်မြေပြင်တွင်သာမက တတိုင်းပြည်လုံးနှင့်ဆိုင်သည်။ စစ်ရေးအတွက်သာမက စစ်ကို မူလနိုင်ငံရေးရည်မှန်းချက်မှသွေဖီမသွားရအောင်နှင့်စစ်ပြီးနောက်ငြိမ်းချမ်းရေးကာလအတွက်ကိုပါ ရှေ့ရှု ထိန်းသိမ်းရခြင်းဖြစ်လေသည်။

စစ်၏ နိုင်ငံရေးရည်ရွယ်ချက်

နိုင်ငံရေးခေါင်းဆောင်တို့သည် စစ်၏နိုင်ငံရေးရည်မှန်းချက်ကို သတ်မှတ်ရာ၌ ရည်ရွယ်ချက်သည် မိမိတို့ စစ်တပ်ဖွဲ့များ၏ အားပမာဏနှင့် စွမ်းဆောင်နိုင်မည့်အကျယ်အဝန်းနှင့် လိုက်လျောညီထွေရပေမည်။ တဖန် စစ်အင်အားပမာဏကို လျာထားတွက်ချက်ရာ၌----

(က) ပြ ည် သူ လူ ထု က ထမ်းဆောင် ရမည့် စစ်တာဝန်

(ခ) စစ်ပြီးငြိမ်းချမ်းရေး ရပြီးနောက် ဖြစ်ပျက်လာမည့် အခြေအနေတို့ပေါ်တွင် ချင့်ချိန်ပြီး လေးနှင့်မြား၊ ဝန်နှင့်အား တိုင်းထွာသတ်မှတ်ရမည်။ ဤသို့ ချင့်ချိန်မှုကို စစ်မစမီသာမက စစ်ကြီးတလျောက်လုံး အမြဲသတိနှင့် ချင့်ချိန်ပဲ့ကိုင်သွားရမည်ဖြစ်သည်။ ရည်မှန်းချက်သည်တကယ်လုပ်ဆောင်သောအခါ ဘောင်အတွင်း၌ ဖြစ်စေရမည်။ အိုးနှင့်ဆန်တန်ရုံမဟုတ်ဘဲ လွန်ကျံနေပါက မူလရည်ရွယ်ချက်ကိုပင် ပြန်လှန်ထိခိုက်ခြင်း ခံရတတ်ပေသည်။

စစ်နှင့် ပြည်သူလူထု

စစ်နှင့် ပြည်သူလူထု ဆက်စပ်နေပုံကို ဖော်ပြလိုပါသည်။ စစ်ဆိုသည်မှာ တမျိုးလုံးနှင့်သက်ဆိုင်သည်။ပြည်တွင်းစစ်မှာ သမားရိုးကျထက် တပြည်လုံးအကွက်အလပ်မရှိ လူထုအတွင်း၌ ဖြစ်သဖြင့် ပိုမိုသက်ဆိုင်ပေသည်။စစ်တိုက်ကြခြင်းသည် တိုင်းပြည်၏ အင်အားစွမ်းပကား (Resources) အားလုံး–လူ–ဘဏ္ဍာများအစွမ်းကို ထုတ်ယူ၍ စစ်တွင် အသုံးပြုခြင်းဖြစ်သည်။

စစ်ကို ပြည်သူလူထု၏ အသက်၊ ပစ္စည်းတို့ဖြင့် တိုက်ကြရုံမက စစ်ကြီး၏ အရှုံးအနိုင် အကျိုးအပြစ်ဒဏ်ကို နောင်ဆက်လက်၍ ထမ်းဆောင်ရသူများလည်း ပြည်သူလူထုပင်ဖြစ်သည်။ ထို့ကြောင့် ကလော့ဇဝပ်က စစ်ကို အမြင်မကန်း၊အရမ်းမလုပ်ရ အရင်းအနှီးတန်ဖိုး ပေးထားရသည်ဟု ဆို၏။ ဤနေရာ၌ တန်ဖိုးဆိုသည်မှာ လူထု၏ အသက်၊ချွေး၊ဘဏ္ဍာပစ္စည်းတို့ဖြစ်သည်။

စစ်တိုက်ရာတွင် လူထုကိုအရင်းပြုရသဖြင့် တလျောက်လုံးလူထု၏စိတ်သည်အရေးကြီးသည်။စစ်အတွက်အင်အား(Energy) လူ၊ ငွေပစ္စည်းတို့ကို ထုတ်လုပ်သူမှာ ပြည်သူလူထုပင်ဖြစ်၏။ ထိုအရင်းခံအင်အားကို ထုတ်လုပ်ပေးရသည့် ပြည်သူလူထု၏ စွမ်းအားနှင့် စိတ်ဓာတ်သည်စစ်၏အရေးကြီးသော မဏ္ဍိုင်တရပ်ဖြစ်သည်။ ထို့ကြောင့် စစ်တိုက်ရာတွင် ပြည်သူလူထုကိုလေးစားခြင်း၊ ပြည်သူ့အခြေအနေဆန္ဒတို့နှင့် လိုက်လျောညီညွတ်စေခြင်း ဖြစ်စေရမည်မှာ စစ်၏ အခြေခံသဘောတရားဖြစ်သည်။

စစ်နှင့်ငြိမ်းချမ်းရေး

စစ်၏ နိုင်ငံရေးရည်ရွယ်ချက်သည် စစ်ပြီးငြိမ်းချမ်းရေးကာလကိုပါ ကျင့်ရမည်ဟုဆိုရာ၌လည်း စစ်ပြီးတိုင်းပြည်အကျိုးကို ကြည့်ရန်ဖြစ်သည်။ သမိုင်းအတွေ့အကြုံအရ နိုင်ငံခေါင်းဆောင်များသည် စစ်တိုက်ကြရာတွင် စစ်ပြီးနောက် တိုင်းပြည်ဘာဖြစ်မည်ဆိုသည်ကိုလုံးဝမစဉ်းစားဘဲ အနိုင်ယူလိုစိတ်၊မခံချင်စိတ်၊လောဘ၊ဒေါသ၊ လက်စားချေလိုစိတ်တို့ဖြင့်အရမ်းကာရော ပြုလုပ်တတ်ကြပေသည်။ (အထူးသဖြင့် နှစ်သုံးဆယ်စစ်နှင့် နပိုလီယံစစ်ပွဲစုများတွင် တွေ့နိုင်သည်)

ချေမှုန်းရေးနှင့် မိမိကိုယ်ကာကွယ်ရေး

စစ်၏ အခြေခံလုပ်ငန်းမှာ ဓါးနှင့်ဒိုင်းသဖွယ်ရန်သူကိုချေမှုန်းရေး၊ မိမိကိုယ်ကိုကာကွယ်ရေးဖြစ်ရာ ဓါးသည် ရန်သူကို သတ်ဖြတ်ချေမှုန်းရန်ဖြစ်၍ ဒိုင်းမှာ မိမိကိုယ်ကို ကာကွယ်ရန်ဖြစ်သည်။ဓါးကိုသာ အသုံးပြု၍ ဒိုင်းကို ဂရုမပြုလျှင် သတ်ဖြတ်ချေမှုန်းရေးသာအလေးတကြီးလုပ်နေပြီး မိမိကိုယ်ကိုကာကွယ်ရေးကို လျစ်လျူရှုထားရာရောက်နေကာ အန္တရာယ်ကျရောက်နိုင်လေသည်။ ထိုစကားသည် စစ်ရေးသက်သက်တွင်သဘာဝကျသည်မဟုတ် မူရင်းနိုင်ငံရေးဘဝတွင်လည်း မှန်ကန်လေသည်။

ရန်သူချေမှုန်းရေးကို အလွန်အကျွံ သဲသဲမဲမဲတိုက်ခိုက်နေခြင်းဖြင့် နောက်စစ်ပြီးကာလတွင် မိမိပါနလံမထူဖျက်ဆီးရေးကိုသာ ရှေ့ရှုနေပါက မူရင်းနိုင်ငံရေးဝါဒကိုပါ ဆုံးရှုံးနိုင်လေသည်။ခိုင်မြဲသောငြိမ်းချမ်းရေးရဖို့လည်း ခက်ပေမည်။၂၀ရာစုခေတ်တွင် စစ်စာပေ အများဆုံးရေးသူ ဗြိတိန်လူမျိုး ကပ္ပတိန် လစ်ဒယ်ဟတ် က စစ်တိုက်ခြင်း၏ မူလရည်ရွယ်ချက်သည် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးအတွက်ဖြစ်သည်။ သေနင်္ဗျူဟာ၏ နယ်ပယ်သည် စစ်တိုက်ခြင်းတွင် မဟာသေနင်္ဗျူဟာ၏ နယ်ပယ်က စစ်ပြီးနောက် ငြိမ်းချမ်းရေးအထိ နယ်ကျယ်ပြန့်သည်။ ထို့ကြောင့် စစ်အင်အားကိုအသုံးပြုရာ၌ အနာဂတ်ငြိမ်းချမ်းရေးကိုလည်းမထိခိုက်အောင် သတိပြုရမည်။ အလွန်အကျွံ စစ်အင်အားကိုတိုးချဲ့သောနိုင်ငံတခုသည် ယင်း၏ဝါဒကိုပင်သတ်ပစ်သောအခြေသို့ရောက်ရှိရုံသာမကရှေ့ရေးတွင် စိုးရိမ်ဖွယ်ရာများဖြစ်လာနိုင်သည်ဟု ဖော်ပြခဲ့သည်။

ထို့ကြောင့် လူတို့သည် သမိုင်းအတွေ့အကြုံရလာသည်နှင့်အမျှ ဒီမိုကရေစီ ထွန်းကားလာသည်နှင့်အမျှ စစ်ပွဲများကြာရှည်မှုမှာ လျော့နည်းလာသည်ကိုတွေ့ရပေမည်။စစ်ပွဲကြာရှည်မှုကို တနည်းနည်းဖြင့် ဆန့်ကျင်မည်သာဖြစ်သည်။

ဤနေရာတွင် ကျနော်သည် စစ်ကို နေရာတကာတွင်ပျော့ပျော့ပြောင်းပြောင်း ကိုင်တွယ်ရမည်ဟုမဆိုလိုပါ။ သမိုင်းများတွင် တမျိုးလုံးပျက်စီးရန်တိုက်ခိုက်သော ရှေ့ခေတ်လူရိုင်း စစ်မျိုးကိုလည်းကောင်း၊ သူတပါးအားအကြောင်းမဲ့သက်သက် ကျူးကျော်ရန်စပြီး ကျွန်လုပ်ရန်တိုက်သော စစ်ကိုလည်းကောင်း၊ အပြစ်ရှာလိုသော ဝံပုလွေနှင့် သိုးငယ်ကဲ့သို့ ခွန်အားဗလကိုသာလေးစားပြီး ချော့မြူခြင်းဖြင့် စေ့စပ်ကျေအေးရန် မဖြစ်နိုင်သည့် ရန်သူမျိုးကျမှ အစွမ်းကုန်ခုခံကာကွယ်ကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။တဖန် ဤကဲ့သို့စစ်ပွဲမျိုးတွင် တခါတရံ ယာယီငြိမ်းချမ်းနိုင်စွမ်းပင် ရှိတတ်ကြသည်ကို သတိပြုရမည်။တခါတရံတွင် မူရင်းနိုင်ငံရေးဝါဒနှင့်စစ်ရေးပမာဏအံကိုက် ဆန့်ကျင်ဘက် တွေ့ရတတ်သည်။ထိုအခါ လက်ရှိနိုင်ငံရေးဝါဒကိုပင်စစ်ရေးနှင့်ကိုက်ညီအောင် လျှော့ချညီညွတ်စေလာ၍ဖြစ်သည်၊ အကြောင်းမူ လက်တွေ့စွမ်းဆောင်နိုင်စွမ်းနှင့်မညီသော ရည်မှန်းချက်သည် လက်တွေ့မဖြစ်နိုင်။ တဖန် နိုင်ငံရေးရည်မှန်းချက်ကိုပြည့်ဝအောင် စစ်ရေးကိုအတင်းမြှင့်လျှင် အနာဂတ်အားလုံးပျက်စီးပြီးမှရသော အောင်ပွဲသည် မူရင်းနိုင်ငံရေးရည်မှန်းချက်ကို ဖြစ်နိုင်မည်မဟုတ်။

စစ်သည် တသမတ်တည်း လျှောလျှော ရှူရှူ နိုင်ငံရေးရည်မှန်းချက်ကို ထမ်းဆောင်သွားသည်မဟုတ်။ အထစ်အငေါ့၊အကျပ်အတည်း၊အခက်အခဲများဖြင့်ပြွမ်းတီးလျက်ရှိသည်။ မှန်းခြေအတိုင်း ဖြောင့်ဖြောင့်ဖြစ်နိုင်သောကိစ္စ မဟုတ်။

ဤနေရာတွင် နိုင်ငံရေးခေါင်းဆောင်များ စစ်ရေးယူဆရာ၌ လည်းကောင်း၊ မှန်းဆတွက်ချက်ရာ၌လည်းကောင်း၊ပေါ့ပေါ့ဆဆ မှားမှားယွင်းယွင်း ဖြစ်တတ်ခြင်းကိုဖော်ပြလိုသည်။ အပေါ်ယံအားဖြင့်ကြည့်လျှင် စစ်နိုင်ရေးမှာ ရန်သူထက် အင်အားသာလွန်လျှင် ပြီးပြီဟုယူဆကြပေသည်။ အင်အားသာအောင် ဘယ်လိုလုပ်ကိုင်မည်ဟု စိတ်ကူးကြပေမည်။ လက်တွေ့တွင် တဘက်ကလည်းနည်းလမ်းကုန် ကြိုးစားကြရာ တကယ့်ရန်သူထက် အင်အားကြီးမားအောင်လုပ်ရန်လည်း ရှည်ကြာပေသည်။ အင်အားကြီးမားလာသည့်တိုင်အောင် တဘက်ကစိတ်ဓာတ်မလျှော့ပါကပြတ်သားစွာစစ်ပြီးဆုံးခြင်းရောက်ဖို့ရာ ခက်ခဲရှည်ကြာပေသည်။

အင်အားကြီးသူတိုင်းသာ အင်အားငယ်သူကို နိုင်သူဟုယူဆကြပါလျှင် ဤကမ္ဘာတွင် အားကြီးသူနှင့်အားနည်းသူတို့ စစ်ဖြစ်ဖို့လမ်းမရှိဟု ယူဆကြပေမည်။ လက်တွေ့၌ ဤသို့မဟုတ်ပေ။

စစ်၏အခက်အခဲတရပ်ကို အနည်းငယ် ရေးသားလိုပါသည်။

စစ်နိုင်ရေးအတွက် စစ်၏အဓိကတာဝန်မှာ

(က)ရန်သူ့တပ်ဖွဲ့များ ဖျက်ဆီးခြင်း

(ခ)တိုင်းပြည်နေရာ သိမ်းပိုက်ရေး

(ဂ)ရန်သူ့စိတ်ဓာတ် ဖျက်ဆီးစေရေးများ ဖြစ်သည်ဟု ရှေးကတည်းက ယူဆကြသည်။ အတွေ့အကြုံအရ နောက်ဆုံးစိတ်ဓာတ်ကျဆင်းရေးသည် အဓိကဖြစ်ကြောင်း တွေ့မြင်လာကြသည်။

လက်တွေ့များတွင် တဖက်ရန်သူ့တပ်ဖွဲ့ကိုချေမှုန်းပြီး တိုင်းပြည်ကိုလည်း သိမ်းပိုက်ပြီးသည့်တိုင် တဖက်က စိတ်ဓာတ်မကျလျှင် စစ်မပြီးဆုံးနိုင်သေး။ (အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲတွင် တိုင်းပြည်အားလုံးသိမ်း၊ တပ်ဖွဲ့များကလည်းလက်နက်ချစေပြီး အထွဋ်အထိပ်သီပေါဘုရင်ကိုပင် ဖမ်းဆီးသည့်တိုင်အောင် စိတ်ဓာတ်မကျဆုံးသေးသောမျိုးချစ်တိုင်းရင်းသား(ဗမာ၊ရှမ်း၊ ကချင်၊ ချင်း)တို့သည် နှစ်(၂၀)နီးပါး ပုန်ကန်ထကြွသည်ကို မြင်နိုင်ပေသည်။ တဖန်ချေမှုန်းရေးနှင့် နေရာသိမ်းပိုက်ရေးတွင် ယေဘုယျအားဖြင့်ချေမှုန်းပြီးမှသာနေရာသိမ်းပိုက်ရေးသည်သဘာဝကျသည်ဖြစ်ရာ စစ်၏တာဝန်သည် ချေမှုန်းရေးအဓိကဖြစ်သည်။ တဖန် ချေမှုန်းရေးကို သာမန်အားဖြင့် ကြည့်လျှင် အင်အားကြီးအောင်လုပ်နိုင်လျှင် ချေမှုန်းနိုင်မည်ဟုထင်သည်။ "ကျောက်ခဲ"တခဲကို သူ့ထက်ကြီးသောကျောက်တုံးကြီးနှင့်ထုလျှင် ကွဲနိုင်သည်လို့ ယူဆပေသည်။ စစ်တည်းဟူသောကိစ္စတွင်မူ အဆောတလျင်တချီနှစ်ချီနှင့်ချေမှုန်း၍ ရသော ကိစ္စမဟုတ်။ ဖြည်းဖြည်းချင်း နည်းမျိုးစုံဖြင့်သာပြုလုပ်ရသည်။အားနည်းမှုသည် ဓမ္မတာအားဖြင့် အဆုံးအဖြတ်ပေးမည့် တိုက်ပွဲမျိုးကို ရှောင်တတ်ကြသည်။ ယခုအထိ စစ်သမိုင်းတွင် အပြတ်အသတ်ချေမှုန်းနိုင်ခဲ့သော သာဓကမှာ အလွန်ရှားပေသည်။

ထို့ကြောင့်စစ်သည်တဖက်တည်း စိတ်ကူး၍ရသောကိစ္စမဟုတ်။ နှစ်ဘက်လုံးနှင့်ဆိုင်သည်။လက်တွေ့တွင်အပြတ်အသတ်အင်အားကြီးအောင် လုပ်ရန်လည်းခက်၊တဖန်အင်အားကြီးတိုင်းချေမှုန်းနိုင်ရန်လည်းခက်၊ ချေမှုန်းနိုင်သည် ထားဦး။ စိတ်ဓာတ်မကျသေးပါက စစ်ပြီးဆုံးရန် ခက်လှမည်။ထို့ကြောင့် စစ်ကို လိုသလိုအဆုံးသတ်ဖို့ရန် ခက်လှသည်။ စစ်အတွက် ပြည်သူတို့ကပေးရသည့် အတိုင်းအဆသည်လည်း ကြီးမား လှသည်။

စစ်တွင် အထက်ပါအခက်အခဲတို့အပြင် အမှားမှား အယွင်းယွင်းဖြစ်နိုင်သောအချက်မှာအဓိက(၃)ချက်ရှိသည်။

ပထမမှာ စစ်သည် ပင်ကိုယ်ကပင် မရေရာမသေချာသောအချက်များပြွမ်းတီးလျက်ရှိရာ မမြင်သာ မထင်သာ မြုပ်ကွယ်နေသောအချက်များစွာရှိသည်။ ထို့အပြင် အချိန်မရွေးပြောင်းလဲနိုင်သော နိုင်ငံရေး၏ စိုးမိုးမှုအောက်တွင်ရှိသည်။ မှန်းဆတွက်ချက်ရန် ခက်သည်။

ဒုတိယမှာ စစ်ကိုတိုက်ချင်ကြသော ပုဂ္ဂိုလ်တို့၏ အတွေ့အကြုံနည်းမှု၊

တတိယမှာ လူတို့၏ချို့ယွင်းချက်ဖြစ်သော လောဘ၊ဒေါသ၊မောဟ တို့ကြောင့် ဖြစ်သည်။

လူတို့သည် ယဉ်ကျေးလာသည်နှင့်အမျှ ပြဿနာများကို ရှေ့လူရိုင်းများလို စိတ်ဆန္ဒအတိုင်း မဆုံးဖြတ်ကြ။ အတိတ်က ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်လာကြသည့်တိုင်အောင် စစ်ဟူသောကိစ္စတွင် ဒေါသ၊မောဟနောက်သို့လိုက်မိကြခြင်းကို ယခုခေတ်တွင်လည်း မြင်တွေ့နေရသေးသည်။ ထို့ကြောင့်များစွာသောစစ်ပွဲတို့သည် မူလရည်မှန်းချက်နှင့် ကင်းဝေးပြီးသည့်တိုင် ပြန်၍ နလံမထူနိုင်အောင် ဒုက္ခကြုံရပေသည်။

စစ်တွင်း စစ်သားတာဝန်မှာ စစ်တိုက်ခြင်း၊စစ်ပွဲများတွင် အနိုင်ရအောင်ကြိုးစားခြင်းသာဖြစ်၍ စစ်ကိုအဆုံးသတ်ခြင်းလုပ်ငန်းသည် နိုင်ငံရေးခေါင်းဆောင်တိုင်း၏ တာဝန်ဖြစ်သည်။ စစ်ကို အဆုံးသတ်ခြင်းသည် ခက်ခဲသော ပြဿနာတရပ်ဖြစ်သည်။ ထို့ကြောင့် စစ်ရေးအတွေ့အကြုံရှိသော နိုင်ငံရေးခေါင်းဆောင်တို့က "စစ်ဖြစ်ရတာလွယ်ပါတယ်၊ စစ်ကိုပြေငြိမ်းရတာခက်တယ်"ဟု ဆိုကြသည်။သို့ဖြင့် စစ်သည် နိုင်ငံ့ခေါင်းဆောင်များအပေါ်တွင် ဘယ်မျှကြီးလေးသောတာဝန်ဖြစ်သည်ကို သိနိုင်ပေသည်။ ❖

ဓား တချောင်း လပြည့်ည နှင့် အဆုံးသတ် တိုက်ပွဲ

ဓား လိုတယ်

ဒီကျွန်းပေါ်ဆက်နေရင်
ငတ်သေမှာပဲ
ငတ်မသေ ဖျားသေမှာပဲ
မြွေကုင်္ဍေကုဋ္ဌာ ယိမ်းထိုးခေါင်းခါ
ပါးပျဉ်းတလှူပ်လှူပ်
ကျားခုန်အုပ် ရေလှိုင်း
ငါးမန်းဝိုင်းနေတဲ့
လေရိုင်းထ ပင်လယ်
ဖြတ်ရမယ် ကိုနန္ဒာ
ကျုပ်တို့လိုတာတော့
ဓားပါခင်ဗျာ့ ဓား
ဓား တချောင်းပဲဗျို့
ဖောင်ကောင်းကောင်း ဖွဲ့ဖို့တဲ့
သံချောင်းရဲ့ တောင်းဆိုသံ...။

အံ့မောင်
ဓားတောင်နဲ့ မီးပင်လယ်ဖြတ်သူ
ဆရာ မြသန်းတင့် သို့-------

နတ်တော်လပြည့်သည့် ငွေရောင်ပုဝါပါးဖြင့် ညတကိုယ်လုံးကို သိမ်းကြုံးပွေ့ဖက်ထားသည်။ ကျနော်သည် ညအလှတွင် မိန်းမောပျော်ဝင်နေကာ ဆရာဒဂုန်တာရာ၏ လခမြည ဆိုသည့် ကဗျာစာသားလေးကို သွားသတိရနေမိသည်။ယခုလည်း ဒေါနတောင်တန်းကြီးကိုနောက်ခံထားထားသည့် ပြောက်ကြားစခန်းငယ်ကလေးသည် လရောင်မျှင်တန်းတွေကြား စိမ်းညို့ပုပ်အက်လို့။ သောင်းရင်းချောင်းရေနှင့် မိုးမခပင်တန်းတို့၏ ချစ်ခြင်းဖွဲ့တိုးတိုက်ချော့မြူသံကလည်း ညယံ၏တေးတစ်ပုဒ်လို။

"ဆရာမြသန်းတင့်ရဲ့ဓားတောင်ကိုကျော်၍မီးပင်လယ်ကိုဖြတ်မည် ဝတ္ထုထဲက ဇာတ်ကောင်သံချောင်း ပြောသလို မျက်ရည်နဲ့တောင်းမရတဲ့အဆုံး ဓားနဲ့ပဲတောင်းရတော့မယ်တဲ့။ ဟုတ်တယ်ဗျ ။ကျနော်တို့ နယ်စပ်ဒေသ ထွက်လာပြီး၊လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရတဲ့အကြောင်းကိုက ဒါပဲ"

ကျနော်တို့ ကျောင်းသားတပ်မတော်မှ စာပေဝါသနာပါသောရဲဘော်တချို့ စာဆိုတော်လ အထိမ်းအမှတ်အဖြစ် စကားဝိုင်းလေးတခု ဖန်တီးဖြစ်ခဲ့ကြသည်။ ကျနော်တို့အထဲမှ ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်း တစ်ယောက်ဖြစ်သူရဲဘော်က သူ၏ ခံစားချက်ကို အားပါးတရပြောနေသည်။ ပြောနေရင်း သူ၏ပေါင်ပေါ်တွင် တင်ထားသော ဟောင်းနွမ်းနေပြီဖြစ်သည့် အေကေ(၄၇) မောင်းပြန်သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားနေ၏။

"ကျနော်တို့ပြည်သူတွေရဲ့ မျက်ရည်တွေသာခမ်းခဲ့ပြီ။ သွေးတွေ၊ ချွေးတွေရင်းနှီးပြီး ဘဝတွေ၊ အသက်တွေပျက်စီးခဲ့ပေါင်းများလှပြီ။ ဒါပေမယ့် ကျနော်တို့ပြည်သူတွေ လိုလားတောင့်တခဲ့တဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို ဒီစစ်အုပ်စုကပေးခဲ့လို့လား။ ၁၉၈၈ခုနှစ်တုန်းက လမ်းမပေါ်မှာပြောင်ပစ်သတ်ခဲ့တယ်။၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုလည်း ပြောင်မိုက်ကြေးခွဲတယ်။ လူထုကရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေကိုလည်း ဖမ်းဆီးထားတုန်းပဲ။ နိုင်ငံတကာက ရှုတ်ချကန့်ကွက်တာ

ဖူးသစ် (ရင်း-၉)

တွေကိုလည်း ဘာမှဂရုမစိုက်တာမဟုတ်ဘူး။ ဒီတော့ ကျနော်ယုံကြည်တာက ဒီစစ်အုပ်စုဟာ နောက်ဆုံးထွက်သက်ထိ အာဏာကို လက်လွှတ်မှာမဟုတ်ဘူး။ လက်နက်ကိုင်တိုက်ပွဲနဲ့မှသာ အဆုံးသတ် အောင်ပွဲရမယ်ဆိုတာပဲ"

သူသည် လက်နက်ကိုင်တော်လှန်ရေးအပေါ် ယုံကြည်မြတ်နိုးစိတ်ကို ကျနော်တို့အကြား ဖောက်ခွဲဖွင့်အံလိုက်သည်။ ကျနော်ကတော့ သူ့ကိုချစ်ခင်မြတ်နိုးစွာပြုံးကြည့်ရင်း လွန်ခဲ့သောကာလများအတွင်း ကရင်အမျိုးသားအစည်းအရုံးကြီး၏ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုမန်းရှာလာဖန်းနှင့် တွေ့ဆုံခဲ့သည့်အချိန်များကို အပြေးအလွှားသတိရနေမိသည်။ အဲဒီတုန်းကလည်း လက်နက်ကိုင်တော်လှန်ရေးအကြောင်း စကားလက်ဆုံကျခဲ့သည်ပဲ။ ကရင်အမျိုးသားအစည်းအရုံးကြီးသည်ပင်

ကရင်အမျိုးသားလွတ်မြောက်ရေး၊ တန်းတူညီမျှရေးတို့အတွက် လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကျော်ခဲ့ပြီဖြစ်သည်။

"တိုင်းပြည်တစ်ပြည်ရဲ့ လူ့အဖွဲ့အစည်းမှာ ဒီမိုကရေစီဆိတ်သုဉ်းပြီး အာဏာရှင်တစ်စုက ပြည်သူတရပ်လုံးကို အကြမ်းဖက်စစ်ပြုသတ်ဖြတ်လာရင် လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပေါ်လာရတာမမွှတာပဲ။အဲဒီလို အခြေအနေမျိုး ဆက်လက်တည်ရှိနေသရွေ့ လက်နက်ကိုင်တိုက်ပွဲရဲ့အခန်းကဏ္ဍဟာလည်း ကြီးမားနေမှာပဲ။ လက်နက်ကိုင်တော်လှန်ရေးဟာ အကြမ်းဖက်မှုမဟုတ်ဘူး။ဒီလိုမဟုတ်ရုံမက လက်နက်ကိုင်တော်လှန်ရေးဆိုတာမျိုးဟာ ပင်ကိုယ်အားဖြင့် အကြမ်းဖက်မှုကို ဆန့်ကျင်တော်လှန်ခြင်းပဲ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်ရေး မဟာတော်လှန်ရေးကြီးကိုကြည့်ရင် လက်နက်ကိုင် တော်လှန်ရေးရဲ့ မွန်မြတ်တဲ့ပင်ကိုယ်လက္ခဏာတွေကို ကောင်းကောင်းမြင်နိုင်တယ်။ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲပြီဆိုရင် စွမ်းရည်ပြည့်ဝတဲ့ တော်လှန်ရေးတပ်မတော်တရပ်ဖြစ်ဖို့ လိုအပ်တယ်။အဲဒါတွေက တစ်--ကြံ့ခိုင်မှန်ကန်တဲ့ နိုင်ငံရေးပါတီတခုရဲ့ ခိုင်မာတဲ့ဦးဆောင်မှုရှိရမယ်။ နှစ်--လူထုနဲ့အေးအတူပူအမျှ ရပ်တည်တိုက်ပွဲဝင်ရင်း လူထုရဲ့ထောက်ခံမှု ရှိရမယ်။သုံး--စည်းကမ်းလိုက်နာမှု ခိုင်မာကောင်းမွန်ရမယ်။လေး--စစ်ရေး၊စည်းရုံးရေး၊ ကုန်ထုတ်လုပ်ရေး စွမ်းအင်တွေရှိရမယ်။ ဒါမှသာ လူထုနဲ့အတူ အမှီအခိုကင်းကင်း၊ကိုယ့်ဒူး ကိုယ်ချွန်ရပ်တည်တိုက်ပွဲဝင်နိုင်မှာဖြစ်တယ်။

နောက်--တော်လှန်ရေး တပ်မှူးတပ်သားတွေဟာ ပြည်သူကိုယုံကြည်ရမယ်။တော်လှန်ရေးကိုယုံကြည်ရမယ်။ အမှန်တရားနဲ့ တရားမျှတမှုကိုယုံကြည်ရမယ်။ ဒါတွေဟာ အဓိကကျတဲ့ စိတ်ပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်တွေဖြစ်တယ်။ဒီအခြေခံအပေါ်မှာ လူထုကိုချစ်ခင်တာ၊လူထုကိုလေးစားတာ၊ လူထုကိုအလုပ်အကျွေးပြုတာ၊ လူထုနဲ့အတူ အေးအတူပူအမျှရပ်တည်တိုက်ပွဲဝင်တာ၊လူထုရဲ့အကြံဉာဏ်နဲ့ကြပ်မတ်မှုကိုခံယူတာ၊ မိမိတို့ရဲ့စစ်ရေး၊ စည်းရုံးရေး၊ကုန်ထုတ်လုပ်ရေးအတွေ့အကြုံတွေကို အမြဲဆန်းစစ်သုံးသပ်တာတွေဟာ အရေးကြီးတဲ့လုပ်ဟန်တွေပဲ။အဲဒါတွေမရှိဘဲ တော်လှန်တဲ့ တပ်မတော်တရပ် ခိုင်မာတောင့်တင်းတဲ့တပ်မတော်တရပ်ဖြစ်မလာနိုင်ဘူး။ အောင်ပွဲခံနိုင်ဦးမှာ မဟုတ်ဘူး။

ခင်ဗျားတို့၊ ကျနော်တို့ အားလုံးဟာ လူ့အဖွဲ့အစည်းတရပ်လုံးအကြမ်းဖက်တိုက်ခိုက်ခံနေရလို့ တော်လှန်ရေးဆင်နွှဲနေရတာဖြစ်ဖို့ လုံးဝတွေ့ဝေယိမ်းယိုင်ခြင်းမရှိဖို့လိုပါတယ်။လက်နက်ကိုင်တိုက်ပွဲကိုရော၊ လူထုတိုက်ပွဲကိုရောဟန်ချက်ညီညီဆက်စပ်ပြီး ပြတ်ပြတ်သားသားဆင်နွှဲသွားဖို့လိုပါတယ်။ရန်သူက လူ့အဖွဲ့အစည်းအပေါ် အကြမ်းဖက်ဖိနှိပ်သတ်ဖြတ်တဲ့ အကြမ်းဖက်ဝါဒကို မစွန့်လွှတ်သမျှ ကာလပတ်လုံး တွေဝေယိမ်းယိုင်ခြင်း လုံးဝမရှိဘဲ တော်လှန်ရေးကိုဆုံးခန်း တိုင်ဆင်နွှဲကြဖို့ တိုက်တွန်းချင်တယ်။မတရား အကြမ်းဖက်တိုက်ခိုက်ခံနေရတဲ့ အခြေအနေမှာ တော်လှန်ရေးသမားအဖြစ် ခံယူရပ်တည်နေရတာထက်ပိုပြီး မွန်မြတ်တဲ့အရာဆိုတာ မရှိတော့ဘူးဗျာ"

"ဟေ့လူ--ဘာတွေငေးနေတာလဲဗျ။ကျနော်တို့ပြောတာလည်း ကြားရဲ့လား"

"ကြားပါတယ်ဗျာ။ ကျနော်အားလုံးကို ကြားနေရပါတယ်"

ကျနော့်အဖြေကို သူတို့နားလည်ချင်မှနားလည်မည်။ ကျနော်က ကျနော့်အတွေးနှင့်ကျနော် သိမ်းကျုံးဖြေလိုက်ခြင်းဖြစ်၏။တစ်ယောက်က ကျနော်တို့ရှေ့မှမီးပုံကိုထိုးဆွရင်း မီးရှိန်ကို မြှင့်လိုက်သည်။ကျနော့်ရင်ထဲ တော်လှန်ရေးအပေါ်ထားရှိသည့် ခံစားချက်မီးတောက်များလည်း မြင့်တက်လာနေသည်။

"ကျနော်တို့အားလုံး ငယ်ငယ်ကလေးတည်းကစပြီး သိထားပြီးသားပဲ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဟာ ပြည်သူအတွက် အနစ်နာခံဖို့၊ပြည်သူကိုအလုပ်အကျွေးပြုဖို့၊ ကိုယ်ကျိုးမကြည့်ပဲ ပြည်သူနဲ့တသားတည်းလက်တွဲရပ်တည်ဖို့ ဒီတပ်မတော်ကိုထူထောင်ထားခဲ့တာလေ။ အခုတော့ မြန်မာပြည်သူလူထုတရပ်လုံးဟာ သူတို့ကိုကာကွယ်ပေးမယ့်၊ သူတို့အားကိုးရမယ့် တပ်မတော်တခုလုံးကို လက်လွှတ်ဆုံးရှုံးနေခဲ့ရတယ်။ ဒါကြောင့် ကျနော်တို့အားလုံး လူမျိုးစုံပြည်သူတွေနဲ့လက်တွဲပြီး ဗိုလ်ချုပ်အောင်ဆန်းတို့ရည်မှန်းခဲ့တဲ့ ပြည်သူ့တပ်မတော်ကြီးကို ပြန်ထူထောင်ကြဖို့ ကြိုးစားသွားကြမယ်ဗျာ။ ကဲ--ကျနော်တို့အားလုံး ကတိပြုတဲ့အနေနဲ့ သီချင်းဝိုင်းဆိုကြရအောင်"

"အရေးကြီးပြီ ညီနောင်အပေါင်းတို့။ သွေးစည်းကာ ညီစေညီကြစို့။
ငါတို့ရဲ့ သမိုင်းတခေတ်ကို ငါတို့သွေးနဲ့ရေးခဲ့ပြီ။သွေးသစ္စာ လည်းပြုခဲ့ပြီ။
နိုင်ငံတော်အတွက်ဆို အသက်ကိုလည်းဘာမထီ သေပါစေ ခွပ်ဒေါင်းသွေးဟေ့ ရဲရဲ ရှေ့ကိုချီ
လွတ်လပ်ခွင့်နဲ့ ငြိမ်းချမ်းရေးအတွက်ရည် အဆုံးသတ်တိုက်ပွဲ ငါတို့နွှဲရမည် " ❖

သို့

ရဲဘော် တူးနိုင်

လလလလလလလလလလလလလလလ

မီးခိုးတွေ တလူလူလိပ်တက်
မင်းကတော့ ထွက်ခွာသွားခဲ့ပြီ--
နှုတ်မဆက် လက်မပြ
ဒါပေမယ့်--ထာဝရ ။

မမျှော်လင့်ခဲ့ကြပါဘူး
အခူးဆွတ်ခံ ပန်းတပွင့်လို
ပြိုကွဲကြေမွ
သူစိမ်းတွေရဲ့မြေမှာ ပြာကျရလိမ့်မယ်လို့--။



ရဲဘော်ရေ-----
သွားနှင့်ပေဦးတော့
အမှန်တရားဟာ အမြဲတမ်းနောက်ကျတတ်တယ်တဲ့
တို့ကတော့စောင့်တုန်း
အိပ်မက်ရဲ့ နှင်းဆီတောင်ကုန်းကြီးမှာ
မိုးစုန်းစုန်းချုပ်တဲ့အထိ-----။

ဟိုး--အဝေး ဒေါနတောင်တန်းကြီးတွေက
မင်းကို သတိရနေကြမယ်
တော်လှန်ရေးရဲ့ မပြီးဆုံးတဲ့သီချင်းတွေကို
မင်းရဲ့ နောက်ဆုံးအသက်ရှူသံနဲ့ ဖွဲ့စပ်လို့
ရပ်တန့်နားနေခြင်းမရှိတဲ့ သောင်ရင်းမြစ်လို
တို့ ဆက်လက်စီးဆင်းကြမယ်။

ဒါပေမယ့်လည်း
နှစ်သစ်ကူးပွဲတော်ညတွေဟာ
ဘယ်တော့မှ ပြည့်စုံလုပမှာ မဟုတ်တော့။

၂၃-နိုဝင်ဘာ၂၀၀၀ရက်နေ့က
မဲဆောက်သုဿန်တွင် မီးသင်္ဂြိုဟ်ခဲ့ရသော
ရဲဘော်တူးနိုင်သို့ အမှတ်တရ

အောင်ဒင်
၂၆၊နိုဝင်ဘာ၊၂၀၀၀ ၅၊၃၀ နာရီ(ညနေ)
မဲဆောက်

နအဖဝန်ကြီး ဦးအောင်သောင်း ညှော့ခံစရိတ် ကျေးရွာလူထုထံမှ ကောက်ခံကြသည့်အဖြစ်

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဝဲလောင်အုပ်စု ခံမင်ကျေးရွာသို့ အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်း ပြီးခဲ့သည့်(၂၇-၁၁-၂၀၀၀)ရက်နေ့ကလာရောက်ခဲ့ရာ ညှော့ခံစရိတ်အဖြစ် ကျေးရွာလူထုထံမှ ကောက်ခံရယူခဲ့ကြောင်း သိရသည်။

ထိုသို့ ကောက်ခံရယူရာတွင် လက်လုပ်လက်စားသမားများကို တအိမ်ထောင်လျှင်(၂၀၀)ကျပ်နှင့် လယ်မြေပိုင်ရှင်များကို တအိမ်ထောင်လျှင် (၂၀၀)ကျပ်မှ (၄၀၀)ကျပ်အထိ တောင်းယူခဲ့သည်ဟု သိရသည်။

သို့နှင့် ဝန်ကြီးဦးအောင်သောင်း ရောက်ရှိလာသောအခါ (၁)နာရီခွဲကြာ မိန့်ခွန်းချွေပြီး ခံမင်ကျေးရွာ မူလတန်းကျောင်းဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ်(၅၀၀)နှင့် သွပ်အချပ် (၃၀၀)ဝယ်ယူခွင့် ထုတ်ပေးသွားကြောင်း သိရသည်။

သို့သော်လည်း ထို ဘိလပ်မြေနှင့် သွပ်ကို ကျေးရွာလူထုထံမှ ငွေကောက်ခံရယူပြီး အစိုးရဈေးနှင့်ဝယ်ယူရမည်ဟု မိန့်မှာသွားရာ အာဏာပိုင်များမှ စာသင်ကျောင်းဆောက်ပေးမည် ဟု ထင်ထားသောကျေးရွာလူထုတို့ စိတ်ပျက်သွားကြသည်ဟု သိရသည်။

ထို့ပြင် ဝန်ကြီးဦးအောင်သောင်းက ကျေးရွာလူထုအား ဘာ့ကြောင့် အစည်းအဝေးပွဲကို အများကြီး တက်လာကြသလဲဟုမေးရာ ရွာလူကြီးက မလာလျှင်မနေရ၊ မလာပါက ဒဏ်ငွေ (၃၀၀)ကျပ်ဒဏ်ရိုက်မည်ဟု ဆိုသဖြင့် လာခဲ့ရကြောင်းကျေးရွာလူထုက ပြန်လည်ပြောကြားခဲ့သည်ဟု သိရသည်။
❖

စစ်မှန်သော ပြည်သူ့လွှတ်တော် အမြန်ဆုံး ပေါ်ပေါက်လာရေးသည်
လူမျိုးစုံ ပြည်သူလူထုတရပ်လုံး၏ တာဝန်ဖြစ်သည်

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက် နိုင်ငံပေါင်း(၁၇၉)နိုင်ငံမှ မဲခွဲခြင်းမပြု တညီတညွတ်တည်းထောက်ခံ

မြန်မာနိုင်ငံအတွင်း ညှဉ်းပန်းနှိပ်စက်မှု၊ အစုလိုက်အပြုံလိုက် ဖမ်းဆီးမှု၊လုပ်အားအဓမ္မခိုင်းစေမှု၊ အကျဉ်းရုံးသတ်ဖြတ်မှု၊ မုဒိမ်းမှု၊ အတိုက်အခံများကိုဖိနှိပ်မှုနှင့် အခြားသော လူ့အခွင့်အရေးချိုးဖေါက်မှုများအား နအဖစစ်အုပ်စုမှ ကျူးလွန်မြဲ ကျူးလွန်နေကြောင်း၊ကုလသမဂ္ဂ အထွေထွေညီလာခံက ဒီဇင်ဘာလ(၄)ရက်နေ့တွင် ဆုံးဖြတ်ချက်ချခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအခွင့်အရေး အထူးကိုယ်စားလှယ်ရာထူးမှ မကြာမီက နုတ်ထွက်သွားသော မောရိသျှ တရားသူကြီးချုပ်ဟောင်း Mr Rajsoomer Lallah ၏ အစီရင်ခံစာအပေါ် အခြေခံထားသည့် စာမျက်နှာ(၄)မျက်နှာပါ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အား အဖွဲ့ဝင်(၁၇၉)နိုင်ငံတို့က မဲခွဲခြင်းပင်မပြုတော့ဘဲ ယခုကဲ့သို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၊နအဖစစ်အုပ်စု၏ အကြပ်ကိုင်ခြိမ်းခြောက်မှုခံနေရခြင်း၊ တရားဥပဒေမဲ့ ပြစ်ဒဏ်များခံနေရခြင်းတို့ကြောင့်၊ နအဖစစ်အုပ်စုလက်အောက်မြန်မာပြည်၏ တရားဥပဒေစနစ်သည် အတိုက်အခံများကို ဖိနှိပ်ရန်အတွက် အသုံးချခြင်းခံနေရကြောင်း၊ အဆိုပါ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ် ချက် ထဲတွင် ပါရှိသည်။

နအဖစစ်အုပ်စုသည် တရားမဲ့ဖမ်းဆီးမှု၊ ထိမ်းသိမ်းချုပ်နှောင်ထားမှု၊နှစ်ရှည်အကျဉ်းထောင်ပြစ်ဒဏ် ချမှတ်မှုများနှင့် တရားဥပဒေ အလွဲသုံးစားမှုများ ကျူးလွန်နေပြီး မမျှတသော တရားစီရင်မှု၊ကလေးလုပ်သားခိုင်းစေမှု၊ အဓမ္မပြန်လည်နေရာချထားမှု၊ လွတ်လပ်စွာစုရုံးခွင့်၊ဖွဲ့စည်းခွင့်၊လှုပ်ရှားခွင့်၊ ဆန္ဒထုတ်ဖော်ပြသခွင့်များကို ငြင်းပယ်ခြင်းပြုလုပ်နေသည့်အတွက် အလွန်တရာ စိတ်ပျက်ဖွယ်ကောင်းကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ထောက်ခံအားပေးသူများနှင့် မိသားစုများအား စနစ်တကျဖိနှိပ် ခြိမ်းခြောက်မှုတို့ ပြုလုပ်နေသည့်အတွက်လည်း စိုးရိမ်ထိတ်လန့်မိပါကြောင်း အဆိုပါ ဆုံးဖြတ်ချက်ထဲတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာလာလား၏ အစီရင်ခံစာတွင်လည်း "နအဖစစ်အုပ်စုသည် မြန်မာ့လူ့အဖွဲ့အစည်း၏လည်မြို့ကို ညှစ်ထားကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုအနွယ်ဝင် ကရင်၊ကရင်နီ၊ ရှမ်းနှင့်ရိုဟင်ဂျာတို့အပေါ် အကြမ်းဖက်မှုများမှာ အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖေါက်မှုများထဲက တစ်ချို့ဖြစ်ကြောင်း" ။

အကျဉ်းထောင်တွင်းတွင်လည်း ဆေးဝါးကုသပေးမှုမရှိ၊အစားအသောက်လုံလောက်မှုမရှိဘဲ ကျပ်တည်းစွာ နေထိုင်ကြရသည်ကို အကျဉ်းသားများကြုံတွေ့နေရကြောင်း၊ အကျဉ်းသားများထဲတွင်လည်း ကျောင်းသားများစွာပါဝင်နေသည့်အတွက် ပညာရေးချို့တဲ့မှုကိုခံစားနေရကြောင်း၊ နအဖ စစ်အုပ်စု က ပညာရေးအသုံးစားရိတ်ကို ပြည်တွင်းထုတ်ကုန်တန်ဖိုး ဂျီဒီပီ၏ ၁.၂ရာခိုင်နှုန်းသာ သုံးစွဲနေသဖြင့်၊ ကမ္ဘာပေါ်ရှိ အလားတူသုံးစွဲနေသော နိုင်ငံပေါင်း(၁၁)နိုင်ငံထဲတွင် ပါဝင်နေကြောင်း ဖော်ပြထားသည်ဟု သိရသည်။ ❖

စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြန်မာနိုင်ငံသည် အန္တရာယ်ရှိ

စင်္ကာပူ၊ ထိုင်ဝမ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စိတ်ချရသောနိုင်ငံများစာရင်းတွင် ပါဝင်ပြီး၊ မြန်မာ၊ ဥဇဘက်ကစ္စတန်နှင့် ဇင်ဘာဘွေနိုင်ငံတို့သည် စီးပွားရေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အန္တရာယ်အများဆုံးသော နိုင်ငံများစာရင်းတွင် ပါဝင်သည်ဟု ကမ္ဘာ့စီးပွားရေးသုတေသီများ မှတ်တမ်းထဲ၌ ဖေါ်ပြထားသည်။

ပြီးခဲ့သည့်နှစ်ကပြုစုခဲ့သည့် မှတ်တမ်းအရ၊စီးပွားရေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အန္တရာယ်ရှိသောနိုင်ငံ(၉၃)နိုင်ငံရှိခဲ့ကြောင်း၊ ယခုအခါ ထိုစာရင်းထဲမှနိုင်ငံအများစု အခြေအနေတိုးတက်လာသည်ကို တွေ့ရှိရပြီး (၁၆)နိုင်ငံမှာ အခြေအနေပိုဆိုးလာကြောင်း၊ ထို(၁၆)နိုင်ငံထဲတွင် မြန်မာနိုင်ငံသည် အောက်ဆုံးတွင်ပါဝင်နေကြောင်း၊ ကမ္ဘာ့စီးပွားရေးသုတေသီများအဖွဲ့ မှတ်တမ်းတွင် ဖေါ်ပြထားသည်။

ယင်းအဖွဲ့သည် ကမ္ဘာ့ထိပ်သီး စီးပွားရေးဆိုင်ရာ လေ့လာရေးအဖွဲ့ဖြစ်ပြီး၊ နိုင်ငံတကာကုမ္ပဏီကြီးများ၏ လေးစားထောက်ခံမှုရရှိသောအဖွဲ့ ဖြစ်သည်။ယခုမှတ်တမ်းကိုလည်း နိုင်ငံရေး၊ စီးပွားရေး၊ဘဏ္ဍာရေး၊ငွေကြေးဆိုင်ရာမူဝါဒများအပေါ် အခြေခံပြီး ပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။ ❖

မြန်မာနိုင်ငံမှ အဝတ်အထည်များ ဝယ်ယူတင်သွင်းခြင်းရပ်ဆိုင်းမည် အမေရိကန်စစ်ဌာနချုပ်မှ ကြေညာချက်ထုတ်ပြန်

အမေရိကန် ကာကွယ်ရေးဌာန၏ စစ်တပ်စတိုးဆိုင်ပေါင်း(၁၄၀၀)က မြန်မာပြည်မှ အဝတ်အထည်များ တင်သွင်းခြင်းကို ရပ်ဆိုင်းထားတော့မည်ဖြစ်သည်ဟု အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု အသစ်ပြုလုပ်ခွင့်ကို သမတ ကလင်တန် အစိုးရက ပိတ်ပင်ထားချိန် စစ်တပ်က ယခုလိုလုပ်ခြင်းကို ကန့်ကွက်မှုများရှိလာသည့်အတွက် ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း၊ "သူတို့တတွေ မြန်မာနိုင်ငံနဲ့ စီးပွားဆက်ဆံမှုပြုခြင်းကို ရပ်ဆိုင်းလိုက်ပါပြီ"ဟု အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး တင်မ်ဘာလဲယား က ပြောဆိုခဲ့သည်။

အမေရိကန် ကြည်းတပ်နှင့် လေတပ် ပစ္စည်းဖလှယ်ရေးဌာနသည် အမေရိကန် အစိုးရဌာနတခုအနေနှင့် မြန်မာနိုင်ငံမှအဝတ်အထည် အမေရိကန်ဒေါ်လာ(၁)သိန်းဖိုးမက ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ထိုသို့ဝယ်ယူသည့်အချိန်သည် သမတကလင်တန် အစိုးရက မြန်မာနိုင်ငံရှိ နအဖစစ်အုပ်စု လူ့အခွင့်အရေး ဖောက်ဖျက်သည်ဟုဆိုကာ ကုန်သွယ်ရေးအရ ပြင်းထန်စွာ အရေးယူရေး ပြောဆိုနေသည့်အချိန်ဖြစ်ကြောင်း၊ကမ္ဘာပေါ်တွင် ဈေးအပေါဆုံးဟုဆိုရမည့် မြန်မာအလုပ်သမားများ ထုတ်လုပ်သည့် အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများမှ အဝတ်အထည်များကို အမေရိကန်ကုမ္ပဏီများက ဒေါ်လာသန်း(၃၀၀)အထက် ဝယ်ယူတင်သွင်းခဲ့ကြောင်း နယူးယော့ခ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ထိုသို့ဝယ်ယူတင်သွင်းခဲ့သောသွင်းကုန်တန်ဖိုးသည် ၁၉၉၉ခုနှစ် ကထက် နှစ်ဆရှိနေကြောင်း၊ အမေရိကန်အစိုးရ အနေဖြင့် နအဖစစ်အုပ်စု၏ ကျယ်ပြန့်သော ဖိနှိပ်မှုများကြောင့် ၁၉၉၇ခုနှစ်ကတည်းကစပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံမလုပ်ရန် ပိတ်ပင်ထားခဲ့ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများတင်သွင်းမှုသည် အမေရိကန်အစိုးရ၏ခံယူချက်သဘောထားကို ချိုးဖောက်နေခြင်းဖြစ်သည်ဟု လူ့အခွင့်အရေးအဖွဲ့များက ကွန်ဂရက်တွင် ဝေဖန်ပြောကြားခဲ့သည့်အပြင် ဆီးနိတ်အမတ်များဖြစ်သည့် Tom Hakkin နှင့် Jessy Helms အပါအဝင် ကွန်ဂရက်အဖွဲ့ဝင် အများအပြားကလည်း မြန်မာနိုင်ငံလုပ် အဝတ်အထည်များကိုပိတ်ပင်ပေးရန် သမတကလင်တန်ဆီ စာရေးသားတိုက်တွန်းခဲ့သည်ဟု သိရသည်။

အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က မြန်မာနိုင်ငံမှ အဝတ်အထည် များ ဝယ်ယူတင်သွင်းခြင်း ရပ်ဆိုင်း မည်ဟု ထုတ်ပြန်ကြေညာချက်အပေါ် အမေရိကန်နိုင်ငံ National Labour Committee ၏ အမှုဆောင်ညွှန်ကြားရေးမှူး Cherles Kernaghan က "ဒါဟာ ဒီမိုကရေစီအောင်ပွဲဆိုတာ ရှင်းနေတာပဲ။ အမေရိကန်စစ်တပ်က မှန်ကန်တာကိုလုပ်ဖို့ တုန့်နှေးခြင်းမရှိဘူး။မြန်မာနိုင်ငံကနေ ပစ္စည်းမဝယ်တော့ဘူး လို့ ဆုံးဖြတ်လိုက်တဲ့အတွက် ကျနော်တို့အားလုံး အလွန်ကျေနပ်ကြပါတယ်" ဟု ပြောဆိုခဲ့သည်။

ထို့အပြင် လူ့အခွင့်အရေးလှုပ်ရှားသူများ၊ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူအဖွဲ့အစည်းများက ပင်တဂွန်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြပြီး ကာကွယ်ရေးဌာန၏ ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံ၏ အာဏာရှင်စနစ်ကို အားပေးအားမြှောက်မပြုသည့်အတွက် အင်မတန်အရေးပါသော အချက်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု သိရသည်။

UWSA ၏ ဘိန်းချက်စခန်းများ ထိုင်း–မြန်မာနယ်စပ်တွင်မှိုလိုပေါက်

ထိုင်းနိုင်ငံ ချင်းမိုင်မြို့နှင့် မဝေးသော ထိုင်း–မြန်မာနယ်စပ်တွင် "ဝ" သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ UWSA ၏ဘိန်းချက်စခန်းများ မှိုလိုပေါက်လာနေပြီဟု ဒီဇင်ဘာလတတိယပတ်အတွင်း ထုတ်ဝေသော ဘန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြထားသည်။

ချင်းမိုင်မြို့ မဲအိခရိုင်အတွင်းရှိ တောင်ကုန်းပေါ်မှတဆင့် မြန်မာနိုင်ငံ ထိုင်းနှင့် အမေရိကန်အဖွဲ့အစည်းများ ပူးပေါင်း ပြီး နှိမ်းနင်းကြမည်ဟု ဆိုသည်။

တရုတ်အရာရှိတဦးဖြစ်သူ လျူကန်က ထိုင်းနိုင်ငံ၏ လုပ်ဆောင်ချက်များ မှန်ကန်သည်ဟု ယုံကြည်ကြောင်း ပြောဆိုပြီး "ဝ"တပ်ဖွဲ့ဝင်(၂)သိန်းခန့် တရုတ်နယ်စပ်မှ ထိုင်း–မြန်မာနယ်စပ်သို့ ပြောင်းရွှေ့ခဲ့သည့်ကိစ္စကိုမူ ဝေဖန်

ထိုင်းနိုင်ငံ၊ ချင်းရိုင် ခရိုင်နှင့်မဝေးသော ထိုင်း–မြန်မာနယ်စပ်နှင့် (၁)ကီလိုမီတာသာဝေးသည့် UWSA စခန်းတခု

မိုင်းယွန်းဒေသဘက်သို့ အဝေးကြည့်မှန်ပြောင်းဖြင့် လှမ်းကြည့်ပါက "ဝ" တပ်စခန်းများတွင် ဘိန်းချက်နေသော စစ်သားများကို အစီအရီတွေ့ရကြောင်း၊ အမေရိကန် ပစ္စဖိတ်ဒေသရေတပ် အကြီးအကဲ ဗိုလ်ချုပ် ဒန်းနစ်ဘဲလ်က ပြောကြားသည်။

လွန်ခဲ့သောနှစ်အတွင်း "ဝ" တပ်များက ထုတ်လုပ်သည်ဟုဆိုသော အက်ဖက်တမင်း မူးယစ်ဆေးပြား သန်းနှင့်ချီပြီး ထိုင်းနိုင်ငံထဲသို့ စီးဆင်းဝင်ရောက်ခဲ့ကြောင်း၊ ယင်းသို့ အတောမသတ်ဝင်ရောက်နေမှုကို ပြောဆိုရန်ငြင်းဆန်သည်ဟုသိရသည်။

နိုင်ငံရေးကြောင့်ဖြစ်ဖြစ်၊ မူးယစ်ဆေးဝါးအရောင်းအဝယ်ကြောင့် ဖြစ်ဖြစ်၊"ဝ"တပ်များသည် ယင်းတို့၏နယ်မြေကို ချဲ့ထွင်လိုကြခြင်းဖြစ်ကြောင်း၊ နအဖစစ်အုပ်စု၏ ထောက်ခံမှုရရှိထားသော မူးယစ်ဆေးဝါးခေါင်းဆောင် "ဝေရှုကန်း"သည်ဗိုလ်မှူးကြီးယွက်စစ်၏ SSAဒေသကို ထိန်းရန်လိုအပ်လာသည့်အတွက် UWSA တပ်ရင်း (၅)ရင်းအား မိုင်းယွန်းမှ တောင်ပိုင်းဒေသသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟု တိုင်းမ်သတင်းစာ၌လည်း ရေးထားသည်။ ❖

ကင်းလွတ်ကုန်နှင့် တားမြစ်ကုန်သတ်မှတ်ချက် လက်တွေ့မကျသဖြင့် မကျေနပ်ကြ မြန်မာကုန်သည်ကြီးများအသင်းက နအဖ စီးပွား ကူးသန်းဝန်ကြီးထံတင်ပြ

နအဖ စစ်အုပ်စု၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် သွင်းကုန် တားမြစ်ကုန် သတ်မှတ်ချက်များမတူညီဘဲ အမျိုးမျိုးကွဲပြားနေကြောင်း၊ လက်တွေ့တွင် သက်ဆိုင်ရာအကောက်ခွန်ဝန်ထမ်းများ၏ ဆုံးဖြတ်ချက်အပေါ်၌သာမူတည်နေကြောင်း၊ တရားဝင်သတ်မှတ်ထားသောသွင်းကုန်များအား တားမြစ်ကုန်ဟုဆိုကာ သိမ်းဆည်းခံနေရကြောင်း၊မြန်မာနိုင်ငံနိုင်ငံ သွင်းကုန်ပို့ကုန် ကုန်သည်ကြီးများအသင်းက နအဖစစ်အုပ်စု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံထံ ဒီဇင်ဘာလ (၅)ရက်နေ့က သွားရောက်တွေ့ဆုံပြီး မကျေမနပ် တင်ပြခဲ့ကြောင်း သိရသည်။

အောက်တိုဘာလအတွင်းက ထိုင်းလေကြောင်းနှင့် ဟောင်ကောင်မှ တင်သွင်းလာသော ချုပ်စအဝတ်ဖြတ်ပိုင်း၊ကျပ်(၂၅)သိန်းဖိုး၊ မြန်မာ့လေကြောင်းဖြင့် ဘန်ကောက်မှပို့သော အကျီကျပ်(၁၁)သိန်းဖိုးတို့ကို ရန်ကုန်လေဆိပ်ရှိအရာရှိတို့ သိမ်းယူခဲ့သည်ဟု ဆိုသည်။

အလားတူ နိုဝင်ဘာလအတွင်း ထိုင်းလေကြောင်းဖြင့် တင်သွင်းလာသော အထည်အလိပ် ကျပ်(၁၉)သိန်းဖိုး၊ကလေးကစားစရာများ၊ ပြက္ခဒိန်များကိုတားမြစ်ကုန်ဟုဆိုကာ သိမ်းယူလိုက်ကြောင်း၊ သို့သော်လည်း ထိုင်းလေကြောင်းဖြင့်ပင် ကိုရီးယားနိုင်ငံမှတင်သွင်းလာသော ကင်မရာအပိုပစ္စည်းများ၊ မြန်မာ့လေကြောင်းဖြင့် အိန္ဒိယနိုင်ငံမှ တင်သွင်းလာသော မော်တာအသေးစားများကို ကင်းလွတ်မဟုတ်သော်လည်း အခွန်ဆောင်တင်သွင်းခွင့်ပြုလိုက်ကြောင်း သိရသည်။

ထို့ကြောင့် ကင်းလွတ်ကုန်နှင့် တားမြစ်ကုန်တို့အား ဝန်ကြီးဌာန(၂)ခုက မည်သည့်မူဖြင့်သတ်မှတ်ထားသည်ကို သိလိုကြောင်း မြန်မာနိုင်ငံသွင်းကုန်ပို့ကုန် ကုန်သည်ကြီးများအသင်းက ဗိုလ်မှူးချုပ်ပြည့်စုံအား မေးမြန်းခဲ့သည်ဟု သိရသည်။ ❖

နအဖစစ်အုပ်စု၏ ဘိန်းဖြူပပျောက်ရေး(၁၅)နှစ်စီမံကိန်းအတွက် ကုန်ကျမည့်ငွေ
အမေရိကန်ဒေါ်လာ သန်း (၁၅၀)

ဗြိတိန်နိုင်ငံတွင် ဖမ်းဆီးရမိသော မြန်မာနိုင်ငံထွက် ဘိန်းဖြူ
ကာလတန်ဖိုး အမေရိကန်ဒေါ်လာ သန်း (၁၅၀)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်
နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သဖြင့်
မည်သည့်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့်မျှ နိုင်ငံရေးနည်းအရ
စေ့စပ်ဆွေးနွေးခြင်းပြုရန် အကြောင်းမရှိပေ။

— — — — — — — — — — — — — — — —

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်ကြေညာချက်အမှတ်(၁-၉၀)
၁၃၅၂ခုနှစ်၊ ဝါခေါင်လဆန်း(၆)ရက် ၁၉၉၀ပြည့်နှစ်ဇူလိုင်လ(၂၇)ရက်

မုံးကိုး MDAတပ်ဖွဲ့တွင်းအာဏာသိမ်းပွဲ နအဖစစ်အုပ်စု ဖိအားသုံးထိန်းချုပ်
အပစ်အခတ်ရပ်စဲထားသောအဖွဲ့များ သဘောထားပြောင်းနိုင်ဖွယ်ရာရှိနေ

ပြီးခဲ့သည့် ဒီဇင်ဘာလ(၂)ရက်နေ့ ရှမ်းပြည်နယ်မြောက်ပိုင်းတရုတ်မြန်မာနယ်စပ်ရှိ မုံးကိုးကာကွယ်ရေးတပ် MDA တပ်ဖွဲ့ဝင်များက နအဖစစ်အုပ်စုထံလက်နက်အပ်နှံသောအခမ်း အနားတခုကျင်းပခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့လက်နက်အပ်နှံသည့်အခမ်းအနားကျင်းပရခြင်းမှာ ပြီးခဲ့သည့်အောက်တိုဘာလ(၄)ရက်နေ့က MDA တပ်ဖွဲ့အတွင်း အာဏာလုပွဲဖြစ်ပွားရခြင်းနှင့် ဆက်စပ်နေသည်။ မုံးကိုးကာကွယ်ရေးတပ် ဥက္ကဋ္ဌကချင်လူမျိုးမုံဆာလအား 'ဝ'တရုတ်လူမျိုးလီနီမင်အုပ်စုက ဖမ်းဆီးအာဏာသိမ်းသည့်အတွက်မုံးကိုးဒေသအခြေအနေ ရှုပ်ထွေးပြီး ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။နအဖစစ်တပ်က မုံဆာလဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးပြီး အာဏာသိမ်းခေါင်းဆောင် လီနင်မင့်အပါအဝင်'ဝ'လူမျိုး အများအပြားအား သတ်ဖြတ်ခဲ့ကြောင်း သတင်းများက ဆိုသည်။

တိုက်ပွဲများဖြစ်ပွားအပြီး၊ မုံဆာလ၏ တပ်ဖွဲ့ဝင်များ လက်နက်အပ်နှံရန် နအဖက ဖိအားပေးကာ မုံးကိုးဒေသတစ်ခုလုံးကို ထိန်းချုပ်လိုက်ကြောင်း၊ နအဖ စစ်ထောက်လှမ်းရေးတို့က MDA ဥက္ကဋ္ဌမုံဆာလကို လားရှိုးမြို့သို့ ခေါ်ဆောင်သွားကြောင်းသိရသည်။

ဒီဇင်ဘာ(၂)ရက်နေ့ကပြုလုပ်သော နအဖ တပ်များ၏ လက်နက်အပ်နှံပွဲအခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သီဟသူရတင်အောင်မြင့်ဦး၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊စစ်ထောက်လှမ်းရေးရုံးမှ ဗိုလ်မှူးကြီးစန်းပွင့် တို့တက်ရောက်ခဲ့ကြသည်။

ထို့ပြင် လားရှိုးနှင့်ခမ်းကွတ်ခိုင်မြို့ပေါ်ရှိ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်အဖွဲ့ရုံးများရှိလက်နက်များကိုလည်း လုံခြုံရေးအရဟုအကြောင်းပြကာ နအဖစစ်ထောက်လှမ်းရေးတို့က သိမ်းယူလိုက်ကြောင်း သိရသည်။

မုံးကိုးဒေသ လေ့လာသူများက MDAအဖွဲ့၏ ရှေ့အလားအလာများ မကောင်းတော့ဟု ဝေဖန်ပြောဆိုကြပြီး၊ နအဖစစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသော အခြားအဖွဲ့အတွင်းတွင်လည်း အချိန်မရွေးပြောင်းလဲနိုင်သောသဘောထားတချို့ဂယက်ထလာပြီဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူတချို့က သုံးသပ်ပြောဆိုနေသည်။

ဘာသာရေး ပဋိပက္ခမှ နအဖ လျော်ကြေးတောင်း

ညောင်လေးပင်ခရိုင်၊ မုန်းမြို့တွင်မွတ်ဆလင်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များ(၂၈-၁၀-၂၀၀၀)ရက်နေ့က အဓိကရုဏ်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားရပုံမှာ လိမ်ပင်သံဃာနှင့်ဒီကောဘီအေသံဃာများဦးစီးသော ဗုဒ္ဓဘာသာဝင်(၅၀၀၀)ခန့်ကခွဲကြီးကျေးရွာ အိမ်ယာစုပီဗလီနှင့် မုန်းမြို့တွင်ရှိအစ္စလာမ်သန်းတင်အိမ်အားဝင်ရောက်ဖျက်ဆီးကြသည်ဟု သိရသည်။အခင်းဖြစ်ပွားရသည့် ကျောက်ကြီးဗျူဟာမှူးထိန်လင်းနှင့် ထောက်လှမ်းရေးတပ်ဆွယ်မှအောင်မြင့်တို့ နေ့တွင်းချင်းရောက်ရှိလာပြီး အစ္စလာမ်သန်းတင်အား ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း၊ ထို့နောက် နှစ်ဦးနှစ်ဘက်ပြေလည်မှုရရှိစေရန် ဖျက်ဆီးသူများဘက်မှ လျော်ကြေးပေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။

သံဃာခေါင်းဆောင် အာလာဝါက ထိုဆုံးဖြတ်ချက်အားလက်မခံကြောင်း မည်သူမျှလျော်ကြေးပေးရန်မလိုကြောင်း ပြောသည်ဆို၏။ နောက်ဆုံး၌ ကျောက်ကြီးဗျူဟာမှူးနှင့် ထောက်လှမ်းရေးတပ်ဆွယ်မှူးတို့က ဂေါပကအဖွဲ့များအားအကြပ်ကိုင်သဖြင့် မြို့တွင်း၊ ဆင်ဝေါင်း၊လက်ပံကျွန်းချောင်း၊ ဆင်ဝင်၊ လိမ်ပင်ကျွန်းပင်စခန်း စသည့်ကျေးရွာများမှ တစ်ရွာလျှင် ကျပ်ငွေ(ခြောက်သောင်း)ကျော်ပေးခဲ့ရသည်ဟု သိရသည်။ သို့သော်လည်း သက်ဆိုင်သူအသီးသီးက ယခုကိစ္စအား ကျေနပ်မှုမရှိသေးဟု ဆိုသည်။ ❖

နအဖစစ်တပ်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

ကော့ကရိတ်ခရိုင်
ကရင်ပြည်နယ်

၁၂-၁၀-၂၀၀၀။ နအဖ-ခမရ (၇၀၅)မှ အောင်ဟိန်းမြ ဦးစီးတပ်ဖွဲ့သည် ထီးမတောကျေးရွာသို့ ဝင်ရောက်ပြီးဦးလှဝင်း၏ ဆန်(၁၀)ပြည်၊ ဦးသာခု၏ ဆန်(၁၂)ပြည်၊ ကြက်(၁)ကောင်၊ဘဲ(၁)ကောင်၊ ဖိုးတက်၏ကြက်(၁)ကောင်ဦးဇင္ဘောင်၏ ကြက်(၁)ကောင်၊ နော်သဲ၏ကြက်(၁)ကောင်ဦးချား၏ ဆန်(၁)ပြည် နော်နီလို၏ဆန်(၁၀)ပြည်၊ရွှေနီ၏ ဆီးကြက်သွန်၊ရုတ်သီးလက်ဖက်ခြောက်၊ ဘဲဥ၊ မြေပဲလိပ်၊သကြားခေါက်ဆွဲထုပ် စုစုပေါင်းတန်ဖိုးငွေ(၁၂၁၅)ကျပ်ခန့်၊ နွားကုန်သည်များထံမှ ဝက် (၁)ကောင်၊ ကာလတန်ဖိုး(၉၀၀၀)ကျပ်နှင့် အရက်(၃)လုံးတို့ကို အဓမ္မတောင်းယူသွားကြောင်း သိရသည်။

၁၈-၁၀-၂၀၀၀။နအဖ-ခမရ(၃၅၅)တပ်ခွဲ (၄)မှူးမြင့်ဆွေနှင့် အဖွဲ့သည် ကော့ကရိတ်မြို့အနီး မာနကန်းကျေးရွာသား စောကွေးအားဖမ်းဆီးနှိပ်စက်သဖြင့် သွား(၂)ချောင်းကျိုးသွားသည်ဟု သိရသည်။

၁၉-၁၀-၂၀၀၀။နအဖ-ခမရ(၃၅၅)မှအမည်စုံစမ်းဆဲ တပ်ကြပ်(၁)ဦးသည် ဟူဟောင်ရွာသူ နော်တွဲ၏ ကြက်ဥ(၈)လုံး၊ နော်တသ၏ ဆန်(၂)ပြည်၊ မောင်ထွန်းဦး၏ ငရုတ်သီး(၁)ပိဿာတို့ကို အဓမ္မလုယူသည့်အပြင်ထိုညှဉ့် ကော်နွယ်ရွာသူ နော်မမအား အဓမ္မပြုကျင့်သွားကြောင်း သိရသည်။

၂၁-၁၀-၂၀၀၀။နအဖ-ခမရ(၇၀၅) ဒုတပ်ရင်းမှူး ဇေယျာနိုင်၊ စစ်ကြောင်းမှူး မင်းနိုင်ဦးတို့ ဦးစီးအဖွဲ့သည် မောင်ယိုင်ရွာသို့ ဝင်ရောက်၍မူးရစ်ဝမ်းကားပြီး မန့်ဟင်းခါးချက်ကျွေးခိုင်းသည့်အပြင် မောင်ယိုင်ရွာအနန်းတမ်ချောင်းထဲရှိ ရွာသားများ၏စျေးရောင်းသောဖောင်များ အားအကြောင်းမဲ့ဖျက်ဆီးကာ မျှောပစ်လိုက်ကြောင်း သိရသည်။

၁၁-၁၁-၂၀၀၀။နအဖ-ခမရ(၇၀၇)စစ်ကြောင်း(၁)မှူး အောင်နိုင် ဦးစီးအဖွဲ့သည်ထီးဖယောကျေးရွာ အတွင်းသို့ ၀၄း၁၁ မိနစ်အချိန်ခန့်က ဝင်ရောက်လာပြီး၊ ဦးပချား(၉၀)နှစ်၏ ငါးမူးသားရွှေဆွဲကြိုး(၁)ကုံး၊ နားကပ်(၂)ရံနှင့် အခြားပစ္စည်းတန်ဖိုးငါးသောင်းကျပ်ခန့်၊ရွှေအိုးစည် (၁၀)နှစ်၏ပုဆိုးသစ်(၁)ထည်၊အကျီသစ်(၁)ထည်၊ ထမိ(၁)ထည်၊ တန်ဖိုး(၃၀၀၀)ကျပ်ခန့်၊ ဦးစိုးနိုင်(၂၈)နှစ်၏ကော်ဖီမစ်(၄)ထုပ်၊ လက် ဖက်ခြောက်(၂)ထုပ်၊ လက်ဖက်ထုပ်(၄) ထုပ်၊ ခေါက်ဆွဲ(၂)ထုပ် စုစုပေါင်းတန်ဖိုး (၅၀၀၀)ကျပ်ခန့်တို့ကို အဓမ္မလုယူသွားခဲ့ကြောင်း သိရသည်။

၂၁-၁၁-၂၀၀၀။နအဖ-ခမရ(၇၀၈)တပ်ဖွဲ့ဝင်တို့သည်ကေအဲန်အဲလ်အေတပ်ရင်း(၁၈) တပ်ဖွဲ့ဝင်များနှင့်တရိတကောင်းရွာ ဘုန်းကြီးကျောင်းအောက်ဘက်နားတွင် တိုက်ပွဲဖြစ်ပွားပြီးနောက်၊ မည်သို့မျှ မပတ်သက်သောတရိတကောင်းရွာသားတို့ပိုင် ပစ္စည်းများအား အဓမ္မလုယူသွားကြောင်း သိရသည်။

၂၁-၁၁-၂၀၀၀။နအဖ-ခမရ(၈၇)ရင်းမှူးမောင်အေးနှင့် ဒုရင်းမှူးကျော်မြင့်သန်းဦးစီးအဖွဲ့သည် လွှတ်ရှားကျေးရွာသို့ ဝင်ရောက်လာပြီး စောနဲပူ(၇၀)နှစ်၊ ဦးပန်းအောင်(၄၀)နှစ်၊စောအတာ(၂၅)နှစ်၊စောခပိန်း(၄၀)နှစ်၊ စောပရ (၅၅)နှစ်၊ စောကပါ(၃၄)နှစ်၊စောကောင်ဒီး(၄၈)နှစ်၊စောက ဘဲ့(၃၆)နှစ်၊စောဗိုက်ပူ(၃၅)နှစ်၊ စော တာလို့(၂၅)နှစ်၊စောင်အောင်မင်း(၂၅)နှစ်၊စောဖားသူး(၁၃)နှစ်၊ စောဖားပို့ (၄၀)နှစ်၊ စောအေးအေး(၃၈)နှစ်၊စောဖားကလယ်(၄၄)နှစ်၊သန်းထွဋ်(၅၅)နှစ်၊စောဒေး(၄၁)နှစ်၊စောမူနောင်ဖိုး(၄၄)နှစ်တို့အားပေါ်တာအဖြစ် ကြအင်းဆိပ်ကြီးဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

နအဖစစ်တပ်များ၏ အကြမ်းဖက်ပစ်ခတ် မီးရှို့မှုကြောင့် ပြာကျခဲ့ရသော ဘားအံခရိုင်အတွင်းမှ ကျေးရွာတရွာ

— — — — — — — — — — — — — — —

သိရသည်။ ထို့သို့ အဓမ္မလုယူသွားမှုကြောင့် ရွာသားများအနေဖြင့်၊ ဆန်(၂)တင်း၊ ဝက်(၂)ကောင်၊ ကြက်(၃၀)ကောင်၊ ဘဲ(၁၂)ကောင်၊ အကျီလုံချည်(၂၈)ထည်၊စောင်(၇)ထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများနာရီများ၊ ငွေထည်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။

ဆန် (၁)တင်းနှင့် (၁၂)ပြည်၊ ဆိတ်(၃)ကောင်၊ ကြက်(၂၇)ကောင်၊ ဘဲ(၇)ကောင်၊ ယမ်းမီးခြစ်(၁)ဖာ၊ ငွေ(၃၇၀၀၀)ကျပ်၊ အိုး(၃)လုံး၊ဓါတ်မီး(၄)လက်နှင့် ဓါတ်ခဲ(၃)စုံတို့အပြင် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် ရွာသူကြီးထံမှ ဒက်ရိုက်သည်ဟုဆိုကာ ငွေကျပ် တစ်

ထို့နေ့မှာပင် နန်းခွေရွာသား ဦးနဲထွန်း(၄၁)နှစ်၊ဦးပလူ(၄၂)နှစ်၊ချစ်ဝင်းညို(၃၅)နှစ်၊စောဖားထဲ(၃၅)နှစ်၊ စောပစ်ကာ(၂၅)နှစ်၊ ဖားမိန်တင် (၂၃)နှစ်၊ အာသာအုန်း(၂၄)နှစ်၊ စောအုန်းစိန်(၃၀)နှစ်၊ ဦးဘဂျမ်း(၄၀)နှစ်၊စောအနိုင်(၂၅)နှစ်တို့အားပေါ်တာအဖြစ် ထပ်မံဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

၂၂-၁၁-၂၀၀၀။နအဖ-ခမရ(၇၀၄)စစ်ကြောင်း(၂)မှူး မြင့်စန်းသည် နို့တာဂေါ်ကျေးရွာသားစောဖားပွဲ၏ နာရီ(၁)လုံးကို အဓမ္မလုယူသွားသည်။ထို့နေ့မှာပင်နအဖ ခမရ (၇၀၁)စစ်ကြောင်း(၁)မှူးအောင်နိုင် ဦးစီးအဖွဲ့သည် မယ်ကော်ခီးကျေးရွာသို့ ဝင်ရောက်လာပြီး ရွာသားများပိုင် ကြက်များကို အဓမ္မဖမ်းဆီးစားသောက်ကာ၊ရွာသား(၅)ဦးကိုလည်း ပေါ်တာအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရ သည်။

ထို့နေ့မှာပင်နအဖ-ခမရ(၇၀၉)မှ ဗိုလ်ရန်နိုင်ကျော်နှင့် စိုးနိုင်တို့သည် ဝင်းလုံကျေးရွာသား စောငဲငဲ အားဝါးမြောင်ဖြင့် ပြင်းစွာထိုးပြီး နှိပ်စက်ညှဉ်းပန်းခဲ့သည့်အပြင် ရွာသူကြီးစော ဖားကျားကိုလည်းမျက်နှာများဖူးယောင်သည်အထိ ညှဉ်းပန်းခဲ့ကြောင်း ရွာသားများကိုလည်း ယင်းတို့စခန်းသို့ ဝါးအလုံး(၅၀၀)ပို့ပေးရန် ခြိမ်းခြောက်အမိန့်ပေးခဲ့ကြောင်းသိရသည်။

ဖာပွန်

၂၀-၁၁-၂၀၀၀။နအဖ၏ တပ်မ(၄၄)လက်အောက်ခံမရ(၁၀၄)၏ တပ်ရင်းမှူးအောင်ထွန်း၊ ဒုရင်းမှူးကိုကိုနိုင်ဦးစီး စစ်ကြောင်း(၂)ကြောင်းသည် ဖူးသိုမြို့နယ်အတွင်းရှိ မေလယ်ခီးကျေးရွာတွင်းသို့ ဝင်ရောက်လာပြီး ရွာတွင်းရှိ တွေ့သမျှပစ္စည်းများကို လုယူစားသောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွာသားများ၏ ပြောပြချက်အရ ကြက်(၃၆၄)ကောင်၊ဝက်(၁၆)ကောင်၊ ဆန်(၇)တင်း၊စပါး(၁၁၁)တင်း၊ ကွမ်းသီး(၅၀)ပိဿာ၊ဓါးမ(၁၅)ချောင်း၊ဇွန်း(၅)ချောင်း၊စောင်(၆)ထည်၊ငွေ(၅၀၀၀)ကျပ်၊အိုး(၁၆)လုံး၊ပုဆိုး(၂)ထည်၊ ထမိ(၂)ထည်၊အကျီ(၂)ထည်၊နားကပ်(၁)ရံ၊နာရီ(၁)လုံး၊ ရွှေလက်စွပ်(၁)ကွင်း၊ ပန်းကန်(၈)ချပ်၊ပေါက်ဆိန်(၁)လက်တို့ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ထို့နေ့ နေ့လည်မှာပင် ယင်းအဖွဲ့သည် ဗိုလ်ယ်ရွာတွင်းသို့ထပ်မံဝင်ရောက်ကြပြီးရွာသားများပိုင် ဆန်(၃)တင်း(၄)ပြည်၊စပါး(၅၀)တင်း၊ကြက်(၁၅)ကောင်၊ကွမ်းသီး(၃၀)ပိဿာ၊ကျပ်ငွေ(၂၀၀၀)တန်ဖိုးရှိ ကွမ်းအစ်(၃)လုံး၊ ပန်းကန်(၅)ချပ်၊အိုး(၄)လုံး၊ဝက်(၁)ကောင်၊ရွှေဟောင်းရိုးရှည်ဆွဲကြိုးအနက်၊ အဝါ တစည်း၊ဆီးဆန်၊ဆားနှင့်အကျီစောင်များ အဓမ္မလုယူကြသည့်အပြင် ရွာအတွင်း အကြောင်းမဲ့ပစ်ခတ်သဖြင့် နော်မထွန်း(၃၅)နှစ်၊ အဘ စောခေါ်ဟဲ၊ စောဒိုးအေး(၅)နှစ်အဘ တာကေနာ၊ စောကျော်မူးသက်(၃၅)နှစ်၊အဘ စောကျာပီတို့ ဒဏ်ရာရရှိသွားသည်။

တဖန် စောဖားမတ်(၄၀)နှစ်၊ အဘ သာဆွေအား ကြိုးနှင့်ချည်ပြီး ထိပ်တုံးခတ်နေပူလှန်းထားခဲ့ရာ၊ (၂၂)ရက်နေ့ ညနေပိုင်းတွင်မှ ပြန်လွှတ်ပေးသည်ဟု သိရသည်။

တောင်ငူခရိုင်

၁၅-၁၁-၂၀၀၀။နအဖ ခမရ(၁၂၄)မှ တပ်ရင်းမှူးမျိုးအောင်၊ ဒုရင်းမှူး စောမြသောင်းဦးစီးအဖွဲ့သည် ခယ်ဝယ်ရွာသား စောဘဝင်း(၂၀)နှစ် အဘ စောလားကျယ်အား မတရားစွပ်စွဲပြီး ရိုက်သတ်ခဲ့ကြောင်း သိရသည်။

ထို့နေ့မှာပင်နအဖ-ခမရ(၁၂၄)ဒုရင်းမှူး စောမြသောင်း ဦးစီးအဖွဲ့က ဝေါလောကားရွာ မမွှေဆရာ စောဝင်းကျော်၏တောင်ယာထဲအားဝင်ရောက်ဖျက်ဆီးခဲ့ရာ စပါး(၂၅)တင်း၊ကောက်ညှင်းဆန်(၃)တင်း၊ ကွန်(၃)လက်နှင့် အိုးခွက်အားလုံး ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

၂၃-၁၁-၂၀၀၀။နအဖ ခလရ(၁၂၄)တပ်ရင်းမှူးသောက်ရေခပ် ကျောင်းအနောက်ဘက်ဒေသရှိ ကျေးရွာဥက္ကဋ္ဌများကိုခေါ်ယူပြီးဒေသအတွင်း တိုက်ပွဲဖြစ်ပွားမှုရှိလာပါက ခယ်ဝယ်ရွာသားစောဘဝင်း(၂၀)နှစ်၊ အဘ စောလားဘွယ်အား သတ်ပစ်သကဲ့သို့ ရွာလူကြီးများအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ကြိမ်းမောင်းခဲ့ကြောင်း သိရသည်။ ❖

လုံခြုံစိတ်ချ ပညာရေး ကျောင်းသားတွေကို ချက်ချင်းပေး

(၂၁)ရာစုဦး မြန်မာ့နိုင်ငံရေးဖြစ်ထွန်းမှု အလားအလာကောင်း စစ်မှန်စွာတိုးမြှင့်သွားနိုင်ရေး နိုင်ငံတကာမှ တိုက်တွန်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စု၏ ဒု ဗိုလ်ချုပ်ကြီး ခင်ညွန့် တွေ့ဆုံကြပြီ

နအဖစစ်အုပ်စုက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်လျှင် အတိုက်အခံတို့နှင့် မဆွေးနွေးလိုဟု ယခင်က ငြင်းဆိုခဲ့သော်လည်း ယခုအခါ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စု အတွင်းရေးမှူး(၁)ဒု ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ တကြိမ်မက တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ကုလသမဂ္ဂအရာရှိများက အတည်ပြုပြောကြားခဲ့သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးလ် ရန်ကုန်မြို့သို့ (၅)ရက်ကြာရောက်ရှိပြီးနောက် မြန်မာနိုင်ငံတွင် ယခုကဲ့သို့ဆွေးနွေးနေမှုများရှိခဲ့ကြောင်း ဇန်နဝါရီလ(၉)ရက်နေ့က ကြေညာခဲ့သည်။

မစ္စတာ ရာဇာလီ ရန်ကုန်မြို့သို့ ရောက်ရှိစဉ် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စု အတွင်းရေးမှူး(၁) ဒု ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ကို သီးခြားစီ တွေ့ဆုံခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က နအဖစစ်အုပ်စုနှင့် ဆွေးနွေးနေကြောင်း မစ္စတာရာဇာလီကို ပြောပြခဲ့သည်ဟု သိရသည်။

ထို့ပြင် ဆွေးနွေးပွဲ အခြေအနေများ ကောင်းမွန်ကြောင်း၊ပိုမိုအရေးပါသောဆွေးနွေးပွဲများ မကြာမီကျင်းပရန်လည်း စီစဉ်ထားသည်ဟုနှစ်ဘက်ခေါင်းဆောင်တို့က ပြောပြကြောင်း၊ မိမိ၏ မြန်မာနိုင်ငံခရီးစဉ်လည်း အောင်မြင်လာသဖြင့် မကြာမီ ရန်ကုန်မြို့သို့ပြန်သွားရန် အစီအစဉ်ရှိကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်က အေအက်ဖ်ပီ သတင်းထောက်များအား မလေးရှားနိုင်ငံတွင် ပြောပြခဲ့သည်ဟု သိရသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန် ကမူ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စုတို့ အောက်တိုဘာလမှစ၍ တိုက်ရိုက်ဆွေးနွေးနေသည်ဟု သိရသဖြင့် မိမိအားတက်မိရကြောင်း၊ ထို့ပြင် အရှိန်အဟုန်ရလာမှုကို ဆက်လက်ထိန်းထားပြီး မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး စောစီးစွာလုပ်ကြပါရန် မစ္စတာကိုဖီအာနန်ကတိုက်တွန်းပါသည်ဟု ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ်ကလည်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စက်မက်ဒလင်းအောဘရိုက် ကလည်း လာမည့်ဆွေးနွေးပွဲများ အောင်မြင်ရေးအတွက် နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အား ညီမလေးအဖြစ် သဘောထားရန်မဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်တဦး အဖြစ် သဘောထားရလိမ့်မည်ဟု ပြောကြားသည်။

နိုင်ငံတကာရှိ ခေါင်းဆောင်များကမူ ယခုသတင်းနှင့် ပတ်သက်၍ သတိကြီးစွာဖြင့်ကြိုဆိုကြပြီး၊ အချို့က မူ စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုများ ပေါ်ပေါက်လာရန် တိုက်တွန်းခဲ့ကြသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ရန်ကုန်တိုင်း၊ဒလမြို့နယ်အတွင်း နအဖစစ်အုပ်စု၏ ပိတ်ဆို့တားဆီးခြင်းခံခဲ့ရသော စည်ရုံးရေးခရီးစဉ်မှ ပြန်ရောက်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် တို့ စစ်ထောက်လှမ်းရေးများ ဝင်ရောက်မွှေနှောက်ပြီး သော့ခတ်ထားခဲ့သည့် အဖွဲ့ချုပ်ရုံးအား ပြန်လည်ဖွင့်လှစ်နေစဉ်

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က နအဖ၏ ဘုရင့်နောင်ကုန်းစခန်းအား တိုက်ခိုက် သိမ်းပိုက် တိုက်ပွဲဖြစ်ပွားချိန် (၃)နာရီအတွင်း နအဖ–ခမရ (၁၀၆)တပ်ဖွဲ့ဝင်များ စခန်းစွန့်ထွက်ပြေးသွားရခြင်း

ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် KNLA ရင်း (၂၀၁)မှ တပ်စုများပူးပေါင်းပြီး နအဖ ခမရ (၁၀၆)တပ်ခွဲ(၃) အခိုင်အမာ အခြေစိုက်ထားသောထိုးကျိုးခေါ်ဘုရင့်နောင် ကုန်းစခန်းအား(၁၀–၁၁–၂၀၀၀) ရက်နေ့နံနက် (၅)နာရီ(၃၀) မိနစ်ခန့်တွင် စတင်ဝင်ရောက်တိုက်ခိုက်ပြီး စခန်းတခုလုံးအား သိမ်းပိုက်ရရှိလိုက်ကြောင်း သတင်းရရှိသည်။

တိုက်ပွဲဖြစ်ပွားချိန် (၃)နာရီခန့် ကြာမြင့်ပြီးနောက် စခန်းတခုလုံးအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ပြီးနအဖ တပ်သား(၁)ဦး အသေရရှိကာ(၁)ဦး လက်ရဖမ်းဆီးမိသည်ဟု သိရသည်။ ကျန်အရာရှိနှင့် အကြပ်တပ်သားတို့မှာ စခန်းအား စွန့်ခွာထွက်ပြေးသွားကြကြောင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် အရာရှိတဦးက ပြောဆိုသည်။

သိမ်းပိုက်ရရှိသော နအဖ–ခမရ(၁၀၆)၏ အခိုင်အမာ ဘုရင့်နောင်ကုန်းစခန်းအား မီးရှို့ဖျက်ဆီးနေစဉ် တွေ့မြင်ရပုံ

နအဖ ခမရ(၁၀၆) တပ်ခွဲ (၃) အခိုင်အမာအခြေစိုက်ထားသည့် အဆိုပါ ဘုရင့်နောင်တောင်ကုန်းစခန်းမှ ၉၃ (၁)လက်၊ ၉၄ (၁)လက်၊ကာဘိုင်(၁)လက်၊ သူရအမျိုးအစား ဆက်သွယ်ရေးစက်(၁)လုံး၊ ၈၁မမ ကျည်(၅၃)တောင့်၊အာပီဂျီ–၇ကျည်(၅၁) တောင့်၊ ၉၃မမ ခွင်းဗုံး(၆၀)လုံး၊ ၆၀မမကျည်(၆၆)လုံး၊ ၅မမကျည်(၃၂၁၀)တောင့်၊ စလင်းမိုင်း (၁၂)လုံး၊ ကာဘိုင်ကျည်(၆၄၀၀)တောင့်၊၉၃ကျည် (၁၀၀၀၀)တောင့်၊၇၅မမ ကျည်(၁)တောင့်၊မြေပုံ(၁)ချပ်၊ကျောပိုးအိတ်(၁၀)လုံး၊ စစ်ဝတ်တန်ဆာ(၁၀)စုံ၊ ဆေးဝါးနှင့် အရေးကြီးစာရွက်စာတမ်းအချို့ သိမ်းဆည်းရမိကြောင်း၊ ထို့နောက် အဆိုပါ ဘုရင့်နောင်ကုန်စခန်းအား ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်ရင်း(၂၀၁)က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ❖

လူထုဆန္ဒ လူထုအာသံ ၊ ရွေးကောက်ပွဲသစ် လက်မခံ

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြီး သတင်းစဉ် အမှတ် (၁၇)

လက်နက်ကိုင်တော်လှန်ရေး အပြင် အသိ သဘောထားနှင့် ပုံရိပ်စစ်များ

တပ်မဟာ(၁) သထုံခရိုင်

၂၆-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ဖွဲ့ဝင်များနှင့် နအဖ ခမရ(၅)စစ်ကြောင်း(၂)တို့ ထီးပူဝါနှင့် တရွယ်ဝါကြား၊ သေဝါးလောကလိုးတွင်(၁၄း၄၅)နာရီခန့် တိုက်ပွဲဖြစ်ပွားရာ နအဖ-ခမရ (၅)ဘက်မှ(၂)ဦးသေ၊(၃)ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

၃၁-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ဖွဲ့ဝင်များနှင့် နအဖ-ခမရ(၅)ရင်းမှူးမျိုးအောင် ဦးစီးအဖွဲ့တို့ လားခို့ရွာအနီး ရင်ဆိုင်တိုက်ပွဲဖြစ်ရာနအဖ-ခမရ(၅)ဘက်မှ (၃)ဦးသေ (၃)ဦးဒဏ်ရာရသွားကြောင်း သိရသည်။

၄-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေတပ်ဖွဲ့ဝင်တို့က နအဖ-ခမရ(၅)ရိက္ခာပို့စက်လှေများအား ကရွယ်ချောင်းအတွင်း ည(၁၉း၄၅)နာရီခန့် ကြားဖြတ်တိုက်ခိုက်ရာ နအဖ-ခမရ(၅)ဘက်မှ(၁၁)ဦးသေ၊(၃)ဦး ဒဏ်ရာရရှိသွားသည့်အပြင် စက်လှေ(၂)စီး နစ်မြုပ်ကာ ရိက္ခာများဆုံးရှုံးသွားသည်ဟု သိရသည်။

၁၈-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်မဟာ(၇)လက်အောက်ခံတပ်ဖွဲ့အဖွဲ့နှင့် တပ်မဟာ(၁)တပ်ဖွဲ့တို့ ပူးပေါင်းပြီး န-အ-ဖ ခမရ(၅၄၆)အား ဘီးလင်းမြို့နယ်အရာရောင်းနှင့် ကြိုးဝိုင်းကြား တခေါ့ခွဲလူလမ်းပေါ်တွင် ဝင်ရောက်တိုက်ခိုက်ရာ ခမရ(၅၄၆)မှ ဒုဗိုလ်(၁)ဦး၊ အရာခံဗိုလ်(၁)ဦး၊ တပ်ကြပ်(၁)ဦး၊တပ်သား(၁)ဦးတို့ သေဆုံးသွားပြီး (၈)ဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

၆-၁၂-၂၀၀၀။ ကေအဲန်အယ်လ်အေ တပ်မဟာ(၅)မှတပ်ဖွဲ့၊ ကေအဲန်ယူကာကွယ်ရေး (၄၄)မှတပ်ဖွဲ့၊ ကျေးလက်ဒေသခံ အထူးပြောက်ကျားတပ်ဖွဲ့၊ ပြည်သူ့စစ် ရင်း(၁)ခွဲ၊(၁)မှ တပ်ဖွဲ့နှင့် နီးစပ်ရာပြောက်ကျား အင်အားစုငယ်များ ထုတ်နှုတ်စုစည်းပြီး မူဆယ်နှင့်ဖွခေါ်ကြား သာညိုခေါ်ထူကားလမ်းရှိ နအဖ-ခမရ(၃၀၂)ခွဲ(၁) လက်အောက်ခံ တပ်ကြပ်ကြီး ကျော်သိန်းဦးစီး၊ လမ်းလုံခြုံရေးတပ်ဖွဲ့အား ဝင်ရောက်တိုက်ခိုက်ရာ မိနစ်(၃၀)ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ နအဖ-ခမရ(၃၀၂)မှ တပ်ဖွဲ့များ ထွက်ပြေးသွားပြီး အလောင်း(၁)လောင်းကျန်ရစ်ကာ၊ (၃)ဦးပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း၊ ယင်းတို့ထံမှပုခုံးသိုင်းကြိုး(၃)ခု၊ ခွင်းဗိုး

လွတ်လပ်ရေးဆိုတာ တောင်းလို့မရဘူး။ လုပ်ယူမှရတယ်။
တိုက်ယူတန်တဲ့အခါ တိုက်ယူရမယ်။
အင်အားကို အမှီပြုပြီးမှ ရနိုင်တယ်။ အင်အား မရှိဘဲနဲ့
စာရွက်ပေါ်မှာ အချုပ်အခြာအာဏာပိုင်နှင့် လွတ်လပ်သောနိုင်ငံလို့
ဘယ်လိုကြီးရေးထားပစေ၊
ကိုယ့်နောက်မှာ အင်အားမရှိရင် ဘာမှ အဓိပ္ပါယ်မရှိဘူး။

ဗိုလ်ချုပ် အောင်ဆန်း (၁၉၄၇၊မတ်လ၊၁၉ရက်)

(၂၂)လုံး၊ဂျီ ၃ ကျည်(၁၀၀)တောင့်၊ ကာဘိုင်ကျည်(၂၀)တောင့်နှင့် စစ်သုံးပစ္စည်းများ၊ ဆေးဝါးရိက္ခာအချို့ သိမ်းဆည်းရမိကြောင်း၊ စခန်းနေရာအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

တပ်မဟာ (၃)တောင်ငူ

၂၂-၁၁-၂၀၀၀။ နအဖ-ခလရ(၁၂၄)နှင့် နအဖတန်ပြန်ပြောက်ကြားအဖွဲ့တို့ သံတောင်မြို့နယ်အတွင်းရှိ ဒေလိုမူလိုအရပ်တွင် အချင်းချင်းမှားယွင်းပစ်ခတ်ကြရာ၊ နအဖ-ခလရ(၁၂၄)မှ (၂)ဦးသေဟုသိရသည်။

၂၃-၁၁-၂၀၀၀။ ကေအဲန်အယ်လ်အေတပ်ဖွဲ့တစ်ဖွဲ့နှင့် နအဖ-ခလရ(၄၈)တို့ ဖောက်ခွဲရေးတိုက်ပွဲဆင်နွှဲရာ နအဖ-ခလရ(၄၈)မှ တပ်ကြပ်ကြီး(၁)ဦးသေဆုံး (၂)ဦးခြေပြတ်သွားကြောင်း သိရသည်။

၁-၁၂-၂၀၀၀။ ကေအဲန်အဲလ်အေတပ်ဖွဲ့တစ်ဖွဲ့နှင့် နအဖ တန်ပြန်ပြောက်ကြားအဖွဲ့တို့ ထန်းတပင်မြို့နယ်အတွင်းရှိ စေမူဒဲနှင့် ဒေါ်သီလေးခိုတွင်(၁၆း၀၀)နာရီခန့်အချိန် ပြောက်ကြားစစ်ဆင်နွှဲရာ နအဖတန်ပြန်ပြောက်ကြား အဖွဲ့ဘက်မှ(၁)ဦးသေ၊ (၁)ဦးဒဏ်ရာရသွားကြောင်းသိရသည်။

တပ်မဟာ (၅)

သံလွင်ဘက်ဒေသ

၂-၁၂-၂၀၀၀။ နအဖ-ခလရ(၃၆၅)သည် ယိုဖိုးလိုကြား၊ ဒူးလော်ဖလိုးတွင် (၁)ကြိမ်၊(၄-၁၂-၂၀၀၀)ရက်နေ့တွင် ပိုဝါဒဲနှင့်ယိုဖိုးလိုကြားတွင်(၁)ကြိမ်မိုင်းနင်းမိရာ(၃)ဦး ခြေပြတ်သွားကြောင်း၊(၅-၁၁-၂၀၀၀) ရက်နေ့ ထီးသဲလိုချောင်းတွင် တကြိမ်၊(၆-၁၂-၂၀၀၀)ရက်နေ့ ကျောက်ဝါတောင်ကုန်းတွင် (၁)ကြိမ်၊ (၇-၁၂-၂၀၀၀)ရက်နေ့ တော်ပလာဗလဲတွင်(၁)ကြိမ်၊(၈-၁၂-၂၀၀၀) ရက်နေ့ တယ်ဂေါ်ခီးတွင် (၁)ကြိမ်၊ ကျူဒေးတွင်(၁)ကြိမ်၊အူးခါးထ ကားလမ်းပေါ်တွင်(၁)ကြိမ် မိုင်းနင်းမိသဖြင့် နအဖဘက်မှ(၆)ဦးခြေပြတ်သွားကြောင်း သိရသည်။ (၆-၁၂-၂၀၀၀)ရက်နေ့ ဖာပွန်နှင့်ခေါ်ပုတ်ကြား ကေအဲန်အဲယ်အေတပ်ဖွဲ့နှင့် နအဖ-ခလရ(၃၆၅)တို့ တိုက်ပွဲဖြစ်ပွားရာတွင် နအဖ-ခလရ(၃၆၅)ဘက်မှ (၂)ဦးသေဆုံးကြောင်း သိရသည်။

၃-၁၂-၂၀၀၀။ ကေအဲန်အဲလ်အေပြောက်ကြားတပ်ဖွဲ့နှင့် နအဖ-ခမရ(၁၀၄)တို့ ထီ့သီးအုံနှင့် မယ်ခူထကြားသာတေချောင်းတွင် တိုက်ပွဲဖြစ်ပွားရာ နအဖ-ခမရ(၁၀၄) ဘက်မှ(၁)ဦးသေ၊(၃)ဦးဒဏ်ရာရသွားကြောင်း သိရသည်။

တပ်မဟာ (၇)ဘားအံ

၁၃-၂၂-၂၀၀၀။ ကေအဲန်အဲလ်အေ မှ တပ်ရင်း (၁၉)(၁၀၁)(၂၁)(၁၀၃)(၂၀)နှင့် ကေအဲန်ဒီအို တပ်ရင်း(၅)၊ ကျောင်းသားတပ်မတော် ထုတ်နှုတ် ပူးပေါင်းစစ်ကြောင်းနှင့် နအဖ-တပ်မ(၂၂)၏ ခမရ(၁၀) စစ်ကြောင်း(၁)မှူး ဝင်းမင်းထွန်းဦးစီးအဖွဲ့နှင့် ဒီကေဘီအေတပ်မဟာ(၉၉၉)ရင်း(၂)ပူးပေါင်းအင်အား(၁၅၀)ခန့်တို့ ပေါခီးတောင်ခြေတွင် နံနက် (၁၁)နာရီမှ စတင်ကာတွေ့ဆုံတိုက်ပွဲဖြစ်ပွားကြပြီး၊ညနေ(၇)နာရီခန့်အချိန် တိုက်ပွဲပြီးဆုံးရာ၌ နအဖဘက်မှ(၅)ဦးကျဆုံးပြီး၊ (၁၇)ဦးဒဏ်ရာရရှိခဲ့ရာ (၁၀)ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ယင်းတိုက်ပွဲမှ စစ်သုံးပစ္စည်းများ သိမ်းပိုက်ရရှိကြောင်း သိရသည်။

၉-၁၁-၂၀၀၀ရက်နေ့မှ ၁၃-၁၁-၂၀၀၀ရက်နေ့အထိ။ နအဖ-ခမရ(၃၀၁)နှင့် ခမရ(၂၀၄) စစ်ကူတပ်များအား ကေအဲန်အဲလ်အေ တပ်ဖွဲ့ဝင်များက ပြောက်ကျားတိုက်ပွဲမျိုးစုံဖြင့် တိုက်ခိုက်ရာ တာဒိုသူးခီး၊ ဂယ်မယ်ကဒါးနေရာများတွင် နအဖဘက်မှ တပ်ခွဲမှူး(၁)ဦးအပါအဝင် တပ်သား(၄)ဦးသေဆုံးပြီး၊(၁၅)ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း၊ ကေအဲန်အဲလ်အေဘက်မှ တပ်သား(၂)ဦး၊ နအဖ ထောင်ထားသောမိုင်းနင်းမိသဖြင့် ခြေထောက်များတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ်　　အမှတ် (၁၇)

လွတ်လပ်ရေး ရပြီးနောက်ပိုင်း ကျနော်တို့တွေ့ရတာက ဖဆပလ အုပ်ချုပ်တုန်းကဆိုရင် တခါတည်းလူမျိုးစုတွေစာပေဟာ လုံးဝသင်ပိုင်ခွင့်မရှိဘူး။ သူတို့ပိတ်ပင်တယ်။ အဲဒီအစိုးရတွေက လူမျိုးစုအတွက်ဘာမှအကျိုးမပေးဘူး။ ကျနော်တို့ကို သက်သက်မဲ့ ဖိနှိပ်ချုပ်ခြယ်တယ်။ကျနော်တို့ကို အမျိုးမျိုး အနိုင်ကျင့်တာပေါ့။ဒါကြောင့်မို့လို့ ကျနော်တို့ လွတ်လပ်ရေးတောင်းတယ်။ တောင်းတော့ သူတို့မပေးဘူး။မပေးတော့ ကျနော်တို့ဆက်လက်ပြီးတော့ တိုက်ပွဲဝင်တာပဲ။ကျနော်တို့လဲ ဒီမိုကရေစီနည်းအရ အခွင့်အရေးတောင်းတယ်။ ဥပဒေအရပေါ့လေ။ဥပဒေဘောင်အတွင်းက အခွင့်အရေးတောင်းတယ်။တောင်းတော့ သူတို့မပေးဘူး။

ပြီးတော့ ကျနော်တို့ကို အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်လာတယ်။ ကျနော်တို့ ကေအဲန်ယူကို သူတို့ဖြိုခွဲတယ်။ ကေအဲန်ယူ လူကြီးတွေကို သူတို့ဖမ်းချုပ်တယ်။ ထောင်ချတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့က ပထမပိုင်း ဒီမိုကရေစီနည်းအရ အခွင့်အရေးတောင်းတယ်။ ဒါပေမယ့် သူတို့မပေးတော့ သူတို့ကအမျိုးမျိုး ကျနော်တို့ကို ရန်ရှာလာတဲ့အတွက်ကြောင့် လက်နက်ကိုင်တိုက်ပွဲ မဖြစ်သင့်ဘဲနဲ့ ဖြစ်ရတာ။ ကျနော်တို့ မလွဲမရှောင်သာ လက်နက်ကိုင်တိုက်ပွဲ ဖြစ်လာတယ်။

လက်ဦးက လက်နက်ကိုင်တိုက်ပွဲ ဖြစ်ဖို့ ကျနော်တို့မရည်ရွယ်ဘူး။ ပြီးတော့ ကျနော်တို့တော်လှန်ရေးတလျှောက်လုံးမှာ ဖြတ်သန်းလာခဲ့ရတာ၊ ဖဆပလ အစိုးရ၊ မဆလအစိုးရ၊ နဝတ အခု နအဖ ပေါ့လေ။သူတို့က ငြိမ်းချမ်းရေး တခါမှမလုပ်ဘူး။ ပြည်တွင်းငြိမ်းချမ်းရေးမလုပ်ဘူး။ တွေ့ဆုံဆွေးနွေးတာတော့လုပ်တယ်။ကျနော်တို့ အခါပေါင်းများစွာတွေ့တယ်။ ဖဆပလအစိုးရနဲ့လည်းတွေ့တယ်။ပြီးတော့ မဆလ စစ်

ဗိုလ်ချုပ်ကြီး စောဘိုမြ

ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်

အစိုးရနဲ့လည်းတွေ့တယ်။ တွေ့တော့ ဆွေးနွေးတယ်။ဒါပေမယ့် တခါမှအောင်မြင်မှုမလုပ်ဘူး။ သူတို့က ကျနော်တို့ကို တွေ့တိုင်း လက်နက်ချခိုင်းတာပဲ။သူတို့ ပြဿနာဖြေရှင်းဖို့ကို သူတို့ မဖြေရှင်းဘူး။

ကျနော်တို့ကတော့ အမျိုးသားရေး ရပ်တည်နိုင်ရေးအတွက် ဆက်လက်ပြီး တိုက်ပွဲဝင်သွားမယ်။ နအဖကိုလည်းကျနော်တို့ တိုက်ပွဲဝင်တာပဲ။ တွေ့ဆုံဆွေးနွေးရေးလည်းလုပ်တယ်။ အခွင့်အရေးလည်းတောင်းတယ်။ ပြီးတော့ (၉၅)ခုနှစ်မှာဆိုရင် ကျနော်တို့ (၇)ကြိမ်လောက်တွေ့တယ်။ အလွတ်သဘော(၃)ကြိမ် တရားဝင်ကတော့ (၄)ကြိမ်လောက် ကျနော်တို့တွေ့တယ်။ တွေ့ပေမယ့် သူတို့ကနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့မလုပ်ဘူး။မလုပ်ဘဲ သူတို့ကလက်နက်ချခိုင်းတာပဲ။ကျနော်တို့က လက်နက်ချဖို့တော့ လက်မခံနိုင်ဘူး။ ကျနော်တို့ လက်နက်ကိုင်တိုက်ပွဲလုပ်တာ လက်နက်ချဖို့ မဟုတ်ဘူး။ကျနော်တို့ အခွင့်အရေးရရှိဖို့အတွက် ကျနော်တို့တိုက်ပွဲဝင်နေတာ။

ပြီးတော့ သူတို့က ကျနော်တို့ လူမျိုးတွေကျပ်တည်းအောင် အမျိုးမျိုးနည်းမျိုးစုံနဲ့လုပ်တာပဲ။ အခု နအဖခေတ်မှာဆိုရင် ကျေးရွာတွေအကုန်မီးရှို့၊စားနပ်ရိက္ခာတွေအကုန်ဖျက်၊ စိုက်ပျိုးထားတာတွေ အကုန်ဖျက်ဆီး၊ ပညာရေးကျောင်းတွေ၊ ဘာသာရေးကျောင်းတွေ အကုန်ဖျက်ဆီး၊ သူတို့က အကုန်ဖျက်ဆီးပြီးတော့မှ တွေ့ဆုံဆွေးနွေးရေးခေါ်တယ်။ ကျနော်တို့ ဆွေးနွေးတယ်။ ဒါပေမယ့် သူတို့က လက်နက်ချခိုင်းတာပဲ။ ကျနော်တို့က လက်နက်တော့မချနိုင်ဘူး။ ကျနော်တို့ တွေ့ဆုံဆွေးနွေးရေးလုပ်တယ်ဆိုတာက လက်နက်ချဖို့မဟုတ်ဘူး။ ပြဿနာဖြေရှင်းဖို့အတွက်ဖြစ်တယ်။ ဒါကြောင့် သူတို့ကပြဿနာမဖြေရှင်းတဲ့အတွက် ဒီတွေ့ဆုံဆွေးနွေးရေးဟာ မအောင်မြင်ခဲ့ဘူး။

သူတို့က တိုင်းပြည်ကိုအုပ်ချုပ်တဲ့ အစိုးရမဟုတ်ဘူး။ ကျနော်တို့အမြင် ကျနော်တို့ခံနေရတာက သူတို့ဟာ သက်သက်လူဆိုး၊လူမိုက်၊လူစော်ကား၊ လူသောင်းကျန်းပဲ။ဒါ အစိုးရ မဟုတ်ဘူး။ အစိုးရဆိုတာ ဒီလိုမဟုတ်ဘူး။ အစိုးရကတိုင်းပြည်ကိုအုပ်ချုပ်ပြီးလူထုကိုအကာအကွယ်ပေးရမယ်။ တိုင်းသူပြည်သားကို အမြဲတမ်းကာကွယ်စောင့်ရှောက်ရမှာ ဖြစ်တယ်။

အခု နဝတ၊ နအဖ စစ်တပ်က ဒီလိုမဟုတ်ဘူး။ နဝတ၊ နအဖ စစ်တပ်က လူထုကိုဆန့်ကျင်တယ်၊ လူထုကို စော်ကားတယ်။ လူထုကို သတ်ဖြတ်တယ်။ တိုင်းပြည်ဆင်းရဲအောင်လုပ်တယ်။ဒါကြောင့်မို့ဒီအစိုးရဟာ အစိုးရမဟုတ်ဘူးလို့ပဲ ကျနော်တို့ခံယူတယ်။

ဗမာပြည်မှာ အုပ်ချုပ်တဲ့လူတွေဟာ တိုင်းပြည်အုပ်ချုပ်တာမဟုတ်ဘူး။ တိုင်းပြည်ကိုစော်ကားတာ။ဒါကြောင့်မို့လို့ကျနော်တို့ KNLA ကဆက်လက်တိုက်ပွဲဝင်သွားမယ်။ တော်လှန်ရေးအောင်တဲ့အထိ ဒီ မတရားတဲ့လူတွေပြုတ်ကျတဲ့အထိ ကျနော်တို့ တိုက်ပွဲဝင်သွားမယ်။

စစ်မှန်တဲ့ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျနော်တို့ကြိုးစားနေတယ်။ ကျနော်တို့ ဘယ်တော့မှ လျှော့မှာမဟုတ်ဘူး။

ကျနော်တို့ KNLA ကတော့ မလျှော့ဘူး။ ဆက်ပြီးတိုက်ပွဲဝင်သွားမယ်။ ❖

နအဖ၏ ဘုရင့်နောင်ကုန်းစခန်းအား တက်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း(၂၀၁)မှ ရဲဘော်များ

နအဖ-ခမရ(၁၀၆) စခန်းချနေထိုင်သောဘုရင့်နောင်ကုန်းစခန်းမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းမီးကျောက်များ

နအဖ-ခမရ(၁၀၆) စခန်းချနေထိုင်သောဘုရင့်နောင်ကုန်းစခန်းမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းမီးကျောက်များ

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ တိုက်ခိုက်သိမ်းပိုက်ခဲ့သော နအဖ၏ ဘုရင့်နောင်ကုန်းစခန်း

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၁၇)

မောင်းတံကို ပြောင်းဆန်အောင် ရိုက်ပစ်ကြမည့် တော်လှန်ရေးရဲဘော်များ

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ပေါ်ထွန်းရေးအတွက်
တိုက်ပွဲဝင်နေကြသည့် တပ်ပေါင်းစု တော်လှန်ရေးရဲဘော်များ

လူထုကို ကာကွယ် ရန်သူကို အမြစ်ဖြတ်
စစ်မှန်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်

ပြီးခဲ့တဲ့ ဗဟိုကော်မတီအစည်းအဝေးမှာ မ-က-ဒ-တ အဖွဲ့အစည်းအတွင်း အပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တယ်။ အထူးသဖြင့် ခေါင်းဆောင်အများစု မြန်မာပြည်တော်လှန်ရေးအတွက် ကွက်လပ်လည်းဖြစ်၊ စိတ်ပါဝင်စားစရာလည်းဖြစ်မယ့် နိုင်ငံရေးအဖွဲ့အစည်းတွေဆီ ပြောင်းလဲရပ်တည်သွားခဲ့သလို မျိုးဆက်သစ်ခေါင်းဆောင်တွေအနေနဲ့ မ-က-ဒ-တ အလံတော်ကို အမြင့်မားဆုံးလွှင့်ထူဖို့ ဆက်လက်တာဝန်ယူသွားမယ်ဆိုတာကို အခိုင်အမာပြောလိုပါတယ်။

လက်နက်ကိုင်တော်လှန်ရေးအပေါ် ကျနော်တို့ရှုမြင်ပုံက တရားအရ ပြောမယ်ဆိုရင် လက်နက်အားကိုး ဖိနှိပ်မှုတွေရှိနေသရွေ့ လက်နက်ကိုင်တော်လှန်မှုဆိုတာလည်း ဆက်ရှိနေမှာပဲ။ ဒီတရားသဘောအရ မြန်မာပြည် စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်တဲ့နေရာမှာ လက်နက်ကိုင်တော်လှန်ရေးအလံ ဆက်လက်လိုအပ်နေတယ်ဆိုတာကို မ-က-ဒ-တအနေနဲ့ အကြွင်းမဲ့ ယုံကြည်တယ်။

မ-က-ဒ-တ ဟာ ရှစ်လေးလုံး

ရဲဘော် ကျော်ကို
အထွေထွေအတွင်းရေးမှူး
(မ-က-ဒ-တ)

အရေးတော်ပုံကြီးက မွေးဖွားပေးလိုက်တဲ့ နိုင်ငံရေးအဓိပ္ပာယ်ဆောင်တဲ့ အဖွဲ့အစည်းဖြစ်သလို လက်နက်ကိုင်တော်လှန်ရေးစိတ်ဓါတ်ရှိတဲ့ လူငယ်ကျောင်းသားမျိုးဆက်တွေရဲ့ တိုက်ပွဲဝင် အလံတလက်လည်းဖြစ်တယ်။ နအဖဘက်က လက်နက်အားကိုးပြီး ဘက်ပေါင်းစုံဖိနှိပ်မှုတွေ ဆက်လက်ပြုလုပ်နေရင် လက်နက်ကိုင်တော်လှန်ရေးစိတ်ဓါတ်ဟာလည်း ဆက်လက်ရှင်သန်နေမှာပဲ။ ဒီစိတ်ဓါတ်ရှိတဲ့ ကျောင်းသားလူငယ်တွေ မ-က-ဒ-တ အလံတော်

အောက်မှာ စုစည်းကြမယ်။ အကန့်အသတ်ရှိသူတွေက စိတ်ဓါတ်ရေးရာအရ အားပေးမယ်။ ရုပ်ဝတ္ထုပစ္စည်းတွေကူညီကြမယ်။ဒီအခြေအနေတွေက အရင်ကလည်းရှိခဲ့တယ်။ နောင်လဲဆက်ရှိနေမှာပဲ။

တပ်ဦးဟာ နိုင်ငံရေးရည်မှန်းချက်ရှိတဲ့ အဖွဲ့အစည်းဖြစ်သလို ကျောင်းသားတပ်မတော်ရဲ့ စစ်ရေးအကောင်အထည်ဖော်မှု၊ အသက်သွေးချွေးပေးဆပ်မှုတွေဟာလည်း တပ်ဦးရဲ့ နိုင်ငံရေးရည်မှန်းချက်တွေအတွက်ပဲဖြစ်တယ်။တပ်ဦးနဲ့ တပ်မတော်ဟာ စတင်ဖွဲ့စည်းကတည်းက တိုက်ပွဲဝင်ခဲ့သလို အခုလည်းတိုက်ပွဲဝင်ဆဲပဲ။နောင်မှာလည်း လက်နက်ကိုင်တော်လှန်ရေးဘက်ပါ အာရုံစိုက်တဲ့ နိုင်ငံရေး စစ်ရေးလမ်းစဉ်တွေ စနစ်တကျချမှတ်ပြီး တပ်ပေါင်းစုနဲ့အတူ ဆက်လက်ရပ်တည်တိုက်ပွဲဝင်သွားမယ်ဆိုတာ သံသယပွားဖွယ်မရှိပါဘူး။

❖

တပ်မဟာ(၆)
ဒူးပလာယာခရိုင်

၃၀-၉-၂၀၀၀။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA တပ်ရင်း(၁၆)(၁၈) ပူးပေါင်းတပ်ဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ် သုံးမိုင်ခန့်တွင် စခန်းချထားသော နအဖ-ခမရ(၈၂၃)တပ်ဖွဲ့အား နံနက်ဝ၁း ၄၀ နာရီအချိန် ဝင်ရောက်တိုက်ခိုက်ရာ နအဖ-ခမရ (၈၂၃) ဘက်မှ တပ်ကြပ်(၂)ဦးအပါအဝင် စုစုပေါင်း(၅)ဦး သေဆုံးသွားကြောင်း သိရသည်။

၈-၁၀-၂၀၀၀။ KNLA တပ်ရင်း(၁၈)တပ်ဖွဲ့နှင့် နအဖ-ခမရ (၇၀၉) စစ်ကြောင်း(၂)တပ်ဖွဲ့တို့ ကော့ကရိတ်မြို့နယ် တာအုတာ နေရာတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ(၅) မိနစ်ခန့်ကြာမြင့်ခဲ့ပြီး နအဖဘက်မှ (၁)ဦး သေဆုံးခဲ့သည်။

၁၈-၁၀-၂၀၀၀။ KNLA တပ်ရင်း(၁၇) လုံခြုံရေးတပ်ဖွဲ့နှင့် ထောက်လှမ်းရေးတပ်ဖွဲ့တို့ ပူးပေါင်းပြီး နအဖ-ခမရ(၇၁၀) စစ်ကြောင်း (၁)မှူးလှထွန်းဦးစီးတပ်ဖွဲ့အား ကြာအင်းဆိပ်ကြီးမြို့နယ်၊အို့ခလိုတီရွာအနီး ၁၁း၁၅နာရီတွင် ဝင်ရောက်တိုက်ခိုက်ရာ၊နအဖ-ခမရ(၇၁၀)ဘက်မှ (၁)ဦး သေ၊(၃)ဦး ဒဏ်ရာရသွားကြောင်း သိရ သည်။

ထိုနေ့ဝ၉း၀၀ နာရီခန့်ကလည်း ကေအဲန်အဲလ်အေ တပ်ရင်း(၁၇)တပ်ခွဲ (၃)နှင့်နအဖ-ခမရ(၇၁၀) ကျော်စိန်ထက် ဦးစီးအဖွဲ့တို့ ကြာအင်းမြို့နယ် အိုဝါးနေရာတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နအဖ-ခမရ(၇၁၀)ဘက်မ ,(၁) ဦး၊(၂)ဦးဒဏ်ရာရရှိသွားသည်ဟု သိရသည်။

၁၇-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေတပ်ရင်း(၁၇)တပ်ခွဲ(၃)သည် နအဖ-ခမရ(၇၁၀) စစ်ကြောင်း(၂) သက်ထွန်းနိုင်ဦးစီးအဖွဲ့အား ကြာအင်းမြို့နယ်၊ လေးဝါးခွဲကျေးရွာအနီး ဝ၉း ၃၀နာရီခန့်က ဝင်ရောက်တိုက်ခိုက်ရာ နအဖ-ခမရ(၇၁၀)ဘက်မှ ဆက်သွယ်ရေးတပ်ကြပ်(၁)ဦးသေပြီး၊ ဒုဗိုလ် (၁) ဦး ဒဏ်ရာရရှိသွားကြောင်းသိရသည်။

၁၉-၁၀-၂၀၀၀။ နအဖ-ခမရ(၇၀၆)တပ်ဖွဲ့နှင့် ကေအဲန်အဲလ်အေတပ်ဖွဲ့တို့ ကြာအင်းမြို့နယ်မဲ့ကွာခီးနှင့်တမော့သဲရွာကြားတွင် ၁၅း၀၀နာရီအချိန် တိုက်ပွဲဖြစ်ပွားရာ မိနစ်(၃၀)ခန့်ကြာမြင့်ခဲ့ပြီး၊ နအဖ-ခမရ(၇၀၆)ဘက်မှ (၂)ဦးသေ၊(၁)ဦးဒဏ်ရာရသွားကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၁၇)

ကျောင်းသားတပ်မတော်မှ တိုက်ပွဲဝင်ရဲဘော်များ

၂၈-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၈)တပ်ဖွဲ့နှင့် နအဖ-ခလရ (၂၃၁) ငွေးဝင်းဦးစီးတပ်ဖွဲ့တို့ ကော့ကရိတ်မြို့နယ် ရွာသစ်ကုန်းကျေးရွာ လှစင်အနီး (၁၅း၄၅) နာရီခန့်က စတင်တိုက်ပွဲဖြစ်ပွားရာ (၁၀)မိနစ်ခန့်ကြာမြင့်ခဲ့ပြီး၊ နအဖ-ခလရ (၂၃၁)ဘက်မှ တပ်ကြပ်မြင့်လွင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

၂၉-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၈)တပ်ဖွဲ့နှင့် နအဖ-ခမရ (၇၁၀)တပ်ဖွဲ့ဝင်တို့ ပန့်ပူရွာနှင့် မဲ့နောင်သောင်ရွာကြားတွင် ၀၆း၁၅နာရီခန့်က တိုက်ပွဲဖြစ်ပွားရာ၊ နအဖ-ခမရ(၇၁၀)ဘက်မှ (၁)ဦးသေကြောင်းသိရသည်။

၂၁-၁၀-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ဖွဲ့ဝင်အချို့နှင့် နအဖ-ခမရ(၇၀၇)တပ်ဖွဲ့တို့ အပရိုရွာအထက် ထီးဖိုလယ်မောင်သောင်ဘေးတွင် (၁၂း၃၀)နာရီအချိန် တိုက်ပွဲဖြစ်ပွားရာ နအဖ-ခမရ(၇၀၇)ဘက်မှ (၂)ဦးသေသွားကြောင်းသိရသည်။

၃၁-၁၀-၂၀၀၀။ နအဖ-ခမရ(၇၀၈)တပ်ဖွဲ့နှင့် အေအဲန်အဲလ်အေတပ်ရင်း(၁၈)မှ တပ်ဖွဲ့ဝင်အချို့တို့ ကျိုက်သလိုက်ရွာအေးတွင် ၁၃း၃၀ နာရီအချိန်ခန့် ပြောက်ကြား တိုက်ခိုက်မှုပြုလုပ်ရာ နအဖ-ခမရ(၇၀၈)ဘက်မှ (၁)ဦးသေသွားကြောင်း သိရသည်။

၅-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေတပ်ဖွဲ့ဝင်အချို့နှင့် နအဖ-ခမရ(၇၀၇)စစ်ကြောင်း (၁)၊(၂)တို့ ထီးမထောရွာအေးတောင်ကုန်းတွင် ၀၈း၀၅နာရီအချိန် ပြောက်ကြားတိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၁)ဦးသေသွားကြောင်း သိရသည်။

၇-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၈)တပ်ဖွဲ့ဝင်များနှင့် နအဖ-ခမရ(၇၀၄)တပ်ဖွဲ့ဝင်များ (၁၇း၂၀)နာရီအချိန် သပြုရွာဘေးတွင် တိုက်ပွဲဖြစ်ပွားရာ (၁၀)မိနစ်ခန့်ကြာမြင့်ပြီး၊ နအဖ-ခမရ(၇၀၄)ဘက်မှ (၁)ဦးသေ၊ (၁)ဦးဒဏ်ရာရသွားကြောင်း၊ တိုက်ပွဲအပြီး သပြုရွာသားများပိုင် ပစ္စည်းအများအပြားကို နအဖ-ခမရ(၇၀၄)မှ အဓမ္မလုယူသွားကြောင်းသိရသည်။

၉-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၇)တပ်ခွဲ (၃)တပ်ဖွဲ့ဝင်များနှင့် နအဖ-ခမရ(၇၀၁) ဗိုလ်မျက်မှန်ဦးစီးတပ်ဖွဲ့ကို ဘုရားတောင်ရွာအနီးတွင်၂၀း၁၅ နာရီခန့်က တိုက်ပွဲဖြစ်ပွားရာ နအဖ-ခမရ(၇၁၀)ဘက်မှ (၁)ဦးသေ၊(၁)ဦးဒဏ်ရာရသွားကြောင်း သိရသည်။

၁၀-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၇)တပ်ခွဲ(၃)တပ်ဖွဲ့ဝင်များသည် နအဖ-ခမရ (၇၀၈) သက်ထွန်းဦးအောင်ဦးစီးစခန်းသို့ သွားရောက်စီးနင်းရာ နအဖဘက်မှဆုတ်ခွာသွားသဖြင့် စခန်းတွင်းရှိ ဆန်(၆)အိတ်ကိုသိမ်းဆည်းကာ၊ စခန်းအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

၁၀-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၇)တပ်ခွဲ (၃)နှင့် ထောက်လှမ်းရေးပူးပေါင်းအဖွဲ့တို့ နအဖ-ခမရ(၇၀၆)စစ်ကြောင်း (၁) ခွန်ထွန်းနိုင်ဦးစီးအဖွဲ့အား ရွာသရဲထာရွာအနီး ၁၂း၅၀အချိန် ရင်ဆိုင်တိုက်ခိုက်ရာ နအဖ-ခမရ(၇၀၆)ဘက်မှ (၁)ဦးသေပြီး (၄)ဦး ဒဏ်ရာရသွားကြောင်း သိရသည်။

၁၁-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၇)တပ်ခွဲ (၂)နှင့် နအဖ-ခမရ(၇၀၁)ဗိုလ်ဇော်မင်းထွေးဦးစီးအဖွဲ့တို့ ၀၉း၃၀ နာရီအချိန် ထီးခလယ်ရွာအထက်နားတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နအဖ-ခမရ(၇၀၁)ဘက်မှ (၂)ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ထိုနေ့ ၁၀း၃၀ နာရီခန့်ကလည်း ကေအဲန်အဲအေတပ်ဖွဲ့ဝင်များနှင့် နအဖ-ခမရ(၂၀၂)စစ်ကြောင်း (၂)တပ်ဖွဲ့တို့က ဆောဝါးတောင်ခြေတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာနအဖ-ခမရ(၂၀၂)ဘက်မှ(၃)ဦးသေပြီး၊ (၁)ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

၂၅-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၆)တပ်ဖွဲ့များနှင့် နအဖ-ခမရ(၇၀၄)တပ်ဖွဲ့များ ယာသောတာရွာလမ်းမကြီးတွင် ထိတွေ့မှုဖြစ်ရာ နအဖ-ခမရ(၇၀၄)ဘက်မှ(၃)ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

၂၇-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ရင်း(၁၈)တပ်ဖွဲ့နှင့် နအဖ-ခမရ(၅၄၆) ဗိုလ်မြင့်ကြည်ဦးစီးတပ်ဖွဲ့တို့ ကဝဲကရော့ဒူးရွာဘေးတွင် ၁၂း၁၅မိနစ်အချိန် ပြောက်ကြားတိုက်ပွဲဖြစ်ပွားရာ (၁၅)မိနစ်ခန့်ကြာမြင့်ပြီး တပ်ကြပ်ကြီး (၁)ဦးသေဆုံး၊ တပ်ကြပ် (၂)ဦးဒဏ်ရာရ၊ အမ် (၇၀)ကျည် (၁) လုံး သိမ်းဆည်းရမိကြောင်းသိရသည်။

၂၈-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေတပ်ဖွဲ့ဝင်တို့နှင့် နအဖတပ်ဖွဲ့ဝင်များ လူခိုထာနေရာတွင်၀၉း၄၀ မိနစ်အချိန် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ(၆)ဦးသေ၊(၅)ဦး ဒဏ်ရာရသွားပြီး၊ အမ်(၁၆)မောင်းပြန်ရိုင်ဖယ် (၁)လက်၊ ယင်းကျည်ကပ်(၃)ခု၊ ကျည် (၁၀၀)တောင့်၊အေကေ မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ယင်းကျည်ကပ်(၃)ခု၊ ကျည်(၁၀၀)တောင့် သိမ်းဆည်းရမိကြောင်း၊ထိုနေ့နံနက် ၀၆း၀၀နာရီအချိန်ကလည်း ကေအဲန်အဲလ်အေ တပ်ရင်း (၁၈) တပ်ဖွဲ့ဝင်များနှင့် နအဖ-ခမရ (၇၀၃)တပ်ဖွဲ့ဝင်တို့ ထီးဖိုးသန်ရွာအေး၊ နို့ဖိုးလမ်းမပေါ်တွင် ပြောက်ကြားတိုက်ပွဲဖြစ်ပွားရာ (၅)မိနစ်ခန့် ကြာမြင့်ပြီး၊ နအဖ-ခမရ(၇၀၃)ဘက်မှ(၁)ဦး သေသွားကြောင်း သိရသည်။

၂၉-၁၁-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ဖွဲ့ဝင်များနှင့် နအဖ-ခမရ(၂၀၂)နှင့် ဒီကေဘီအေ ပူးပေါင်းအဖွဲ့တို့ လူခိုးနေရာတွင် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရာ ဒီကေဘီအေ(၄)ဦးသေ၊ (၅)ဦးဒဏ်ရာရ၊ နအဖ-ခမရ (၂၀၂)မှ တပ်ကြပ်ကြီး (၁)ဦး ဒဏ်ရာရပြီး၊ ဒီကေဘီအေကား(၁)စီး ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

၂-၁၂-၂၀၀၀။ ကေအဲန်အဲလ်အေ တပ်ဖွဲ့ဝင်များက နအဖ-ခမရ(၇၁၀)စစ်ကြောင်း(၂)အား ၁၀း၃၃မိနစ်အချိန် သပြုနှင့် ထီးတာတောင်ကြားတွင် ကြားဖြတ်တိုက်ခိုက်ရာ နအဖ-ခမရ(၇၁၀)ဘက်မှ အလောင်း(၃)လောင်းကျန်ရစ်ပြီး (၃)ဦးဒဏ်ရာရရှိသွားသည်။ ထို့ပြင် ဂျီ-၄(၁)လက်၊ ဂျီ-၃(၁)လက်၊ ကာဘိုင်(၁)လက်၊ ဂျီ-၃ကြည်ကပ်(၉)ခုနှင့် ကျည်ဆံ(၃၅၀)တောင့်၊ ကာဘိုင်ကျည်ကပ်(၈)ခုနှင့် ကျည်ဆံ(၁၅၀)တောင့်၊လက်ပစ်ဗုံး (၅)လုံး၊သံလိုက်အိမ်မြှောင်(၁)ခု၊နာရီ (၁)လုံး၊ ပုခုံးသိုင်းကြိုး(၃)စုံ၊ ကျောပိုးအိတ်(၃)လုံး၊ ဟန်းကော(၁)လုံးတို့လည်း သိမ်းပိုက်ရမိကြောင်း သိရသည်။ ❖

ချက်သူရဲကောင်းရဲ့ မှတ်တမ်းနီ

ဂျူးလီးယက်ဖူးချစ်ရဲ့
ကြိုးစင်ပေါ်ကမှတ်တမ်းဟာ
ငါ့သမ္မာကျမ်းစာ ။

လျှို့ဝှက်ရေးကို
မျက်လုံးအိမ်သဖွယ်
ထိန်းသိမ်းကြ
လူတိုင်းလူတိုင်း
ကိုယ့်သမိုင်းကိုယ်ရေးကြ
ဘ၀ဆိုတာတိုတိုလေး---

ရန်သူ့စစ်ကြောရေးမှာ
ညှဥ်းပမ်းသွေးဆောင်
သေအောင်ထုထောင်း
အသက်တောင်းပုံ အလုံးစုံကို
စာလုံးပေါင်းသွား---

ရက်စက်ကြမ်းတမ်းတဲ့
နာဇီငရဲခန်းမှာ
သူ့ကိုယ်သူချီးမွမ်းခဲ့
သန်လိုက်တဲ့မြင်း
အာဂမြင်းလို့
ဂုဏ်ယူဝင်းပသွား
ဆရာဝန် ဆဲလ်တစ်ခုလုံး
အဖမ်းခံရတာဟာ
သစ္စာဖေါက် မီးရက်ကြောင့်ပဲ။

တော်လှန်ရေးမှာ
ထာ၀ရစိတ်ချယုံကြည်ရတာမရှိ
သံမဏိသားကျတယ်ထင်ခဲ့တဲ့
ပြင်သစ်စစ်သားဟောင်း
မီးရက်အကြောင်း
ကောင်းကောင်းရှုတ်ချထား။

ယဲလီနက်တို့ဇနီးမောင်နှံရဲ့
တော်လှန်ရေးအရေးအပေါ်သစ္စာရှိမှု
ချီးကျူးဂုဏ်ပြုထား ။

သူ့ချစ်သူ
ဇမ္ဗူရာဇ်ရွှေစင်ညှာ
ဂုစတီနာရဲ့
တော်လှန်တဲ့ရုပ်ပုံလွှာ
အချစ်များစွာ
ရင်နင့်စွာဖြင့် တမ်းတသွား ။

ထောင်ဝန်ထမ်းတွေအပေါ်
လူတန်းစားခွဲခြမ်းစိတ်ဖြာမှု
လူရုပ်သွင်နဲ့ လူ့ရုပ်တု
လှပစွာ အနုအရင့်
ထုဆစ်ခြယ်မှုန်းသွား ။

လူအပေါင်းတို့
ခင်ဗျားတို့ကို
ကျွန်တော်ချစ်တယ်
နိုးနိုးကြားကြား ရှိကြလော့။

မနက်ဖြန်မနက်
ကြိုးစင်ပေါ် မတက်မီ
နောက်ဆုံးစာတပိုဒ်
နောက်ဆုံးရှိုက်သံ
ချက် သူရဲကောင်းရဲ့ ရင်နင့်သံ
ငါခံစားမိ ကြားယောင်မိ။

လူအပေါင်းတို့
ခင်ဗျားတို့ကို ကျွန်တော်ချစ်တယ်
နိုးနိုးကြားကြား ရှိကြလော့

သူ့စာမျက်နှာများ
ကမ္ဘာတလွှား ဥဒါန်းတည်
မဟာ မှတ်တမ်းနီပေတကား။

မြတ်ထွန်း

★★★★★